www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်မြှားရှင်

# ဝှက်ဖဲလေးတွေကိုယ်စီကိုယ်စီ

BURMESE CLASSIC .com

L O V E

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ချစ်မျိုးရှင်

BURMESE CLASSIC .com

# ဝက်ဖဲလေးတွေ ကိုယ်စီကိုယ်စီ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ♦ ဦးကျော့ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် ၁၇၉၊ ၃၁ လမ်း၊ ၁၁ ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
နိုဝင်ဘာလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဗိုးလပြည့်စာပေ
အမှတ် (၂၃၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ 095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ချစ်မျှားရှင်

ဝှက်ဖဲလေးတွေ ကိုယ်စီကိုယ်စီ/ ချစ်မျှားရှင်။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။

၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။

(၁) ဝှက်ဖဲလေးတွေ ကိုယ်စီကိုယ်စီ


BURMESE CLASSIC .com

'ဖြန်း'

ဆိုင်အတွင်းရှိ စားပွဲထိုးများ၏ အသံ၊ စားသောက်နေကြသူများ၏ စကားပြောသံများကို ကျော်လွှန်ပြီး ပီပြင်အောင်မြင်သည့် အသံတစ်သံကို ကြားလိုက်ရသဖြင့် ဆိုင်အတွင်းရှိ လူအားလုံးတို့အသံထွက်ပေါ်လာသည့် နေရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။ သူတို့ မြင်တွေ့လိုက်ရသည်မှာ...

စားပွဲခုံတစ်ခုအလယ်တွင် ခြားလျက် မျက်နှာချင်းဆိုင်ရပ်နေကြသော ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်၊ သူတို့ကြည့်နေစဉ်မှာပင် တင်းမာခက်ထန်သည့်မျက်နှာနှင့် ကောင်မလေးက ကောင်လေးမျက်နှာကို စူးခနဲတစ်ချက်စိုက်ကြည့်ပြီး ဆိုင်ထဲမှ ထွက်ခွာသွားသည်။ မျက်နှာပေလေးဖြင့် ရပ်နေသည့် ကောင်လေးက သူ၏ပါးကို တစ်ချက်၊ နှစ်ချက်ပွတ်လိုက်ကာ စပ်စုသည့်မျက်လုံးများဖြင့် ဝိုင်းကြည့်နေကြသည့် ဆိုင်တွင်းရှိလူအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ ထိုင်ချလိုက်သည်။ သူ၏မျက်နှာပေါ်တွင်တော့ အရိုက်ခံရသည့်အတွက်လား၊ ရှက်သွားသည့်အတွက်ကြောင့်လားတော့ မသိ အနီရောင်သန်းနေသည်။

ထိုအချိန်ကျမှ ခဏတာတိတ်ဆိတ်ငြိမ်သက်နေသည့် ဆိုင်အတွင်းတွင် ဇွန်းသံ၊ ပန်းကန်သံများနှင့်အတူ ဝေဖန်သံများနှင့် ပြန်လည်အသက်ဝင်လာသည်။ ခပ်လှမ်းလှမ်းရှိ ဝိုင်းတစ်ခုမှ...

'ဘာဖြစ်တာလဲ မသိဘူးနော်'

'မင်းမတွေ့ဘူးလား၊ ကောင်လေး ပါးပွတ်ပြီးကျန်နေတာ'

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အောင်လိုက်တဲ့အသံကွာ၊ မြိန်စရာကြီးနော်'

'အေး… မိုက်တီးရဲ့ ရိုက်ချက်ပြင်းတယ်ဆိုတာ ဒါမျိုးကိုပြောတာဖြစ်မှာ'

'အေးလေ… ဒီကောင်ကလည်း ကောင်မလေးကို ဘာသွားလုပ်လဲမှ မသိတာ'

'ဓာတ်လမ်းအသစ်လား၊ အကြွေးဟောင်းဆပ်တာလား မသိဘူးနော်'

'သိချင်ရင် ကိုယ်တိုင်သွားစပ်စုလေ'

'စပ်စုစရာလားကွာ၊ ဒီလိုကောင်မျိုး သနားစရာအကာန့် လုံးဝမရှိဘူး'

'ဘာပဲဖြစ်ဖြစ်ကွာ၊ ငါကတော့ ကောင်မလေးကိုပဲ သနားနေတယ်၊ ဒီကောင်မလေး လူမြင်ကွယ်ရာကျရင် ငိုနေမှာကွ'

'ဟင်း… မင်း သနားပုံကြီးကလည်း…'

ကောင်လေးကတော့ ဝေဖန်သံ၊ ပုတ်ခတ်သံအားလုံးကို မကြားယောင်ဆောင်၍ ငုတ်တုတ်ဆက်ထိုင်နေသည်။ ထိုအခိုက်…

'ဝိုး… ဝါး… ဟား… ဟား… ဝိုး… ဝါး… ဟား… ဟား…'

'ဟဲ့… ပလုတ်တုတ်'

ကောင်လေးထိုင်နေသည့်ဝိုင်းမှ ရယ်သံကြီး ရုတ်တရက်ပေါ်လာသဖြင့် ကောင်လေးကို ထိုင်ခုံမြင့်ပေါ်မှ လှမ်းငေးနေသည့် ဆိုင်ရှင်အပျိုကြီးထံမှ လန့်ဖျပ်ယောင်ယမ်းသံထွက်ပေါ်လာသည်။ အပျိုကြီးရင်ဘတ်ကို ဖိလိုက်ရသလို ဆိုင်တွင်းရှိ စားသောက်နေသူများလည်း အစားအသောက်နင်ကုန်ကြသည်။

'ဟဲလို'

ကောင်လေးက စားပွဲပေါ်တင်ထားသည့် သူ့ဟမ်းဖုန်းကို ဖွင့်လိုက်မှပဲ ရယ်သံကြီးတိတ်သွားတော့သည်။ ဒီတော့မှ စောစောကရယ်သံကြီး





မှာ Phone Ring Tone မှန်းသိကာ အပျိုကြီးနှင့်တကွ စပ်စုနေသူအားလုံး မျက်နှာပြုံးဖြီးဖြီးတွေ ဖြစ်ကုန်ကြသည်။ အချင်းချင်း ရှက်ရယ်ရယ်ပြလိုက်ကြသော်လည်း သူတို့၏အာရုံကတော့ ကောင်လေးထံမှမခွာဘဲ ဆက်လက်စပ်စုကြသည်။

'ကောင်းပါပြီ၊ စောင့်နေပါ့မယ်'

ကောင်လေးက တစ်ဖက်မှစကားကို တော်တော်ကြာကြာ နားထောင်နေပြီးမှ စကားတစ်ခွန်းသာပြန်ပြောကာ ဖုန်းကို ပိတ်လိုက်သည်။

ပြီး သက်မမောတစ်ခုကို ချကာ ဖုန်းကို စားပွဲပေါ်ပြန်တင်လိုက်သည်။ စပ်စုနေသူအားလုံးလည်း ကိုယ့်အစားအသောက်ကိုစားရင်း ကောင်လေးနှင့်အတူ စောင့်ကြသည်။

မိနစ်နှစ်ဆယ်ခန့်အကြာတွင် ကားတစ်စီး ဆိုင်ရှေ့တွင် ရပ်လာပြီး ဆံပင်ရှည်ရှည်နှင့် ကောင်မလေးတစ်ယောက် ကားပေါ်မှဆင်းလာသည်။ ဒေါ်မာန်ပါပါနှင့် ကောင်မလေးဆီသို့ လျှောက်လှမ်းသွားရာ ဆံပင်ရှည်ကြီးတယမ်းယမ်းနှင့်အတူ လှုပ်ယမ်းခါသွားသည့် ဂုဏ္ဍိယအလှကို တစ်ဆိုင်လုံးရှိ လှမ်းကြည့်နေသူအားလုံး ရှုမြင်ကြရသည်။ ကောင်မလေး၏ နောက်ပိုင်းရပ်ဝန်းကို ရှုစားခွင့်ရကြသူပုရိသအပေါင်းမှာတော့ တံတွေးမျိုချရင်း ခံစားသွားကြရသည်။ ကောင်မလေးက နုသစ်သည်။ ဖူးရွသည်။ လှယဉ်ကျေးမယ်တစ်ယောက် Body Structure မျိုး ကိုလည်း ပိုင်ဆိုင်သည်။ ပြီးတော့… လမ်းလျှောက်ရာမှာလည်း အရမ်းကို ကန့်ကလျနိုင်လွန်းလှသည်ဆိုတော့…

မတ်တတ်ရပ်စောင့်ကြိုနေသည့် ကောင်လေးရှေ့ကိုရောက်မှ ရပ်ပြီး ကောင်လေးမျက်နှာကို စာဖတ်သလိုမျိုး တော်တော်ကြာသည်အထိ ကြည့်နေသည်။ ပြီးမှ…

'နင်… ငါ့ကို လိမ်တယ်'

ကောင်လေးက ဘာမျှပြန်မပြောသော်လည်း ကောင်မလေး[illegible] နားလည်နေဟန်နှင့်။ ထို့ပြင်… ပျောက်သွားတော့မည့်ပုံစံနှင့် ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


ဝိုင်းစပ်စုနေသူများကတော့ ကောင်လေးက ကောင်မလေးကို ဘယ်လိုလိမ်ပါလိမ့်။ နားရွက်ကိုပဲ လိမ်သလား။ ဗိုက်ခေါက်ကိုတော့ လိမ်မှာမဟုတ် စသည်ဖြင့် ကြံဖန်အတွေးပွားနေကြသည်။ သူတို့တွေး ကောင်းနေတုန်းမှာပဲ···

'ဖြန်း'

ပထမထွက်ပေါ်လာခဲ့သည့်အသံနည်းတူ အောင်မြင်သည့် အသံတစ်သံကို ပယ်ပယ်နယ်နယ်ကြီး ကြားလိုက်ကြရပြန်သည်။

ကောင်လေးက ကောင်မလေးကို မပီပြင်သည့်အပြုံးနှင့် ငေးကြည့်နေစဉ်မှာပင် ကောင်မလေး ညာဘက်မျက်ဝန်းမှ မျက်ရည်တစ်စက် ဖျတ်ခနဲခုန်ဆင်းလာသည်။ ပြီး··· ချာခနဲလှည့်ကာ ဆိုင်ထဲမှ ပြေးထွက်သွားသည်။

'ရုပ်နုလေးနဲ့မလိုက်အောင် လက်သံပြောင်လိုက်တာကွာ'

'အဲဒါပြောတာပေါ့ကွ၊ ရုပ်နွဲ့လေးနဲ့ ကြမ်းသွားတယ်ဆိုတာ'

ဆိုင်ထဲက ဝေဖန်သံများကို မကြားယောင်ဆောင်ပြီး ကောင်လေး ပြန်ထိုင်သွားသည်။ ခဏတာတွေပြီး စဉ်းစားနေသေးသည်။ ပြီးမှ မျက်နှာက ပီပီပြင်ပြင်အပြုံးပေါ်လာသည်။

လေ့လာအကဲခတ်နေသူများမှာတော့ ဒုတိယအကြိမ် ပါးအရိုက်ခံရပြီးတော့မှပဲ ကိုယ့်လူရဲ့အပြုံးက ပီပြင်လာသည်ဆိုတော့ ဘာလဲပေါ့။ နောက်ထပ်ရိုက်ဖို့ ကောင်မလေးတစ်ယောက် ထပ်ပေါ်လာဦးမှာလား။ အရိုက်ထပ်ခံရရင် ဒီကောင်လေး ခုနကလို ပြုံးနိုင်ပါတော့မလား။ ပါးပဲ ရွဲ့သွားမလား စသည်ဖြင့် တွေးနေကြရင်း နောက်ထပ်ပေါ်လာမည့် ကောင်မလေးတစ်ယောက်ကို မျှော်နေကြတော့သည်။ ဒီလိုနှင့်ပဲ တော်တော်ကြာသည်အထိ ဆိုင်ထဲတွင် တိတ်ဆိတ်နေတော့သည်။

❒



## အခန်း (၁)

မိုးလွင်ပြင်၏မျက်နှာက စိတ်ထဲမှာ အပျော်လွန်နေတာကို မျက်နှာပြင်မှာ မပေါ်အောင် တော်တော်ကြိုးစားဖုံးဖိနေသည့်မျက်နှာပေးမျိုး ဖြစ်နေသည်။ လူက လေထဲကို မြောက်ချင်ချင်ဖြစ်နေပေမယ့် သူ့ရှေ့တွင် ထိုင်နေသည့် ကောင်မလေးကို ဣန္ဒြေရရ တစ်ချက်ပြုံးပြလိုက်သည်။

'ကိုမိုးလွင်ပြင်ကဗျာတွေကို မေမိုး တအားကြိုက်တာပဲ'

'မေမိုးဆိုတာက'

'ဩော်··· အစ်ကို့ရှေ့မှာထိုင်နေတဲ့ ကျွန်မနာမည်က မေမိုးသူပါတဲ့ရှင်'

'ညီမနာမည်က ကိုယ့်နာမည်နဲ့ ဆင်တူသလိုပဲနော်'

'ဟုတ်တယ်နော်၊ အဟင်း··· ဟင်း···'

ကောင်မလေးက ရှက်တက်တက်လေးပြုံးပြီး ခေါင်းပြန်ငုံ့သွားသည်။ မိုးလွင်ပြင်အတွက်တော့ ချစ်စဖွယ်အမူအရာလေးမို့ ရင်ခုန်သံမြန်သွားရပြန်သည်။

မိုးလွင်ပြင်၊ ညီသစ်ဆုးနှင့် ကျော်ဝင်းမော်တို့ သုံးယောက်ပေါင်းပြီး ကဗျာစာအုပ်လေးများ ထုတ်ကြသည်။ ပြီး··· ကိုယ်တိုင်ပဲ လိုက်ရောင်းကြသည်။ ယခုလိုခေတ်ကြီးတွင် စားဝတ်နေရေးအတွက်ကိုပင် အသည်းအသန်ကြိုးပမ်းနေကြရရာ အနုအလှ၊ သမုဒယကဗျာစာသားလေးများဖတ်ပြီး


www.burmeseclassic.com

www.burmeseclassic.com



ခံစားစိတ်ကူးယဉ်မည့်သူက ရှားပါးသွားသည်။ တော်တော့်ကို ဝါသနာကြီးသည့်သူများမှသာ။ ပြီးတော့ သူတို့သုံးယောက်နှင့် လွန်စွာရင်းနှီးသည့် ကဗျာဝါသနာရှင်များမှသာ ကဗျာစာအုပ်ကို ဝယ်ကြသည်။ ထို့ကြောင့် လူစည်ကားသည့် ကင်န်တင်းကဲ့သို့နေရာများတွင် မျက်နှာအိုကလေးတွေဖြင့် တွန်းတွန်းထိုးထိုးလိုက်ရောင်းကြရသည်။

တချို့လူတွေက အားနာပါးနာကြောင့်လား မသိ။ ဝယ်တော့ဝယ်၏။ ပြီးနောက် သူတို့ရှေ့တွင် အော်ကျယ်ဟစ်ကျယ်ဖတ်ပြီး ပေါ်တင်လှောင်ပြောင်ရယ်မောကြသည်။ သူတို့သုံးယောက်မှာတော့ စာအုပ်ထုတ်ထားသည့် ကုန်ကျစရိတ်လေးပြန်ရရေးအတွက် အမြင့်ဆုံးသည်းခံခြင်းတရားကို လက်ကိုင်ထားကြရသည်။

စိတ်မောလူမောဖြင့် ကင်န်တင်းရှိ စားပွဲတစ်ခုတွင် သူတို့အုပ်စုခေတ္တထိုင်နားနေစဉ် ခပ်လန်းလန်းစတိုင်နှင့် ကဗျာရူးမလေးတစ်ယောက်က လာရောက်မိတ်ဆက်လေသည်။ မေမိုးသူဟုခေါ်သော ကဗျာရူးမလေးက မိုးလွင်၏ ကဗျာများကိုသာ တအားကြိုက်သည်ဆိုတော့ တစ်ဝိုင်းတည်းထိုင်နေကြသည့် ညီသစ်ဆူးနှင့် ကျော်ဝင်းမော်တို့နှစ်ယောက် မျက်နှာကြီးတွေ အီးမှန်သည့်ပုံဖြစ်ကာ ဘာစကားတွေမှန်းမသိ အသံတိတ် ပွစိပွစိရေရွတ်၍ တစ်ဖက်ဝိုင်းသို့ ပြောင်းထိုင်ကြသည်။

မေမိုးသူကတော့ သတိမထားမိဘဲ အပြုံးချိုချိုလေးနှင့် ဆက်ပြောသည်။

'ဟိုကဗျာလေးဆို မိုးသူ အရမ်းကြိုက်တာ'

'ဘယ်ကဗျာလဲ'

'အလွမ်း'

'သြော်… အဲဒီကဗျာလေးက တိုပါတယ်'

မေမိုးသူမျက်နှာက ရှက်သလိုလို မျက်နှာပေးကို ပြောင်းသွားပေမယ့် မိုးလွင်ပြင်ရဲ့ မြောက်ကြွကြွမြောက်ကြွမျက်နှာပေးကတော့ ခွာချမရသေး။ တစ်ဖက်ဝိုင်းမှ ငတိနှစ်ယောက်က သူတို့နှစ်ယောက်ကို မကြည့်ကြည့်ကြည့်ပြီး သူ့ကိုတော့ ကျိတ်ဆဲနေကြသည်။

'အဲဒီကဗျာလေးကို ကိုမိုးလွင်ပြင် ရွတ်ပြနော်'

ဖိုးလပြည့်စာပေ



ကောင်မလေးရဲ့ ပြောဟန်လေးကို ခံစားရင်း မိုးလွင်ပြင်က…

'ဟိုလေ… နာမည်ခေါ်ရတာ တိုလည်း တို၊ နားထောင်လို့လည်း အဆင်ပြေအောင် ကိုမိုးလို့ခေါ်ပါလား'

'ဟုတ်'

'ဘာကိုမိုးလဲ၊ ငမိုးက ငမိုးပဲပေါ့'

တစ်ဖက်ဝိုင်းက ညီသစ်ဆူးရဲ့အောက်ကလိအသံကို မကြားယောင်ဆောင်ပြီး မိုးလွင်ပြင်က ကဗျာရွတ်ဆိုရန် ပြင်သည်။

'အဟမ်း… အလွမ်း'

'ဟို… ဟိုလေ ကိုမိုးက ကဗျာနာမည်ကို ပြောင်းလိုက်တာလား၊ ဟင်'

'အိုးဟိုး… ငါ့ညီမကလည်း နောက်တတ်သကိုးကွယ့်'

'ဟုတ်… မသိလို့ပါနော်'

'ဘောတွေကျနေတာ… ကျနေတာ၊ ပါးစပ်ကြီးလည်း နားရွက်တက်ချိတ်နေဦးမယ်'

ကျော်ဝင်းမော်ရဲ့ ဝင်ဖောက်သံက မျက်နှာရူးဖြစ်နေသည့် မိုးလွင်ပြင်ကို ဘယ်လိုမှ ထိခိုက်မှုမဖြစ်စေခဲ့။ ကဗျာစာသားကို ဆက်ရွတ်သည်။

အလွမ်း

အခေါ်လွယ်ပေမယ့်
တကယ်ခံရခက်သည်
အကြားကောင်းပေမယ့်
အသိနှောင်းမှ ခံစားရသည်။
အတွေးရင့်ပေမယ့်
အလွမ်းသင့်သူဆိုတာ
ရင်ထဲမှာ အလျှံတညီးညီးနဲ့
ငရဲမီးလိုပဲ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးလွင်ပြင်က မိန့်မိန့်ကြီးရွှတ်ပြသည်ကို မေမိုးသူက မျက်လွှာလေးချပြီး တည်တည်လေး နားထောင်နေသည်။ ကဗျာဆုံးသွားမှ ကောင်မလေးက မျက်လုံးလေးလှန်ကြည့်ရင်း…

'ကောင်းတယ်နော်'

'ဘာလဲ၊ ညီမမှာလည်း လွမ်းစရာလေးတွေနဲ့လား'

'အဟင်း… ဟုတ်ပါဘူးနော်'

ရှက်ပြုံးလေးနှင့် တုံ့ပြန်သည့် မေမိုးသူရဲ့ အမူအရာလေးကို မိုးလွင်ပြင်ရင်ထဲ သိမ်းဆည်းထားလိုက်ပြန်သည်။ ပြီးမှ သတိရသွားပြီး…

'ဒါနဲ့ ကိုယ့်သူငယ်ချင်းနှစ်ယောက်ရဲ့ ကဗျာတွေလည်း ကောင်းပါတယ်ကွ၊ ကလောင်အမည်နဲ့ လူနာမည်တွေက အတူတူပဲလေ'

'သြော်… ဟုတ်၊ ဟို… ကိုမိုးတို့က ကဗျာရေးတာ ကြာပြီလားဟင်'

'ကြာပြီပေါ့၊ ပြောရမယ်ဆိုရင် ကိုယ်တို့သုံးယောက်က သူငယ်တန်းကတည်းက တတွဲတွဲနဲ့ ကဗျာရေးလာကြတာ အခုချိန်ထိပဲ'

'ရှန်'

ကောင်မလေးခမျာ အံ့သြတကြီးနှင့် ပါးစပ်လေး ပြသွားရှာသည်။ ထိုအခါမှ မိုးလွင်ပြင် သူ့ရဲ့အရှိန်ကို ဘရိတ်နင်းပြီး ဟီးခနဲ ရယ်ပြသည်။

'သြော်…. ကြာပြီဆိုတဲ့အကြောင်း တင်စားပြောလိုက်တာပါ၊ ငယ်စဉ်တကည်းက အခုချိန်ထိ ဝါသနာနဲ့ ဇွဲကိုမလျှော့ဘဲ ကြိုးစားရေးဖွဲ့နေတဲ့အကြောင်း အဟဲ… အဲဒါကိုဆိုလိုတာ၊ ဒါပေမဲ့နော် လာမိတ်ဆက်တဲ့ပရိသတ်ဆိုလို့ အခုချိန်ထိ ညီမတစ်ယောက်ပဲ ရှိသေးတယ်'

'အဟုတ်ကြီး'

'တကယ်ပြောတာပါ၊ သူတစ်ယောက်တည်းပေမယ့် အမာခံပရိသတ်လို့ ယူဆလိုက်မယ်နော်'





'ဟုတ်ကဲ့ပါ၊ ဘာပဲဖြစ်ဖြစ် ဆက်ကြိုးစားပါ၊ မေမိုးတို့က အားပေးနေမှာပါ'

'ဟင်… မေမိုးတို့ဆိုတာက'

'မေမိုးသူငယ်ချင်းတွေလည်း ကဗျာဖတ်ကြပါတယ်၊ အခုတော့ သူတို့မပါဘူး၊ နောက်နေ့မှ မိတ်ဆက်ပေးမယ်နော်၊ ဒါနဲ့ ကိုမိုးတို့သုံးယောက်စလုံး မြန်မာစာကပဲလား'

'ဟုတ်တယ်၊ ညီမကရော'

'မေမိုးတို့က အင်္ဂလိပ်စာကပါ'

မိုးလွင်ပြင် တစ်ချက်တွန့်သွားသည်။ ဒါပေမဲ့ ခဏတာပါ။ မိုးလွင်ပြင်သည် မိုးလွင်ပြင်ဖြစ်ခြင်းကြောင့်။

'သြော်… ဘာသာတွဲမတူပေမယ့် လက်တွဲလို့ရပါတယ်၊ ဟိုလေ ဘာသာချင်းဖလှယ်လို့ရတာပေါ့၊ အင်္ဂလိပ်စာ အင်္ဂလိပ်စကားဆိုတော့ ကမ္ဘာသုံးဘာသာလိုဖြစ်နေတော့ ကိုယ်တို့လည်း လေ့လာသင့်တာပေါ့၊ နောက်ပြီး မေမိုးတို့လည်း မြန်မာပီပီ မြန်မာဘာသာကို လေ့လာသင့်တာပဲလေ။ ဟဲ… ဟဲ… ဟုတ်ဘူးလား'

ဇွတ်အတင်းဆွဲစေ့နေသဖြင့် ကောင်မလေးက ပြုံးကြောင်ကြောင်လေး ပြန်ကြည့်နေသော်လည်း ညီသစ်ဆူးက မကြားတကြားဝင်လောင်သည်။

'ဘာဆိုဘာမှမဆိုင်တာကို အတင်းလိုက်ကပ်ချင်နေတယ်၊ ရည်းစားတစ်ယောက် အသည်းအသန်လိုချင်နေတာ သိသာလိုက်တာကွာ'

မိုးလွင်ပြင်က မကြားယောင်ဆောင်ပြီး သူ့ကိုယ်သူ ညှို့မျက်ဝန်းဟုထင်သည့် မျက်ပြူးကြီးဖြင့် မေမိုးသူကို အပီအပြင်ရှိုးသည်။ မေမိုးသူက မျက်လွှာချသွားပြီး…

'ဟွန်း… ကဗျာဆရာလို့ မပြောရဘူး၊ အပြောတော်တော်ကောင်းတယ်'

'ဟဲ… ဟဲ… ဟဲ'



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်လေဟပ်ပြီး မိုးလွင်ပြင်မျက်နှာကြီး ဖြီးကာ ဖျက်ဖျတ်လူး သွားတော့သည်။

'အပြောကောင်းသလို အသောက်လည်း ကောင်းမှာပေါ့'

'အင်'

အီလည်လည် သူ့ရုပ်ကြီးကိုကြည့်ပြီး မေမိုးသူ ရယ်တော့ သည်။

'တစ်ခါတလေပါကွာ၊ ပျော်တဲ့အခါတို့၊ ပြီးတော့ စိတ်ညစ်တဲ့ အခါတို့လောက်ပါ'

'ဩော်... စာရေးဆရာ၊ ကဗျာဆရာတော်တော်များများက အသောက်သမားတွေဆိုလို့ပါ'

'အဲဒီအဆင့်ရောက်ဖို့ မလွယ်ပါဘူးကွာ'

'အဲဒါ ကောင်းတယ် သိလား၊ အကောင်းဆုံးက လုံးဝမသောက် လေ ကောင်းလေပဲ'

အပြင်မှာ ဟန်ဆောင်ပြုံးပြပေမယ့် မိုးလွင်ပြင် စိတ်ထဲမှာတော့ မဲ့သွားတော့သည်။ ဘာမှတောင် မဘာရသေးဘဲနဲ့ အချုပ်ဇယားက လာပြီ လေ။ တကယ်များပတ်သက်ပြီးရင်တော့ လက်လှုပ်ခြေလှုပ်တောင် ခွင့် တောင်းရမလားမသိလို့ တွေးနေတော့သည်။ ဒါပေမဲ့ သူကိုယ်တိုင်က အတင်းကာရောကို ပတ်သက်ချင်နေပြီလေ။ ကိုယ့်ကိုချစ်လို့ ချုပ်ချယ်တာ ဟု သဘောထားကာ ဒီကောင်မလေးနှင့်ပတ်သက်အောင် ဘယ်လိုလုပ် ရမလဲ ကြံစည်နေသည်။ သူ့အကြံတစ်ဝက်တစ်ပျက်မှာပဲ...

'မေမိုး လာတာလည်း ကြာပြီဆိုတော့ ပြန်လိုက်ပါဦးမယ်'

'ဩော်... အင်း... နောက်နေ့မှပဲ မေမိုးတို့ဘက်ကိုလာလည် မယ်၊ မသိချင်ယောင်မဆောင်နဲ့နော်'

'အဲလိုလုပ်စရာလား...လို့'

'နောက်ပြီး... မေမိုးရဲ့ သက်ဆိုင်သူကိုလည်း အသိပေး ထားဦး'





မိုးလွင်ပြင်က လမ်းကြောင်းကို သိသိသာသာကြီးပြီးရှင်းတာကို မေမိုးသူက မသိမသာပြုံး မျက်လွှာလေးချကာ...

'မေမိုးတို့က ကျောင်းစာကိုပဲ စိတ်ဝင်စားတာပါနော်'

မေမိုးသူစကားကြောင့် ပြေးလမ်းပိတ်သွားသည့် မိုးလွင်ပြင် တစ်ယောက် မေမိုးသူ စကားဆက်လာမှပဲ...

'ဒါပေမဲ့ ကိုမိုးတော့ လာဖြစ်အောင်လာခဲ့ပါ'

'ဟာ... လာမှာ၊ လာမှာ၊ အဲဒါတော့ စိတ်မပူနဲ့'

'အဟင်း... သွားပြီနော်'

မခို့တရို့လေးပြုံးပြကာ ကျောခိုင်းထွက်ခွာသွားသည်။ မေမိုးသူ ကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ မိုးလွင်ပြင် ငေးနေသည်။

'အဲဒီမှာသွားတွေ့တာပဲ ငညို့ရ'

'ဘာလဲ မခိုင်နဲ့ ခုတ်တိုင်လား'

'မဟုတ်ဘူး၊ ငမိုးအောက်သွားနဲ့ ကောင်မလေးစကတ်အောက် မှား'

ကျော်ဝင်းမော်နှင့် နေသစ်ဆူးက တစ်ဖက်ဝိုင်းမှ ပြန်ကူးလာပြီး သူကို နှိပ်ကွပ်နေကြသည်။ သူက မကြားယောင်ဆောင်ပြီး အမွေးတစ်ပင် မှမရှိသည့် မေးစေ့ကိုပွတ်ရင်း မိန့်မိန့်ကြီးပြုံးနေသည်။ ပြီးမှ...

'သွားမယ်၊ နက်ဖြန်ကျရင်တော့ အီးမေဂျာဘက် သွားကိုသွား ရမယ်'

'သွားလေ၊ မင်းကို ကြောင်ကြီးမှန်း ကောင်မလေးက သိနေတာပဲ'

'အေးလေ... မျက်စိလည်လမ်းမှားပြီး လာမိတ်ဆက်တဲ့သူကို ပေါ်တင်ကြီးကြောင်တာကိုးကွ'

မိုးလွင်ပြင်ကတော့ လုံးဝဂရုမစိုက်ဟန်ဖြင့်...

'တစ်ယောက်တည်းသွားရရင် ကောင်းမလား၊ အင်းလေ... ဒါပဲ ကောင်းပါတယ်၊ အမှိုက်တွေပါရင် ရှုပ်တယ်'

'ဟာ... ဟော့ကောင် ငမိုး...'



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်သေးပါဘူးလေ၊ ဟိုနှစ်ကောင်လည်း ရည်းစားမှမရှိတာပဲ၊ ထမ်းပိုးခေါ်သွားရတာမှ မဟုတ်တာ'

'အေး… သူငယ်ချင်း မိုးလွင်ပြင်…'

'မဖြစ်ဘူးနဲ့တူတယ်၊ ဒီကောင်နှစ်ကောင်လုံးက အမြင်မရှင်းတဲ့ကောင်တွေ၊ တစ်ဖက်မှာ မေမိုးသူသူငယ်ချင်းမလေးတွေကလည်း အလန်းစားလေးတွေဆိုတော့… ဆိုတော့…'

'ငါတို့ အမြင်ရှင်းပါပြီ သယ်ရင်းရ၊ အခုချက်ချင်းပဲ လုံးဝ လုံးဝကို ရှင်းသွားပြီ'

'အေးလေ… သုံးယောက်အမြဲတတွဲတွဲဆိုတော့ ခေါ်မယ်ဆိုလည်း ခေါ်သွားသင့်ပါတယ်၊ ဒါပေမဲ့ ကောင်မလေးက ငါ့ကိုပဲ ခေါ်တာ၊ အပိုလူတွေ ပါသွားလို့ စိတ်ရှုပ်သွားရင်…'

'ဟာ… မင်းကလည်းကွာ… ငါတို့ ခုနက နောက်တာပါ၊ ဟုတ်တယ်နော် ကျော်'

'ဟုတ်တယ်… ဟုတ်တယ်… ငါတို့ ချစ်လို့စတာ၊ စိတ်ဆိုးနဲ့၊ ခေါ်သွားနော်'

'ဖြစ်ပါ့မလားကွ၊ မင်းတို့ ခုနကပြောသလိုစရိုက်မျိုး မင်းတို့မှာလည်း ရှိနေမှာလို့ ငါနဲ့ တတွဲတွဲတွေ့နေတဲ့အတွက် မင်းတို့ပါ အထင်ခံနေရမှာပေါ့'

ရည်းစားလိုချင်သည်မှာ ရူစိထိုးနေသည့် ထိုနှစ်ယောက်ကတော့ ဘယ်လိုပြောပြော မနာပါ။

'ငါတို့ စတာပါဆို၊ ရပါတယ်ကွာ၊ ထင်ပါစေ၊ သူတို့ထင်ချင်ရာ ထင်ပစေ'

'ငါ့ကို မင်းတို့ အားမနာနဲ့နော်၊ ကိစ္စမရှိဘူး၊ ငါက တစ်ယောက်တည်းလည်း သွားရဲပါတယ်'

'သိပါတယ်ကွ၊ မင်းသတ္တိကို သိပါတယ်၊ ဘာပဲဖြစ်ဖြစ် ငါတို့





လိုက်မယ်ကွာ၊ အဟီး… မေမိုးသူ သူငယ်ချင်းကောင်မလေးတွေကို စိတ်ဝင်စားလို့ပါ'

'ဟွန်း… မြင်တောင် မမြင်ရသေးဘူး၊ ကြောင်ဖို့စဉ်းစားနေပြီ၊ ကြောင်တွေ၊ မင်းတို့သာ ကြောင်တွေ၊ သိရဲ့လား'

မိုးလွင်ပြင် ဘယ်လိုနှိပ်ကွပ် နှိပ်ကွပ် ကျန်နှစ်ယောက် ဂရုမစိုက်တော့ပါ။

လိုက်ရဖို့က သေချာနေပြီလေ။

❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

'အင်း·· ကျောင်းတွေတောင် ပိတ်တော့မယ်၊ ဘာလိုလိုနဲ့ ပထမနှစ်လည်း ပြီးတော့မယ်၊ လွမ်းစရာလေးတစ်ခုတလေတောင် မရှိသေးပါလားနော်'

ယင်းမာရဲ့ညည်းညည်းညူညူစကားကို စိုးစိုးက ဝင်ထောက်သည်။

'ဒါဆို နင်ကြိုက်တဲ့ကောင်လေးတွေကို စာလိုက်ပေးလေ၊ ကိုရီးယားစတိုင်ပေါ့'

မေမိုးသူက ရယ်ပြီး ယင်းမာက မျက်စောင်းထိုးတော့သည်။ ပြီးမှ···

'နင်ပြောသလိုကြီးဆို ငါ့မှာ လွမ်းချိန်တောင်ရမှာမဟုတ်ဘူးဟဲ့'

'ဘာဖြစ်လို့'

မေမိုးက ဝင်မေးတော့ ယင်းမာ စပ်ဖြီးဖြီးဖြစ်သွားပြီး···

'ဘာဖြစ်လို့လဲဆိုတော့ အဟိ··· ငါကြိုက်တဲ့ကောင်လေးတွေက အများကြီးပဲလေ၊ ငါစာပေးပြီးတာနဲ့ ပတ်ပြေးဖို့ပြင်ရတော့မှာ၊ ဒီတော့ မလွမ်းရဘဲ···'

'ဆက်ပြောလေ'

'မလွမ်းရဘဲ ပန်းနေရမှာပေါ့ဟဲ့'





ယင်းမာအပြောကြောင့် နှစ်ယောက်လုံး မျက်လုံးပြူးသွားကာ···

'ဘာဖြစ်လို့လဲဟ'

'အဟီး··· ပတ်ပြေးနေရတယ်ဆိုမှတော့ ပင်ပန်းပြီပေါ့ဟဲ့၊ မယုံရင် နင်တို့ပဲ ကောင်လေးနှစ်ယောက်လောက်ကို စာပေးကြည့်ပါလား၊ နင်တို့ ဘယ်လိုပြေးနေရမလဲ ငါစောင့်ကြည့်ချင်လို့၊ အဟိ'

'×××××'

မေမိုးနဲ့ စိုးစိုးထံမှ ဆဲသံတွေ ပလူပျံလာတော့သည်။

ကင်န်တင်းထဲရောက်လျှင် သူတို့အတွက် ဒီလိုပေါက်တတ်ကရ ပြောစရာစကားများက မကုန်နိုင်ပါ။ တစ်ခုခုကို စားလျှင် စား၊ မစားလျှင် ပြောနေရမှ ကျေနပ်တတ်ကြသည်။

မေမိုးသူ ပါးစပ်က အအေးသောက်နေပေမယ့် မျက်လုံးက လမ်းပေါ်သို့ အကြည့်ကို မခွာ။

'နေပါဦး မေမိုးရဲ့၊ နင့်ကဗျာဆရာက ဒီနေ့ လာရောလာပါ့မလား'

'လာမှာပေါ့ဟဲ့၊ ငါ့ကဗျာဆရာ မဟုတ်ပါဘူးနော်'

စိုးစိုးရဲ့အမေးကို မေမိုးက မျက်စောင်းလေးဝင့်ရင်း တုံ့ပြန်သည်။

'ထားပါ၊ အဲဒီ နင့်ကဗျာဆရာမဟုတ်တဲ့ ကဗျာဆရာက ချောရဲ့လား'

မေမိုးသူ ခေါင်းညိတ်ပြတော့ ယင်းမာက···

'အဟိ··· ဒါဆိုရင်တော့ လွမ်းစရာအတွက် ဇာတ်လမ်းလေး တစ်ခု စရတော့မယ်ထင်တယ်၊ အင်း··· ကဗျာဆရာဆိုတော့ အနုအရွ စကားလေးတွေနဲ့ အပြောကောင်းမှာပါနော်'

စိုးစိုးကလည်း···

'အပြောကောင်းတာ မကောင်းတာ အသာထား၊ ရည်းစားဖြစ်လို့ကတော့ သင်းကို တစ်နေ့ကုန်ကဗျာရွတ်ခိုင်းရမယ်'

ပယ်ပယ်နယ်နယ်ပြောပြီး ရယ်မောမျက်နှာပြောင်နေသည့် နှစ်ယောက်ကို မေမိုးသူက မျက်စောင်းဖောဖောသီသီထိုးပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း… တော်တော်ရှုနေကြတယ်ပေါ့လေ၊ မိန်းကလေးဆိုတာ ဣန္ဒြေရရနေပြီး ကိုယ်ရင်းတွင်းက ဆန္ဒကိုလည်း တတ်နိုင်သလောက် ထိန်းချုပ်ရတယ်ဟဲ့'

ဆရာမကြီးမျက်နှာပေးနှင့် အထာပေးကာ ဆက်ပြောပြန်သည်။

'မိန်းမတို့ဣန္ဒြေ ဘာပေးလို့မရဆိုလား'

'ရွှေပေးလို့မရပါဟယ်'

'ဒီခေတ်မှာ ရွှေထက်အဖိုးတန်တာတွေ ရှိတယ်ဟဲ့၊ အဲဒါ ဘာလဲ ငါစဉ်းစားနေတာ'

'အဘွားစတိုင်ဖမ်းမနေပါနဲ့ဟယ်'

ဒီအချိန်မှာပဲ စိုးစိုးက ဆိုင်ပေါက်ဝကို လက်ညှိုးထိုးကာ…

'ဟိုမှာ လာကုန်ကြပြီတော့'

မျက်ပြူးလေးနှင့်ပြောသဖြင့် မေမိုးသူ ပြူးပြူးပျာပျာဖြစ်ကာ လှည့်ကြည့်သည်။ မြင်ရသည်က ဆိုင်ထဲဝင်လာသည့် ကျောင်းသူတစ်အုပ်စု။ တခစ်ခစ်ရယ်သံနှင့်အတူ ကျွန်နှစ်ယောက်က လောင်သည်။

'အဟိ… ကောင်မ၊ သူက တော်တော်ဣန္ဒြေရတယ်နော်'

'ဟုတ်ပ၊ လည်ပင်းကြီးလိမ်နေပြီ၊ ပြန်တည့်ပေးပါဦးဟဲ့'

မေမိုးသူ ရှက်သွားပြီး ဘာမှပြန်မပြောနိုင်တော့။ ဒီအချိန်မှာပဲ ယင်းမာက ဆိုင်ရှေ့တွင် ယောင်တောင်တောင်နှင့် ဟိုဟိုဒီဒီကြည့်နေသော ကောင်လေးသုံးယောက်ကို မျက်မှောင်ကုတ်ပြီး ကြည့်သည်။ တစ်ခါမျှ မမြင်ဖူးတာသေချာမှ မေမိုးကို ပြောပြသည်။

'မေမိုး နင်ပြောတာ ဟိုသုံးယောက်လား'

'ဘာလဲ နင့်အချစ်တုံးကိုကိုတွေလား'

ဒီတစ်ကြိမ် ပါးသွားသည့်မေမိုးက လှည့်မကြည့်ဘဲပြောသည်။ စိုးစိုးကတော့ မနေနိုင်စွာ…

'တကယ်ပြောနေတာဟဲ့၊ သုံးယောက်လုံး လန်းတယ်နော် ယင်းမာ'





'အင်း… ငါတို့ထက်တော့ ကြီးပုံရတယ်၊ အသက်ကိုပြောတာနော်၊ အသက်'

အသေအချာကြည့်ပြီး ပြောနေကြသဖြင့် မေမိုးသူလည်း မနေနိုင်ဘဲ လှည့်ကြည့်မိသည်။ ဆိုင်ရှေ့ရောက်နေသည့် မိုးလွင်ပြင်တို့သုံးယောက်က မေမိုးသူကို မမြင်ဘဲ ဆက်သွားရန် ပြင်နေသည်။

'ဟုတ်တယ်၊ အဲဒီသုံးယောက်ပဲ၊ ယင်းမာ ခေါ်လိုက်ဟာ'

'အံမယ်… ခေါ်စရာလား၊ ရှက်စရာကြီး၊ စားပွဲထိုးကိုပဲ ခေါ်နိုင်းလိုက်မယ်'

'ဒါဖြင့်လည်း လုပ်လေ၊ မြန်မြန်လေးလုပ်ပါဟဲ့၊ ဟိုမှာ ထွက်သွားတော့မယ်'

ယင်းမာနှင့် စိုးစိုးက မေမိုးကို မျက်စောင်းပေါပေါလောလော ဝိုင်းထိုးပြီးမှ စားပွဲထိုးလေးတစ်ယောက်ကို ခေါ်လိုက်တော့သည်။

❐

'ဘယ်လိုလဲ ငမိုး၊ မင်းရဲ့ကဗျာချစ်သူမလေးက ဘယ်မှာလဲ၊ ငါတို့လည်း ခြေတိုတော့မယ်'

'လာစမ်းပါကွာ၊ ငါးခေါက်တောင် မပြည့်သေးဘူး၊ သူတို့ တစ်ဆိုင်ဆိုင်မှာ ရှိနေမှာပါ'

'ဘာ… ငါးခေါက်…'

ညီသစ်ဆူး၏ပေါက်ကွဲသံစဉ်ကို ကျော်ဝင်းမော်ကပါ အားဖြည့်သည်။

'ခုမှပဲ ရှာပုံတော်မင်းသားကြီးဖြစ်တော့တယ်၊ သေချာပြီ ငမိုး၊ အဲဒီကောင်မလေးက မင်းကို လာစားသွားတာ၊ တောက်… မင်းတင်မဟုတ်ဘူး၊ ငါတို့ပါ ရောယောင်ခံရပြီ'

'အဲဒါဆိုလည်း ခံပေါ့ကွာ၊ မင်းတို့ကပါ ရောကြောင်းချင်တာကိုး'



www.burmeseclassic.com

www.burmeseclassic.com



မိုးလွင်ပြင်ရဲ့ မျက်စောင်းထိုးပြီးအပြောကြောင့် ကျန်နှစ်ယောက် ငြိမ်သွားကြသည်။ တကယ်တော့ မိုးလွင်ပြင်အပြစ်ဖြစ်သည်။ ငမ်းကြော အရှိန်လွန်ပြီး ဆိုင်နေရာနှင့် အချိန်ကို အတိအကျမချိန်းမိခဲ့သဖြင့် စားသောက်ဆိုင်အကုန်ကို ပတ်ရှာနေရတော့သည်။

တစ်ဆိုင်တွင် သူတို့ဘာသာ သူတို့ နောက်ပြောင်ရယ်မောနေကြသည့် မိန်းကလေးအုပ်စုကို မေမိုးသူ ပါလိုပါငြား သွားကြည့်မိသဖြင့် အလောင်ခံခဲ့ရသေးသည်။ မိန်းကလေးများက အရယ်ရှိန်မပြေသေးမီ မိုးလွင်ပြင်ကလည်း ကြောင်တောင်တောင် သွားစူးစိုက်ကြည့်မိသည်ကိုး။

'ဟယ်… ဟို… ကိုရင်… ကိုရင်'

'ဘယ်က ကိုရင်လဲ၊ ကန်တော့ပါသေးရဲ့'

'ဟဲ့… အဲဒီကိုရင်ကို ပြောတာမဟုတ်ဘူး၊ ရှာက ကိုရင်သာဂိ လိုက်လာတာကို ပြောတာ၊ ခေတ္တာ… နင့် လာရှာတယ်ထင်တယ်'

'ဩော်… ကိုရင်သာဂိ၊ ဟုတ်ပေါင်၊ ကန်တော့နော်၊ ကိုမှိုင်းလုံးညိုမှောင်ဝေ၊ ဟဲ့… နင်တို့ ကိုရင်သာဂိလို့မခေါ်နဲ့ဟဲ့၊ သူမကြိုက်ဘူး၊ နာမည်ပြောင်းထားတယ်၊ ကြည့်ပါလား သူ့မျက်နှာကို'

ရှက်စပြုနေသည့် မိုးလွင်ပြင်မျက်နှာမှာ အမှန်တကယ်အရောင်ပြောင်းသည်။ မီးများ မီးနိုင်၊ ရေများ ရေနိုင်ဖြစ်နေသည်မို့ ရုတ်တရက် ရှေ့လျားရန် သတိမေ့နေသည်။ သူက မပေါ်တတ်မေ့နေသော်လည်း မိန်းကလေးအုပ်စုကတော့ လောင်ရှိန်ကို တင်ပြီး တစ်ယောက်တစ်မျိုး အလုအယက် ဝိုင်းလောင်ကြသည်။

'နင်တို့ ဒီကိုရင်ကို မှတ်မိကြဲ့ယ်ဟုတ်… ရွာတုန်းကလေ ဒီကိုရင်ပေါ့၊ ဘကြီးသာလှသရက်ပင်ကို သရက်သီးတက်ခိုးလို့ ပြဿနာတက်တာလေ၊ ခါချဉ်ကလည်း ကိုက်၊ ဘကြီးသာလှကလည်း လောက်လေးခွနဲ့အတင်းပစ်လို့ အမြန်ဆင်းပြေးရတာ၊ ပုဆိုးကွင်းသိုင်းနဲ့ သရက်ကိုင်းနဲ့ ငြိနေလို့ တွဲလောင်းကြီးဖြစ်နေတာလေဟယ်'





'အေး… ဟုတ်တယ်၊ ငါမှတ်မိပြီ၊ အပြွတ်လိုက် အတွဲလိုက်ကြီး'

'ဟဲ့… ဘာလဲဟဲ့၊ ဘာပြောတာလဲ'

'သရက်သီးတွေကို ပြောတာပါဟဲ့'

'တော်ပါသေးရဲ့ဟယ်၊ သရက်သီးကယ်လို့၊ အဲဒီတုန်းကလည်း ကိုရင့်မျက်နှာက ဒီအတိုင်းပဲ၊ မှိုင်းလုံးညိုမှောင်ဝေ'

'နင်တို့ကလည်း ဧည့်သည်ကို အားနာစရာ၊ မတ်တတ်ကြီးထားရတယ်လို့၊ ဆိုင်ထဲကို ခေါ်ပါဟဲ့'

'ဩော်… ဟုတ်သား၊ ကိုရင် လာလေ၊ ဆိုင်ထဲဝင်ထိုင်ပါဦး၊ ဒီမှာ စပျစ်သီးတွေလည်း လာစားပါဦး၊ ချိုမှချို၊ အတွဲလိုက်ကြီး'

'နင်ကလည်း ဒီအတွဲလိုက်အပြွတ်လိုက်ကကို မထွက်တော့ဘူး၊ ကိုရင် လာပါ၊ ဆိုင်ထဲကို ကြွပါ၊ ကာဖီရည်များလည်း သုံးဆောင်ပါဦး'

'ရွာအပြန်လက်ဆောင် အရီးမယ်ကျော့အတွက် ရွှေကျီးနိုင်လွန်တစ်ဝတ်စာနဲ့ ကြက်ဆင်ဖဲထီးဝယ်ပေးလိုက်မယ်နော်၊ သယ်သွားပေး'

'ငါကတော့ ငါ့သူငယ်ချင်း ဝိုင်းစိန်မအတွက် မက်စ်ဖက်တာနှုတ်ခမ်းနီဆိုးဆေးတောင့်နဲ့ တို့ဖတ်ပေါင်ဒါဘူး ဝယ်ပေးလိုက်မှာ'

'ဩော်… မေ့တော့မလို့ ကိုရင်ရယ်၊ ဝိုင်းစိန်မကအသာ ဦးလေးသာမောင်မှာတဲ့ ရာလေးစက်ဘီးတစ်စီးပါ ဝယ်ပေးလိုက်မယ်'

'ဖြစ်မလားဟဲ့၊ ကိုရင်က စက်ဘီးမှ မစီးတတ်တာ'

'ရပါတယ်၊ ထမ်းသွားပေါ့၊ ရတယ်နော် ကိုရင် နော်'

'အောင်မယ်… တို့ကိုရင် ဝိုင်းစိန်မရှေ့ မျက်နှာပွင့်နေမှာ မြင်ယောင်သေး၊ ဟေး… ဟေး'

'ဟုတ်ပ၊ ဟုတ်ပ၊ ဝိုင်းစိန်မက 'ဒါမှ ကျုပ်မောင်ကြီးတော့' ဆို ပြေးဖက်မှာ၊ ဟီး… ဟိ'

'ဟာ… ဘာ… ဘာတွေလဲဗျာ၊ လာ… ဟော့ကောင်'

အရင်ဆုံးသတိဝင်လာသည့် ညီသစ်ထူးက အော်ဟစ်ပြီးကြောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်တောင်ရပ်နေသည့် မိုးလွင်ပြင်ကို ဆွဲခေါ်တော့မှပဲ လောင်စိန်မများ ဈေစက်ကွင်းမှ လွတ်တော့သည်။

ယခုတော့ ဆိုင်အတွင်း မိန်းကလေးအုပ်စု ထိုင်နေလျှင် ရဲရဲ မကြည့်ရဲ။ မသိမသာ လှမ်းချောင်းကြရသည်။ ဤသို့ဖြင့် ဆိုင်တစ်ဆိုင် ကို တစ်ချက်ဝေ့ကြည့်ပြီး လှည့်အထွက်တွင်…

'အစ်ကို ခဏ၊ အစ်ကို ခဏ'

ခေါ်သံကိုကြားသော်လည်း လူက မမြင်ရ။ ထို့ပြင် သူတို့သုံး ယောက်ထဲတွင် ခဏဆိုသူ မပါသဖြင့် ဆက်လျှောက်ကြသည်။

'အစ်ကိုတို့… ဗျို့… ဟိုရှေ့က အစ်ကိုတို့'

အသံဆက်ထွက်လာသဖြင့် သုံးယောက်သား နောက်လှည့်ကြည့် လိုက်ကြရာ မောကြီးပန်းကြီးပြေးလိုက်လာသည့် ကောင်လေးတစ်ယောက် ကို တွေ့ရသည်။ အနားရောက်မှ ထိုကောင်လေးက ရှုံ့မဲ့ပြီး…

'ဟူး… မောလိုက်တာဗျာ၊ အစ်ကိုတို့ကို ဆိုင်ထဲက ခပ်ချောချော မမသုံးယောက်က ခေါ်ခိုင်းလိုက်လို့၊ စောစောက ကျွန်တော် လှမ်းခေါ်နေ တာ မကြားဘူးလား'

'ကြားသားပဲ၊ မင်းက အစ်ကို ခဏဆိုတော့ ငါတို့ထဲမှာ မင်း ခေါ်တဲ့လူ မပါဘူးကွ၊ ဒါကြောင့် ဆက်သွားတာ'

စားပွဲထိုးလေး မျက်နှာမဲ့သွားတော့သည်။

'အစ်ကိုတို့က အတွေးအခေါ်သိပ်မြင့်တာကိုးဗျ'

ကောင်လေးစကားကြောင့် သုံးယောက်လုံး နည်းနည်းမာန်တက် သွားသည်။ သို့သော် နောက်ဆက်တွဲစကားကြောင့်…

'ဒါမှမဟုတ်… အစ်ကိုတို့က… ဟို… နည်းနည်းကြောင်နေ တာလား'

'ဘာ… ဟေ့ကောင် မင်း'

'ဘာမှမဟုတ်ဘူး၊ သွားပြီနော်၊ လိုက်ခဲ့'





'စိတ်လျှော့ သူငယ်ချင်း၊ စိတ်လျှော့၊ မမချောချောသုံးယောက် က ခေါ်ခိုင်းတာတဲ့နော်'

'ဩော်… အေး… အေး… လျှော့ပါပြီ၊ လျှော့ပြီ၊ သွားစို့'

ဤသို့ဖြင့် ပေါက်ကွဲစပြုနေသည့် ကျော်ဝင်းမော်ကို နှစ်သိမ့်ပြီး သုံးယောက်သား လမ်းမသိတော့ စားပွဲထိုးလေးနောက် လိုက်ခဲ့ကြရလေ သည်။

ဆိုင်ရှေ့ရောက်ပြီး အပြုံးနှင့်စောင့်ကြိုနေသည့် ခပ်လန်းလန်း ကောင်မလေးသုံးယောက်ကို တွေ့မြင်လိုက်သဖြင့် တည်တင်းနေသည့် သူတို့သုံးယောက်မျက်နှာတွေ ချက်ချင်းအချိုးပြောင်းသွားကြသည်။

'အဟီး… လန်းတယ်နော် ညီ'

'အေးကွ၊ ခြေတိုရကျိုးနပ်တယ်'

ချက်ချင်းကြီးမျက်နှာရှုံသွားသည့်နှစ်ယောက်ကို မိုးလွင်ပြင်က မျက်စောင်းထိုးလိုက်သည်။ ပြီးမှ အပြုံးမျက်နှာနှင့် ကောင်မလေးတွေ ဘက်လှည့်ကာ…

'ထိုင်မယ်နော်'

'ဟုတ်'

'ဟုတ်'ဆိုပေမယ့် 'မဟုတ်'မီကတည်းက ဝင်ထိုင်ပြီးဖြစ်နေကြ သည်။ အမတာတ်ဆွဲအားကောင်းပုံကို သရုပ်ပြနေသလို ဖြစ်နေတော့သည်။

ဘာမှမပြောဘဲ ရယ်ကျဲကျဲနှင့် သုံးယောက်သား ပေကြောင်ကြောင် လေးတွေ ထိုင်နေကြသဖြင့် မေမိုးသူက မိတ်ဆက်ပေးသည်။

'ဩော်… မိတ်ဆက်ပေးရဦးမယ်၊ သူတို့က မေမိုးရဲ့ အချစ်ဆုံး သူငယ်ချင်းတွေလေ၊ သူက စိုးစိုးစံ'

မျက်လုံးမှေးမှေးနှင့် ကောင်မလေးက ပြုံးပြသဖြင့် ငတိသုံး ယောက်ကလည်း ပြန်ပြုံးပြကြသည်။

'သူကတော့ ယင်းမာလွင်'တဲ့။

'အင်း… အဟင်း'



www.burmeseclassic.com

www.burmeseclassic.com



ဝကစ်ကစ်ကောင်မလေး ပြုံးပြပြန်လို့ သူတို့လည်း ပြန်ပြုံးပြ ပြန်သည်။ အပြုံးပြိုင်ပွဲကျင်းပသလိုဖြစ်ပြီး ပါးပါသြောင်းနေကြပြီဖြစ်သည်။

ဒီတစ်ကြိမ် မိုးလွင်ပြင်က သွားကြီးတွေ အသားကုန်ဖြီးထား သည့် ညီသစ်ဆူးတို့နှစ်ယောက်ကို မိတ်ဆက်ပေးရန် ပြင်သည်။

'သူကတော့…'

'ကျွန်တော့်နာမည် ညီသစ်ဆူးပါ၊ ကဗျာရေးပါတယ်၊ ရင်းရင်း နှီးနှီး ကိုညီလို့ခေါ်နိုင်ပါတယ်၊ တွေ့ရတာ အရမ်းဝမ်းသာပါတယ်၊ ဟဲ… ဟဲ… ဟဲ…'

ဆိတ်သိုးကြီးလို တဟဲဟဲရယ်ပြီး ကိုယ်တိုင်အတင်းမိတ်ဆက် နေသဖြင့် မိုးလွင်ပြင် တင်းသွားသော်လည်း မိန်းကလေးများက ပြုံးပြ ကြသည်။ မိုးလွင်ပြင်က ကျော်ဝင်းမော်ကို လက်ညှိုးထိုးပြပြီး…

'သူကတော့ မဲကြီးပါ'

'ဟုတ်ပါတယ်၊ ကျွန်တော့်နာမည် မဲကြီးပါ၊ အဲ… ဟော့ကောင်'

မိုးလွင်ပြင်ကို မျက်ထောင့်နီနှင့် ကြည့်သည်။ လူကလည်း မည်း သဖြင့် ထိုနာမည်ပြောင်ကိုခေါ်လျှင် မကြိုက်။ သူ့ကိုယ်သူတော့ မည်းတာ မဟုတ်၊ ညိုတာဟု ပြောတတ်သည်။ ညိုချောမို့ ကောင်မလေးတွေက ငိုပြောပြီးခေါ်တာတောင် မလိုက်ဟု ပြောတတ်သေးသည်။

'အဲ… မှားလို့၊ ကျော်ဝင်းမော်တဲ့'

'ဟုတ်ပါတယ်၊ တွေ့ရတာ တော်တော်ဝ၊ အဲ… တော်တော်လှ ပါတယ်'

'ရှင်'

'အဲလေ… မှားကုန်ပါပြီ၊ ဝမ်းသာပါတယ်လို့ ပြောတာပါ၊ ဟဲ… ဟဲ…'

ပြောပြီး ဝကစ်ကစ် ယင်းမာကို လှမ်းရှိုးနေသဖြင့် ညီသစ်ဆူး က ဝင်နှိပ်ကွပ်သည်။

'သူ့အဖေနာမည်က ဦးကျော်ကျော်၊ အမေနာမည်က ဒေါ်ဝင်းမေ





မော်၊ သူတို့နှစ်ယောက်ပေါင်းပြီးကျလာတဲ့ အဲလေ… မွေးလာတဲ့ ဒီကောင် က ကျော်ဝင်းမော်ဖြစ်သွားရော၊ ပြောရမယ်ဆို ဖအေတူ၊ မအေတူ၊ နာမည် လည်းတူ၊ အကျင့်လည်းတူ၊ အကုန်နီးပါးတူ၊ အဲ… မတူတာဆိုလို့ အသား ရောင်ပဲ ရှိတယ်'

'ညီ တော်လောက်ပြီနော်'

ကျော်ဝင်းမော်က လှမ်းဟန့်ပေမယ့် စိုးစိုးနှင့် ယင်းမာက…

'ဘာလို့မတူတာလဲ ဟင်'

'ဆက်ပြောပါ၊ သိချင်လို့'

'အဟမ်း… သူ့အဖေနဲ့ အမေက အသားတော်တော်ဖြူတာဟ၊ သူကျမှ ဘာလို့မည်းနေလဲ၊ စဉ်းစားစရာကို ပြောပါတယ်၊ တစ်ခုရှိတာက ဒီကောင့်ကိုမွေးတဲ့အချိန်မှာ သူတို့အိမ်က ကုန်စုံဆိုင်ဖွင့်တယ်၊ မီးသွေးကို အဓိကရောင်းတာပေါ့၊ မွေးကာစမှာ မီးသွေးပုတ်ထဲများ ပြုတ်ကျသလား စဉ်းစားကြည့်တာပါ'

'တော်… ဟော့ကောင်၊ မဖြစ်နိုင်တာ မပြောနဲ့'

'ဟုတ်တယ်၊ ညီမတို့လည်း သိပ်မဆိုင်ဘူးလို့ ထင်တယ်'

'ထားပါ၊ နောက်တစ်ခုရှိတာက သူတို့အိမ်ချင်းကပ်လျက်မှာနေ တာ အသားတော်တော်မည်းတဲ့ အိန္ဒိယနွယ်ဖွားမိသားစုဆိုတော့…'

ယင်းမာက…

'ကိုညီဆိုလိုတာ ညီမ သိပြီ၊ ကလေးချင်းမှားတာလား'

'အဲဒါဆို တော်သေးတာပေါ့'

ကောင်မလေးတွေက တခစ်ခစ်နှင့် ကျိတ်ရယ်ကြသည်။ ကျော် ဝင်းမော်မျက်နှာကြီးကတော့ ရဲလာပြီ။ မိုးလွင်ပြင်က…

'ဘာလဲကွ တော်သေးတယ်ဆိုတာ'

'သြော်… လူကြီးချင်းမမှားလို့ တော်သေးတယ်လို့ ပြောတာပါ'

'ဟော့… ကောင်… ဒွေ…'

'မင်းကလည်း စိတ်ချည်းပဲကွာ၊ ညီပြောတာက အေးသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့၊ အင်း··· ငညီ၊ မင်းပြောတဲ့အတိုင်းဆို နှစ်ခုထဲက တစ်ခုခုတော့ တကယ်ဖြစ်ခဲ့တာပေါ့'

'ဟယ်တော့··· ခစ်··· ခစ်··· ခစ်···'

မိုးလွင်ပြင်ရဲ့ အကြောင်ရိုက်အမေးကြောင့် အားလုံးဝိုင်းရယ်ကြသည်။ ကျော်ဝင်းမော်ကတော့ မျက်ထောင့်နီနှင့် အံတကျိတ်ကျိတ်ဖြစ်နေတော့သည်။

ခဏအကြာ မိုးလွင်ပြင်က ကဗျာအကြောင်း စာအကြောင်း လမ်းကြောင်းပြောင်းလိုက်မှ ကျော်ဝင်းမော်မျက်နှာ ကြည်လင်လာသည်။ ရှေးခေတ်က မသိဖူး မမြင်ဖူးသည့် ကဗျာဆရာကြီးများ၏ ကဗျာများမှအစ ယနေ့ခေတ်ပေါ်ကဗျာအဆုံး ရွတ်လိုက်ကြသည်မှာ တစ်နေကုန်သွားမှ ရပ်ကြတော့သည်။

ထို့ပြင် ရင်းနှီးမှုလည်း ရင့်တည်ခဲ့ကြသည်။

❒



## အခန်း (၃)

ဒီနေ့ ကျောင်းပိတ်ရက်မို့ မတွေ့တာကြာပြီဖြစ်သည့် အစ်မဝမ်းကွဲပွင့်ဖြူဖြူအိမ်သို့ မေမိုးသူ ထွက်လာခဲ့သည်။ ပွင့်ဖြူဖြူက တစ်ဦးတည်းသောသမီးဖြစ်ပြီး မေမိုးသူထက် ၃ နှစ်ခန့်ပိုကြီးကာ ဘွဲ့ရပြီးဖြစ်သည်။ မေမိုးသူကဲ့သို့ စာတွေ၊ ကဗျာတွေကို ဝါသနာပါသည်။ ဝမ်းကွဲဆိုသော်လည်း ကျန်သည့်မောင်နှမများမှာ ယောကျ်ားလေးများသာဖြစ်သဖြင့် သူတို့နှစ်ယောက်က ညီအစ်မအရင်းကဲ့သို့ ချစ်ကြသည်။ မကြာခဏလည်း တွေ့ဆုံကြသည်။ အမေဖြစ်သူ၏ တင်းကျပ်သည့်စည်းကမ်းကြောင့် ပွင့်ဖြူဖြူမှာ အပြင်ထွက်ရန် ခက်ခဲသဖြင့် မေမိုးသူက လာတွေ့ရသည်သာ များသည်။

ခြံတံခါးကိုဖွင့်ပြီး အိမ်သို့သွားသည့် လမ်းမှာပင် ပွင့်ဖြူဖြူအမေ ဒေါ်ပွင့်ဦးအား ပန်းပင်များပေါင်းသင်မြေဆွနေသည်ကို တွေ့ရသဖြင့် မေမိုးသူ နှုတ်ဆက်လိုက်သည်။

'အန်တီဦး မကြီးပွင့်ဖြူ ရှိတယ်နော်'

'ဪ··· သမီးအစ်မ သူ့အခန်းထဲမှာကွယ့်'

'ဘာလုပ်နေလဲ မသိဘူး၊ သမီး သွားတွေ့လိုက်မယ်'

'အေး··· သမီး··· အေး···'

ဒေါ်ပွင့်ဦးက အသက်လေးဆယ်ကျော်ဆိုပေမယ့် အခုထိ လှ[illegible]ဖြစ်သည်။ သို့သော် ယောကျ်ားဖြစ်သူ၏ စွန့်ပစ်ခြင်းခံခဲ့ရသည်။ ဒ[illegible]ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အန်တီဦးကို သနားဖို့ကောင်းသည်ဟု မေမိုးသူ ထင်သည်။ အန်တီဦးမှာ ဘာအပြစ်မှ မရှိပါဘဲနှင့် နောက်ထပ်မိန်းမယူသွားသည့် ဦးလေးကို မေမိုးသူ မုန်းသည်။

ထိုအကျိုးဆက်က ဒေါ်ပွင့်ဦးတစ်ယောက် ယောကျ်ားတွေကို မယုံကြည်သည့်အစွဲအလမ်း ဝင်သွားသည်။ ထို့ကြောင့် သမီးဖြစ်သူ ပွင့်ဖြူဖြူနှင့် ယောကျ်ားလေးများ ပတ်သက်ဆက်ဆံမှုကို တင်းကျပ်ခဲ့သည်။ ကျောင်းပြီးကတည်းက ပွင့်ဖြူဖြူတစ်ယောက် အပြင်ထွက်လည်ပတ်ရန် ခက်ခဲခဲ့တော့သည်။

အပေါ်ထပ်အိပ်ခန်းထဲ လှမ်းဝင်လိုက်ရာ ကွန်ပျူတာဂိမ်းကစားနေသည့် ပွင့်ဖြူဖြူကို တွေ့လိုက်ရသည်။

'မဖြူ'

'ဩော်… ညီမလေး လာလေ၊ အစ်မတစ်ယောက်တည်း ပျင်းလို့ ဂိမ်းဆော့နေတာ'

ပွင့်ဖြူဖြူက ကွန်ပျူတာပိတ်ပြီး ညီအစ်မနှစ်ယောက် ခုတင်ပေါ်တွင် ထိုင်ပြီး စကားပြောကြသည်။ အမြဲတမ်းလိုလို တစ်ယောက်တည်း ဖြစ်နေတတ်သည့် အစ်မဖြစ်သူကိုလည်း မေမိုးသူ သနားသည်။ သူရောက်သွားမှ ညီအစ်မနှစ်ယောက် စကားပြောချင်ပြော၊ ဗီဒီယိုကြည့်ချင်ကြည့်၊ သီချင်းဆိုရင်း ကချင် ကကြရသည်။

မေမိုးသူ သူ့အစ်မကို ငေးကြည့်နေမိသည်။

ပွင့်ဖြူဖြူက ဆံပင်အရှည်တွေကို မစည်းနှောင်ဘဲ ဖားလျားချထားသည်။ မျက်နှာပေါ်တွင် ဘာမှလိမ်းခြယ်မထားသော်လည်း ဝင်းလက်နေသည်။ နဂိုအသားရောင်က ရွှေဝါရောင်လဲ့လဲ့ပြေးနေသူမို့ ပွင့်ဖြူဖြူက ဆွဲဆောင်မှုရှိသည်။ ခန္ဓာကိုယ်က သွယ်လျလျဆိုသော်လည်း ထိုက်သင့်သည့်နေရာတွင် ပြည့်တင်းမှုတော့ ရှိသည်။ မေမိုးသူတောင် သူ့အစ်မနှင့်ယှဉ်လျှင် ခါးတုတ်ချင်နေသေးသည်။ ပွင့်ဖြူဖြူ၏ အထူးခြားဆုံးအလှက မျက်လုံးဖြစ်သည်။ တော်တော့်ကို ဆွဲဆောင်နိုင်စွမ်းရှိသည့် မျက်ဝန်း





ကျယ်ကျယ်တစ်စုံကို ပိုင်ဆိုင်ထားသည်။ သို့သော်လည်း ပွင့်ဖြူဖြူကို ဖြူစင်သည့်အပြုံးနှင့်အတူ ကလေးတစ်ယောက်ကဲ့သို့ အပြစ်ကင်းစင်သည့် မျက်နှာပေးမျိုးနှင့်သာ တွေ့ရလေ့ရှိသည်။

ထို့ပြင် အိမ်ထဲမှ အိမ်ပြင်ထွက်ခွင့်ရဖို့ပင် ခက်ခဲသူဆိုတော့ အစ်မဖြစ်သူ အပျိုကြီးပဲဖြစ်သွားတော့မည်ဟု မေမိုး တွေးနေမိသည်။ အခေါ် အပျိုကြီးသုံးယောက်ကလည်း ဘူမတွေကို သူတို့လမ်းစဉ် လိုက်နိုင်းကြသည်။ သူကိုယ်တိုင် အပျိုကြီးလုပ်ရန် ဆန္ဒမရှိသည့် မေမိုးသူတစ်ယောက် သက်ပြင်းကို့ရှိုက်ချလိုက်ပြီး အိတ်ထဲမှ ကဗျာစာအုပ်လေးကို ထုတ်လိုက်သည်။

'ဘာစာအုပ်လဲ ညီမလေး'

'ကဗျာစာအုပ်လေ၊ မဖြူ ဖတ်မှာလား'

'ဖတ်ရမှာပေါ့ဟယ်၊ ငါ့ဘဝမှာ ကဗျာနဲ့ စာပဲ ရှိတဲ့ဟာ'

'ကဗျာနဲ့ စာအပြင် အဲဒီကဗျာတွေ စာတွေနဲ့ ဆက်နွှယ်နေတဲ့ အချစ်လည်း ရှိလာနိုင်ပါသေးတယ် မဖြူရယ်'

'ဘာဆိုင်လို့လဲဟဲ့'

'ကဗျာတွေ စာတွေဆိုတာ စာရေးဆရာရဲ့ ရင်ထဲက ခံစားချက်တွေကို ထုဆစ်ပုံဖော်လိုက်တဲ့ စာလုံးလေးတွေ မဟုတ်လား၊ ခံစားချက်တွေ လှပရင် လှပသလောက် ပုံဖော်ထုဆစ်ရင် ပီပြင်ရင် ပီပြင်သလောက် စာဖတ်သူရဲ့ ရင်ကိုသိတယ်လေ'

'အင်း'

'အချစ်ဆိုတာလည်း ကိုယ်ပိုင်ရင်ထဲက ခံစားချက်အစစ်အမှန်ကို ကိုယ်တိုင်သိမြင်လိုက်ရတာမျိုးပဲ မဟုတ်လား'

'ညီမလေးပြောတာ ဟုတ်သလိုလိုတော့ ရှိပါတယ်'

'ကဲ… ဒါဆို ပိုပြီးလက်တွေ့ကျအောင် ပြောပြမယ်၊ စာတွေ ကဗျာတွေကိုဖတ်ရင်း ခံစားရင်းနဲ့ အဲဒီဟာတွေကို ဖန်တီးသူ စာရေးဆရာနဲ့ အတွေးအမြင်တွေ ဖလှယ်ရာက ဆက်စပ်ပတ်သက်မိပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာအရောက်တွင် ပွင့်ဖြူဖြူက နဂိုကျယ်သည့် မျက်ဝန်းများကို ပို၍ပြူးကာ မေမိုးသူအား လှမ်းကြည့်လိုက်သဖြင့် မေမိုးသူ လျှာ ဘရိတ်ချော်သွားပြီဆိုသည်ကို သတိရလိုက်ပြီး အတင်းရပ်လိုက်ရသည်။

သို့သော်…

'ဘာလဲ ညီမလေးမှာ ခံစားချက်ဖလှယ်ဖို့ စာရေးဆရာတွေ့နေပြီလား'

'ဟို… ညီမလေးပြောတာက အဲလိုမျိုးမဟုတ်ဘူးလေ၊ သဘောတရားကို အဲ… ဖြစ်တတ်တဲ့၊ ဖြစ်နိုင်တဲ့အခြေအနေတစ်ခုကို ပြောတာပါ'

'အေးလေ… ဘယ်လိုအခြေအနေမျိုးပဲရှိရှိ ငါ့အတွက်ကတော့ ဖြစ်လာမှာမဟုတ်ဘူးလေ၊ ညီမလေးလည်း သိသားပဲ'

မေမိုးသူလည်း အစ်မဖြစ်သူကို ကရုဏာသက်သွားတော့သည်။ လွတ်လပ်စွာသွားလာလည်ပတ်ခွင့်မရှိသော ဘဝမှာ ဆုံနိုင်ခွင့်က မရေရာလွန်းသည့်အတွက်ကြောင့်ပင်။

ပွင့်ဖြူဖြူ ကဗျာစာအုပ်လေးကို ဟိုလှန်ဒီလှန် လှန်ကြည့်နေစဉ် မေမိုးသူက မေးသည်။

'မဖြူ ဒီအတိုင်းပဲ နေသွားတော့မှာလား'

'အင်း… ဒီလိုမနေလို့ ဘယ်လိုနေရမှာလဲ'

'ဘဝလက်တွဲဖော် မရှာဘူးလားလို့ ပြောတာ သိသားနဲ့၊ ဟွန်း…'

ပွင့်ဖြူဖြူက နဲ့တဲ့တဲ့လေးပြုံးပြီး…

'ငါလည်း တစ်ယောက်တည်း ဘယ်နေချင်ပါ့မလဲဟယ်၊ ငါ့ဘဝမှာ ဘာမှရွေးချယ်စရာမှ မရှိတာ၊ အဒေ့အလိုကျ အမေနဲ့ပဲ တစ်သက်လုံးနေသွားရမှာ'

ဒီလိုပါပဲ။ အပျိုကြီး၊ လူပျိုကြီးတော်တော်များများက မိဘညီကိုမောင်နှမများကို ငဲ့ညှာလွန်းသဖြင့် အရွယ်လွန်ကုန်ကြခြင်းဖြစ်သည်။ ထို့ကြောင့်…

'ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ မဖြူရယ်၊ တစ်နေ့ အန်တီဦး





သေသွားရင် မဖြူတစ်ယောက်တည်း လောကကြီးမှာ ငေါ်င်းစင်းစင်းနဲ့ အပိုကြီးဖြစ်ကျန်နေခဲ့မှာပေါ့၊ အန်တီဦးသဘောထားက ဒီလိုမျိုးချည်းပဲ အမြဲတမ်းတော့ ဖြစ်မနေနိုင်ပါဘူး'

ပွင့်ဖြူဖြူက ဘာမှပြန်မပြောဘဲ ပြုံးနေသည်။ အမြဲလိုပင် လျှို့ဝှက်သိပ်သည်းစွာနေတတ်သည့်အတွက်ကြောင့်ပင်။ ညီအစ်မဆိုသော်လည်း ဤကဲ့သို့ တစ်ခါမျှ အချစ်ရေးကိစ္စကို တိုင်ပင်ခဲ့ဖူးခြင်း မရှိ။ ခဏကြာမှ…

'ထားပါဟယ်၊ နင်ပြောတာနဲ့ ငါတောင် ခေါင်းရှုပ်သွားပြီ၊ ဖူးစာမှန်ရင် အချိန်တန်တော့ ငါ့ဆီ အလိုလိုရောက်လာမှာပါ'

'ဟွန်း… စောင့်နေလေ၊ ရောက်လာဦးမှာ'

မေမိုးသူ မဲ့သွားတော့သည်။ အိမ်ထဲက အိမ်ပြင်တောင်မထွက်ဘဲနဲ့ ဘယ်ကောင်လေးက ဘယ်လိုမြင်၊ ဘယ်လိုကြိုက်၊ ဘယ်လိုလိုက်ပြီး ဘယ်လိုချစ်သူဖြစ်ရမှာလဲ။

'မဖြူကို နမြောလို့ပြောတာနော်၊ လူ့ဘဝမှာ လူဖြစ်ရခိုက် လူလိုသူလိုလေးတော့ နေသွားမှဖြစ်မှာပေါ့။ ဒါမှ လူဖြစ်ရကျိုးနပ်မှာ၊ အန်တီတို့လို အပျိုကြီးတွေကို အတုယူလို့ကတော့ မဖြူ လူ့ဘဝဆိုတာ ဘာမှန်းတောင်သိမှာမဟုတ်ဘူး'

'အခု ညည်းကရော သိနေပြီလား'

'အဲ… အဟီး… သိသေးဘူးလေ'

ဘာမှမသိဘဲနှင့်' ဆရာလုပ်ခြင်းအကျိုးမှာ မဖြူ၏လက်ခေါက်ခေါင်းပေါ်သို့ ခေါက်ခနဲရောက်လာခြင်းသာဖြစ်သည်။

'ဟွန်း… မဖြူကတော့ ခုကတည်းက အပျိုကြီးစတိုင်ဖမ်းနေပြီ'

❐



www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီး။

ဟုတ်ပါသည်။ မိုးလွင်ပြင်အဖေ၏ ညီမ ဒေါ်ဝသုန်သည် အပျိုကြီးဖြစ်သည်။ ဇီဇာကြောင်ပြီး ယောက်ျားမယူ၊ ကလေးမရှိသော်လည်း မိုးလွင်ပြင်ကို တော်တော်ချစ်ရှာသည်။ ထို့ကြောင့် မိုးလွင်ပြင်ကလည်း မိဘအိမ်တွင် နေသည်ထက် အဒေါ်အိမ်တွင် နေသည်က များသည်။

အဒေါ်အိမ်တွင် နေသည်က လွတ်လပ်သည်။ မိဘများလို မချုပ်ချယ်။ ထို့ကြောင့် မိဘနှင့်ဝေးလျှင် အေးရော သဘောထားသည်။ သူ့မိဘများကလည်း ညီအစ်ကိုသုံးယောက်ထဲတွင် အလယ်အလတ်ဖြစ်သည့် မိုးလွင်ပြင်ကို 'သင်းအိမ်မှာမနေလေ ကောင်းလေ၊ ကျွေးရသက်သာသည် ဟု သဘောထားသည်။

မိုးလွင်ပြင်ဆိုသည့်ကောင်က သိသိသာသာဆိုးတာ မဟုတ်။ ညီနှင့် အစ်ကိုက လိုချင်တာရှိလျှင် မိဘကို ပူဆာကြသည်။ သူက တစ်မျိုး၊ သူများတွေလို မိဘကို နားပူနားဆာမလုပ်။ အဲ... လစ်မှ ခိုးသည်။ ထို့ကြောင့် သူဆိုးတာ အပြင်လူ မသိ။ ထို့ကြောင့် အဒေါ်အပျိုကြီးအိမ်မှာ သွားနေသည့် မိုးလွင်ပြင်ကို ဘေးမဲ့ပေးထားသည်။ အဒေါ်ကိုတော့ မိုးလွင်ပြင်က ဒုက္ခမပေး။ တည့်ကြသည်။

တည့်ဆို ဝါသနာကလည်း တူကြသည့်လေ။ မိုးလွင်ပြင်အဒေါ်က မိုးလွင်ပြင် ကလေးဘဝအချိန်ကတည်းက 'ဝသုန်ခင်' ဆိုသည့် ကလောင်အမည်ဖြင့် စာရေးခဲ့သည်။ နှစ်ပေါင်း ၂၀ ကျော် ဖွဲ့ကောင်းကောင်းနှင့် စာရေးခဲ့သော်လည်း ယခုအချိန်အထိ စာရေးဆရာမဖြစ်သေးဘဲ ရေးပြီးသမျှစာမူတွေကို မဂ္ဂဇင်းတိုက်၊ စာပေတိုက်များသို့ မမောမပန်း လိုက်ပို့နေဆဲ ဖြစ်သည်။

ယခု တူဖြစ်သူ မိုးလွင်ပြင်၏ ကဗျာတစ်ပုဒ်စ၊ နှစ်ပုဒ်စ မဂ္ဂဇင်းများတွင် မှန်မှန်ပါလာသဖြင့် ဒေါ်ဝသုန် အောင့်သီးအောင့်သက်ဖြစ်နေသည်။ သို့သော်လည်း စာရေးဆရာရူးနှင့် ကဗျာရူးဆိုတော့ နှစ်ယောက်သား တည့်ကြသည်။ သို့သော်လည်း...





'ကြည့်စမ်းဟယ်၊ ရူးလည်း ရူးတဲ့လူတွေ'

မဂ္ဂဇင်းဖတ်နေလျက်က မဲ့ရွဲ့ပြောနေသဖြင့် မိုးလွင်ပြင်က ဒေါ်ဝသုန်ကို လှည့်ကြည့်သည်။ ပြီး... ထူးထူးခြားခြား ဘာတွေများပါနေပါလိမ့်ဟု တွေးရင်း လှမ်းမေးသည်။

'ဘာပါလို့လဲ အန်တီသုန်'

အဒေါ်ဖြစ်သူက မျက်မှန်ပေါ်မှကျော်၍ မျက်စောင်းထိုးသည်။ တကယ့်ကို သုန်သုန်မှုန်မှုန်မျက်နှာကြီးနှင့်။

'ဟဲ့... ငါ့ကို အန်တီသုန်လို့ မခေါ်နဲ့လို့ ဘယ်နှခါပြောရမလဲ'

'အင်... ဒါဆို အန်တီဝလို့ ခေါ်ရမှာလား'

မိုးလွင်ပြင် တမင်စနေခြင်းပင်။ သူ့အဒေါ်နာမည်က အဖျားဆွတ်ခေါ်၍ မကောင်းပါ။ ထို့ကြောင့် ကလောင်အမည်ကို ခေါ်စေချင်မှန်း သိသည်။

'အဟဲ... မှားလို့၊ ဘာများလဲ အန်တီခင်'

ခုချိန်မှတော့ မရတော့ပြီ။ မျက်နှာကိုချိုးကာ ပင့်ကာနှင့် မဲ့ရွဲ့ပြောသည်။

'ဘာပါရမှာလဲ၊ အရူးရေးတဲ့ အရူးကဗျာကို ဒီမဂ္ဂဇင်းထဲမှာ တွေ့ရလို့ပေါ့၊ ရွေးတဲ့ အယ်ဒီတာကလည်း တော်တော်ရူးတယ်ထင်တယ်'

မိုးလွင်ပြင် အလိုက်အထိုက်ပြောမိသည်။

'ဟုတ်တယ် အန်တီခင်ရဲ့၊ မဂ္ဂဇင်းထဲပါတိုင်း အထင်ကြီးလို့ မရဘူး၊ တချို့ကဗျာတွေက တော်တော်ဆိုးတယ်၊ နေပါဦး၊ အခု အန်တီဖတ်နေတဲ့ ကဗျာဆရာနာမည်က ဘယ်သူတဲ့လဲ'

မျက်နှာကြီး ပိုမဲ့သွားပြီး မေးကို ညာနှစ်ချက်ထိုးကာ နှုတ်ခမ်းကို ဘယ်တစ်ချက်ဆွဲသည်။ အကြောလိုက်နေခြင်း မဟုတ်ပါ။ အပီအပြင်ဖွဲ့တော့မည်မှန်း သိသာစေရန် အရှိန်ယူနေခြင်းဖြစ်သည်။

'ဘယ်သူဖြစ်ရမှာလဲ၊ မိုးလွင်ပြင်ဆိုတဲ့ နင့်ရဲ့ အရူးကဗျာပေါ့'

'ဗျာ'



www.burmeseclassic.com

www.burmeseclassic.com

မိုးလွင်ပြင် မျက်လုံးပြူးကြီးနှင့် နင်သွားတော့သည်။ တူဝရီး အချင်းချင်း ကြုံလျှင် ကြုံသလို နှိပ်ကွပ်နေကျမို့ ဒီအကွက်ကို ကြိုမြင်ဖို့ ကောင်းသည်။ ခုမှတော့ ခံလိုက်ပြီ။ အဒေါ်ဖြစ်သူကတော့ မျက်မှန်ကို တစ်ချက်ဆတ်ခနဲပင့်တင်လိုက်ပြီး မျက်နှာကိုလည်း ပြုံးဖြီးဖြီးလုပ်ကာ မဂ္ဂဇင်းကို ဆက်ဖတ်နေသည်။ အတန်ကြာမှ မိုးလွင်ပြင် စကားဆက်နိုင်ရှာသည်။

'အန်တီသုန်ကိုလည်း ပြောရဦးမယ်'

'လာပြန်ပြီလား ဒီနာမည်'

'ဒီလိုပဲခေါ်မှ ဖြစ်မှာလေ၊ ဝသုန်ခင်ဆိုတဲ့နာမည်က ဘယ်မဂ္ဂဇင်းမှာမှ တစ်ခါမှမတစ်ခါမှုးသေးတာ'

ဟုတ်နေတော့ ခံရခက်သည့်မျက်နှာနှင့် မဂ္ဂဇင်းပေါ်မှ ကျော်ကြည့်သည်။ စောစောလေးက မျက်နှာနှင့် တခြားစီဖြစ်သွားပြီဖြစ်သည်။

'အန်တီရဲ့ ဝသုန်ခင်ကလောင်အမည်နဲ့ ဝတ္ထုတွေကို မဂ္ဂဇင်းထဲ ထည့်ဖို့ ရွေးတဲ့ အယ်ဒီတာကမှ ရှားတာ'

'ဘာ…'

'ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်ကတည်းက ဒီနေ့အထိ မဂ္ဂဇင်း အယ်ဒီတာတွေထဲမှာ ရှားတဲ့အယ်ဒီတာ လုံးဝမပါတာ သေချာပါတယ်'

'ဘာဖြစ်လို့လဲ'

'စဉ်းစားကြည့်လေ'

ဒေါ်ဝသုန် ခဏတွေသွားသေးသည်။ ပြီးမှ ပယ်ပယ်နယ်နယ် ကောင်းချီးပေးသံကြီး ထွက်ပေါ်လာသည်။

'မသာလေး'

'ဒါပေမဲ့ အန်တီလေး စိတ်မပျက်ပါနဲ့၊ စာရေးဆရာမ အမြန်ဖြစ် ရေးနည်းလမ်းကောင်းကို ကျွန်တော်ပေးမှာပါ'

'မလိုဘူးဟေ့၊ နင့်အရှုးချေးပန်းဦးနှောက်က သုံးစားမရတာတွေပဲ ထွက်လာမှာ ငါသိတယ်'





'မဟုတ်ပါဘူး အန်တီရဲ့၊ ဒီတစ်ခါ အဲတည်၊ တကယ်အတည် ပြောမှာ၊ အန်တီလည်းကြားဖူးတယ် မဟုတ်လား၊ လူကိုခင်တော့ မူကိုပြင် တယ်၊ လူကောင်းတော့ မူပြောင်းတယ်ဆိုတာလေ'

'အဲဒါနဲ့ ဘာဆိုင်လဲ'

'ဆိုင်တာပေါ့ အန်တီရယ်၊ ဒီမှာ'

ပြောနေရင်း သူ အန်တီနှင့်ဝေးရာကို မသိမသာ တဖြည်းဖြည်း ချင်းရွေ့သည်။ ပြီးမှ ဆက်ပြောသည်။

'အဲလိုမျိုး မဂ္ဂဇင်းမှာ ကိုယ့်စာမူပါဖို့ဆိုတာ အယ်ဒီတာအရေး ကြီးသလို ထုတ်ဝေသူကလည်း အဓိကနေရာက ပါတာပဲ၊ ဒီတော့ အန်တီ စာရေးဆရာမဖြစ်အောင် အဟဲ… ထုတ်ဝေသူတစ်ယောက်လောက်ကို အပိုင်သိမ်းလိုက်ပါလား'

ဒေါ်ဝသုန် ပါးစပ်မှ ဘာသံမှထွက်မလာတော့ပါ။ သို့သော်လည်း လက်ထဲကိုင်ထားသည့် မဂ္ဂဇင်းစာအုပ်ကြီး ပြေးထွက်လာသဖြင့် မိုးလွင်ပြင်လည်း လုစ်ခနဲနေအောင် ကိုယ်ယောင်ဖျောက်ရတော့သည်။

❐

အိမ်ထဲမှပြေးထွက်လာသည့် မိုးလွင်ပြင် သူ့သူငယ်ချင်းနှစ်ယောက် ရှိလောက်မည်ထင်သည့် လက်ဖက်ရည်ဆိုင်သို့ ဆက်လျှောက်လာခဲ့သည်။

နှစ်ယောက်သား လက်ဖက်ရည်ဆိုင်တွင် ကျောက်ချနေကြသည် မှာ မည်မျှကြာနေပြီ မသိ။ စားပွဲပေါ်တွင် လက်ဖက်ရည်ပန်းကန်လွတ် များနှင့် စီးကရက်အစီခံများ ပြန့်ကျဲနေသည်။ မိုးလွင်ပြင်ကို မြင်သော် လည်း ခေါင်းဆတ်ပြရုံသာ။ ပြောလက်စအကြောင်းအရာကို အသည်းအသန် ဆွေးနွေးနေကြသည်။ အရေးတကြီးကိစ္စဖြစ်မည်မှတ်ကာ မိုးလွင်ပြင်ပါ စိတ်ဝင်စားသွားသည်။

'မင်းလည်း ငါ့အကြောင်း သိသားပဲ ညီရာ။ ငါတို့ [illegible]မနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ရင် ဘာအတွေ့မှမရှိသလို အကြုံလည်း နှတ္တိလေကွာ ဒါကြောင့် ရည်းစားတစ်ယောက်လောက်တော့ ဖျစ်ဖျစ်မြည်အောင် ထားတော့မှ ဖြစ်မယ်'

ကျော်ဝင်းမော်က မဟာတာဝန်ကြီးတစ်ရပ်ကို ယမ်းဆောင်မည့်သူကဲ့သို့ ပြောသည်။ မိုးလွင်ပြင်ကတော့ သူ့စကားထဲမှာ ပါသည့် ရည်းစားကို ဖျစ်ဖျစ်မြည်အောင်ထားတယ်ဆိုတာ ဘာလဲ စဉ်းစားမရဖြစ်နေသည်။ ညီသစ်ဆုးကလည်း မြှောက်ပေးသည်။

'ဟုတ်တယ်ကွ၊ မင်းကို့ ငါတို့ ဒီလူ့သမိုင်းပေးတာဝန်ကို မလွှဲမသွေထမ်းဆောင်ရလိမ့်မယ်'

'ဒီတော့ကွာ၊ ကျောင်းရက်ရှည်ကလည်း ပိတ်ဖို့နီးနေပြီဆိုတော့ နက်ဖြန်မှာပဲ ဒီကိစ္စကို စလိုက်ကြရအောင်၊ ခပ်သွက်သွက်လုပ်ရှားမှ ဖြစ်မှာနော်'

'အေး… ပြီးတော့ မင်းနဲ့ ငါ အကြိုက်ချင်းလွဲသွားတာ ကံကောင်းတယ်နော်၊ မဟုတ်ရင် အချင်းချင်း အဝေမတည့်ဘဲ လုနေရဦးမယ်'

အပြန်အလှန် အားတက်သရောပြောနေကြသည်မှာ မိုးလွင်ပြင်ကို ရှိသည်တောင် မထင်။ ထို့ကြောင့် ဖွတ်ဝင်မေးရတော့သည်။

'နေစမ်းပါဦး၊ မင်းတို့ ဘယ်သူ့ကို ကြံနေကြတာလဲ'

'မေမိုးသူ'

'ဘာ… ကွ…'

'ဟာ… လန့်လိုက်တာ မိုးရာ၊ စကားကို ဆုံးအောင်နားထောင်စမ်းပါဦး'

'အေးလေ… အလန့်တကြား လာအော်နေတယ်၊ မေမိုးသူရဲ့ သူငယ်ချင်းနှစ်ယောက်ကိုဟ၊ သိပြီလား ငကြောင်ရဲ့'

ထိုအချိန်ကျမှ မိုးလွင်ပြင် ရင်ဘတ်ကြီး အေးချမ်းသွားပြီး လက်ဖက်ရည်မှာဖို့ သတိရတော့သည်။

'ဘယ်သူက ဘယ်သူ့ကိုလဲ'

ညီသစ်ဆုးက သွားဖြီးကြီးနှင့် ဖြေသည်။

'အဟီး… ငါက စိုးစိုးစံကိုပေါ့ကွာ၊ ဘယ်လိုလဲ၊ ရှေ့သွားနောက်လိုက် ညီရဲ့လား'

'ညီပါတယ်၊ ကောင်မလေးက ရှေ့သွား၊ မင်းက နောက်ကလိုက်၊ မင်းခါးနဲ့ သူ့ခါးကို ကြိုးရှည်တစ်ချောင်းနဲ့ မလျှော့မတင်းလေး ချည်ထားလေ'

'ခွေးကောင်… မင်းပြောမှ ငါတို့လည်း နွားတွေဖြစ်တော့တယ်'

'အဲလို မရည်ရွယ်ပါဘူးကွာ။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်'

'ဘာလဲ'

'မင်းကောင်မလေးက မျက်လုံးမှေးတယ်'

'မှေးတော့…'

'မှေးတော့ အမြင်မကျယ်ဘူးပေါ့'

'အမြင်မကျယ်တော့…'

'ဟ… အမြင်မကျယ်မှတော့ အမြင်ကျဉ်းတာပေါ့'

မိုးလွင်ပြင်စကားကြောင့် ညီ ခေါင်းကုတ်သည်။

'အမြင်ကျဉ်းတော့…'

မိုးလွင်ပြင်က မပြောချင်သည့်ပုံစံနှင့် လက်ဖက်ရည်ကို ငုံ့သောက်နေရာ သိချင်ဇောနှင့် ညီသစ်ဆုး မျက်လုံးပါပြူးထွက်လာသည်။ ကျော်ဝင်းမော်ပါ စိတ်ဝင်စားလာပြီး မေးသည်။

'ဘာလို့လဲကွာ၊ အမြင်ကျဉ်းတဲ့မိန်းကလေးတွေက စိတ်ထားမကောင်းလို့လား'

မိုးလွင်ပြင် ခေါင်းခါသည်။

'ဟို… အမြင်မကျယ်တော့ ချုပ်ချယ်တတ်လို့လား'

ခေါင်းခါပြန်သည်။

'ဘာလဲ၊ မျက်စိရောဂါဖြစ်တတ်လို့လား'

ခေါင်းထပ်ခါပြန်သဖြင့် ညီသစ်ဆုး ပေါက်ကွဲတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို အမြင်ကျဉ်းတာ ဘာဖြစ်လဲကွာ၊ ပြောကွာ'

မိုးလွင်ပြင် ရေနွေးကြမ်းခွက်ထဲသို့ ရေနွေးကြမ်းအနည်းငယ်ငှဲ့ထည့်ပြီး ခွက်ကိုကျင်းသည်။ သွန်လိုက်ပြီးမှ ရေနွေးကြမ်းထပ်ငှဲ့သည်။ ပြီး တစ်ကြိမ်၊ နှစ်ကြိမ်မှုတ်လိုက်ပြီးမှ တစ်ငုံသောက်ကာ ခွက်ကိုပြန်ချသည်။ ပြီး ခေါင်းပြန်မော့ကာ…

'ခလုတ်ခဏခဏတိုက်တတ်တယ်လို့ ပြောမလို့ပါ၊ အမြင်ကျဉ်းတော့ အကုန်မတွေ့ရဘူးလေ'

'မင်း… ကွာ'

ညီသစ်ဆူး၏မျက်စောင်း မိုးလွင်ပြင်ပေါ်ကျလာပြီး ကျော်ဝင်းမော်က အော်ရယ်လေသည်။

'ဘာများလဲလို့ ငမိုးရာ၊ ဒါနဲ့ ငါ့ယင်းမာလေးကတော့ ဘာအပြစ်မှ ပြောစရာမရှိဘူးမို့လား၊ ပုပုလုံးလုံးနဲ့ ဝိုင်းဝိုင်းလေးလေ'

'ပုပုလုံးလုံးကတော့ ဟုတ်ပါပြီ၊ ဝိုင်းဝိုင်းလေးဆိုတာ ဘာကိုပြောတာလဲ၊ အင်း… ငါထင်တာကတော့…'

ကျော်ဝင်း မျက်နှာကြီးရဲသွားပြီး…

'ဟော့ကောင်… ငါပြောတာ မျက်နှာကွ၊ မျက်နှာ'

'အေးလေ… ငါလည်း မျက်နှာပဲပြောတာပါကွ၊ ဒါပေမဲ့ နည်းနည်းဝသလိုပဲ၊ ကြာရင် ပိုဝမယ်'

'ဝပါစေ၊ ကိစ္စမရှိဘူး၊ မြန်မာစကားမှာ 'ဝလို့ လှလိုပါလား'ပဲ ရှိတယ်၊ 'ပိန်လို့လှလို့ပါလား'လို့ မရှိဘူး၊ ဝလည်း ငါချစ်ရင် လှတာပဲ'

'အေးလေ… ပွဲစားပြောတော့လည်း ကားက ချောနေတာပေါ့၊ မမြင်ဖူးလို့ ထော်လာဂျီကို ကားထင်တာ မဆန်းပါဘူး'

'ရပါတယ်ကွာ၊ ထော်လာဂျီလည်း ကားပဲ၊ မတ်တူးရှေငါးလည်း ကားပဲ၊ Harrier လည်း ကားပဲ၊ Honda insight လည်း ကားပဲ၊ ငါကြိုက်ဖို့ပဲ အရေးကြီးတယ်'





'ကြိုက်ပါကွာ၊ ကြိုက်ပါ၊ ညားပြီးလို့ ဒီထက်ပိုဝမှ ငမိုးရေကယ်ပါဦးမလုပ်နဲ့'

'အကူခေါ်စရာလားကွ၊ ငါ့ကိစ္စ ငါရှင်းမှာပေါ့'

'ဒါမျိုးဆို ငမိုးမကူလည်း ငါကူနိုင်ပါတယ် သူငယ်ချင်း'

အကွက်ဝင်သည်နှင့် နှိပ်ကွပ်သည့် ညီသစ်ဆူးကိုပါ မျက်စောင်းဖောဖောသီသီထိုးရင်း…

'တော်ကွာ၊ တော်ကြ… ငါထထိုးမိလိမ့်မယ်'

မဆိုင်သေးဘဲနှင့် တိုနေသည့် ကျော်ဝင်းမော်ကို ဝိုင်းဟားရင်း မိုးလွင်ပြင်ဘက် လှည့်လာသည်။

'မင်းကရော မေမိုးသူကို စိတ်မဝင်စားဘူးလား'

'မင်းတို့မို့ မေးတတ်တယ်၊ ငါက ရည်းစားစကားတောင် ပြောချင်နေပြီ၊ မကောင်းတတ်သေးလို့ အချိန်နည်းနည်းစောင့်နေတာ'

'ဟော… ငါတို့ထက်ပိုပြီး ရော်ဂါရင့်နေပါလားဟ'

❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

'မင်းတို့ ဘ၀သရုပ်ဖော်ကဗျာရှည်တွေကို ကြိုက်ကြလား'

အားလုံးဝိုင်းထိုင်မိလိုက်ကြသည့်အချိန်တွင် ညီသစ်ဆူး၏ အဖွင့်စကားကြောင့် အားလုံးရှေ့ခ်ရသွားကြသည်။ အကြောင်းမသိသေးသည့် ကောင်မလေးသုံးယောက် အနည်းငယ်အထင်ကြီးသည့်မျက်ဝန်းဖြင့် ကြည့်ကြသည်။ မိုးလွင်ပြင်နှင့် ကျော်ဝင်းမော်တို့ကတော့ ညီတို့ ဖိန့်ဖိန့်တွေ သုံးနေပြီဆိုတာ သိသော်လည်း ကိုယ့်လူ ဂုဏ်သိက္ခာအတွက် ပြုံးရုံသာ ပြုံးကြသည်။

'ပြောပါဦး၊ ခပ်ကြီးကြီး ခပ်ကျယ်ကျယ်တွေ'

ဆရာကြီးမျက်နှာပေးကို ချက်ချင်းပြောင်းသွားသည့် ညီသစ်ဆူးက ဆရာကြီးအထာကို ခဏငှားပြီး ဆရာကြီးလိုပြုံးကာ ဆရာကြီးလို ချောင်းတစ်ချက်ဟန့်သည်။ သို့သော် အထင်တကြီးဖြတ်ပြောသည့် စိုးစိုးစံ စကားကြောင့် ဆရာကြီးမျက်နှာပေးမှ ပြုံ့ဖြီးဖြီးမျက်နှာပေးသို့ ချက်ချင်း ထပ်ပြောင်းသွားပြန်သည်။

'ကိုညီက ဘ၀သရုပ်ဖော်ကဗျာလိုင်းကိုလည်း ရတယ်ပေါ့၊ အဟင်း… ဟင်း… မထင်ရဘူးနော်၊ တကယ်… အစကဆို အထင်ကို မကြီးတာ'

'ဟဲ… ဟဲ… ဟဲ… ခုတော့…'





'သြော်… ခုလည်း အထင်ကြီးလို့မရသေးဘူးလို့ ပြောမလို့ပါ'

ပြုံးဖြီးဖြီးနှင့် အမှည့်လွန်သစ်သီးကြီးကဲ့သို့ ဝင်းထိန်နေသည့် ညီသစ်ဆူးမျက်နှာကြီးမှာ ပို၍အမှည့်လွန်လာပြီး ပြဲရဲသွားတော့သည်။ လက်ကလေးများနှင့် ပါးစပ်ကို ကိုယ်စီပိတ်ကာ တခွိခွိဖြစ်နေကြသည့် မိန်းကလေးများကို ပြန်မပြောသာသည့် ညီခများ မိုးလွင်ပြင်တို့နှစ်ယောက်ကိုသာ မျက်စောင်းဆင့်ဆင့်ထိုးနေသည်။ ဒါကိုမြင်သည့် ယင်းမာနှင့် မေမိုးသူ က…

'ဟယ်… ကိုညီက မျက်စောင်းလည်းထိုးတတ်တယ်တော့'

'အေး… မထင်ရဘူးနော်၊ တို့တွေလိုပဲ'

အားလုံးဝိုင်းရယ်နေကြသဖြင့် စိုးစိုးစံက ဝင်ပြီးကယ်တင်သည်။

'ကဲပါ… စိုးစိုးက စတာပါ၊ ကိုညီ့ကို အစကတည်းက အထင်ရော အမြင်ပါ ကြီးပြီးသား'

'ဟင်… အထင်ကြီးတာ ဟုတ်ပါပြီ၊ အမြင်ကြီးတာက အဲ… ကြီးစရာက…'

'သြော်… စိုးစိုးတို့ထက် အတန်းရော အသက်ရော ကြီးတယ် လေ၊ အဲဒါကိုပြောတာပါ'

'အဟီး… တော်ပါသေးရဲ့'

အပြုံးကိုယ်စီနှင့် လေပေးဖြောင့်နေသည့် ညီသစ်ဆူးတို့အတွဲကို ကြည့်ပြီး မိုးလွင်ပြင်တို့နှစ်ယောက် မနာလိုဖြစ်သွားကြသည်။ မေမိုးသူ ကို ခိုးကြည့်ရာ မသိဟန်ဆောင်၍ မျက်လွှာချသွားသည်။ ကျော်ဝင်းမော် ကတော့ ပြောင်ပင် ယင်းမာကို ဟီးခနဲသွားဖြီးပြသည်။

'ကိုညီနားလည်တဲ့ ဘ၀သရုပ်ဖော်ကဗျာက ဘယ်လိုမျိုးလဲ'

မေမိုးသူ၏အမေးကို ညီသစ်ဆူးက ပြုံးရင်း ပြန်ပြောသည်။

'ဘ၀သရုပ်ဖော်ကဗျာဆိုတာ တော်ရုံလူ ရေးလို့မရနိုင်ဘူး… ပြောရမယ်ဆိုရင် ဘ၀သရုပ်ဖော်ကဗျာဆရာက ပတ်ဝန်းကျင်က လူတွေ ဖြစ်အပျက်တွေကို သတိလက်လွတ်မနေရဘူး၊ မျက်ခြည်မပြတ် ရှုစမ်း



www.burmeseclassic.com

www.burmeseclassic.com



လေ့လာမှတ်သားနေရမယ်၊ အရာရာကို ကဗျာလိုပဲမြင်ပြီး ရင်ထဲမှာ အပြ တစေ ဖွဲ့သီနေရမယ်၊ နောက်ဆုံး ရပ်ကွက်ထဲမှာ လင်မယားရန်ဖြစ်သံကို ကြားတာကအစ ကဗျာဖြစ်နေစေရမယ်'

မိန်းကလေးများက စိတ်ဝင်စားသွားကြပုံရသော်လည်း ကျော် ဝင်းမော်က…

'မင်းဟာက လွန်လွန်းပြီထင်တယ်၊ ကဲ… ထား… အဲလိုမျိုး ကြားရတယ်လို့သဘောထားပြီး မင်း အခုစပ်ပြစမ်းပါ၊ မများပါဘူး၊ တစ် ကြောင်းစ နှစ်ကြောင်းစလောက်ပါပဲ'

ညီမျက်နှာပေါ် ချောင်ပိတ်မိသည့် ခံစားချက်ဖြစ်ပေါ်လာသည်။ သို့သော်…

'ငကျော်… မင်းဟာလေ… အေး… ကောင်းပြီ၊ ငါလက်တန်း စပ်ပြမယ်'

ညနေတိုင်း ပြန်လာရင်ကွယ်၊ တော် ဒီအရည်တွေသောက် သောက်လာတယ်။

ပင်ပန်းလို့ပါ မိန်းမရယ်၊ အာဆွတ်ရုံလေးပါကွယ်။

တော်က အရည်တွေသောက်၊ ကျုပ်မှာ အိမ်စရိတ်မလောက်။

ဗွီဒီယိုကြည့်တာ လျှော့ပေါ့ကွယ်၊ ဟိုထိဒီထိထိုးတာ လျှော့ပေါ့ ကွယ်။

တော့သားသမီးတွေက များ၊ အငတ်ထားလိုက်ရမလား။

ဒါဆိုရင်လည်း လွယ်ပါတယ်၊ မင်းထဘီပေါင်လိုက်ကွယ်။

ကျုပ်ထဘီက တစ်ထည်တည်း၊ ချွတ်ပေါင်လိုက်ရင် တဟီး… ဟီး…။

'တော်… တော်သင့်ပြီ သူငယ်ချင်း၊ ဒီလောက်ဆို မင်းအရည် အချင်းကို ရှင်းရှင်းလင်းလင်းကြီးမြင်နေရပြီ၊ အဲ… နောက်ဆုံးစာလုံးလေး 'တဟီးဟီး' ဆိုတာလေးသာ ရှင်းပြ'





'အဲ… အဲဒါကကွာ၊ ဟိုလေ၊ ဒီကဗျာဖြစ်လာတဲ့အချိန်က ဆောင်းတွင်းကြီးလေ၊ ဆောင်းတွင်းမှာဆိုတော့ အဟီး… ချမ်းတာ ပေါ့ကွ'

'တော်ပြီ… ဟိုးထား… လုံးဝကိုရှင်းသွားပြီ'

အားလုံးဝိုင်းရယ်ကြတော့သည်။ မိုးလွင်ပြင် ဝင်ထိန်းရတော့သည်။

'အေး… နှစ်ကောင်လုံးတော်ကြတော့၊ ညီဆိုတဲ့ကောင်ကလည်း ကြီးကြီးကျယ်ကျယ် ဘဝသရုပ်ဖော်တွေ ဘာတွေပြောပြီး နောက်ဆုံး ဘယ် ရောက်သွားတာလဲ'

'ဟ… ဒါ ဘဝလေကွာ၊ အရက်ရယ်၊ ထီရယ်၊ ကလေးတွေ ရယ်၊ ဆင်းရဲကရယ်၊ ပြီးတော့…'

'အေးပါ… ဟုတ်ပါပြီ ကိုဘဝကြီးရယ်၊ ပြောတဲ့စကားနဲ့ မျက်နှာထားနဲ့ လိုက်လည်းလိုက်တယ်'

ရယ်မောပြောဆိုကြရင်းနှင့် အားလုံးရင်းနှီးခင်မင်သွားကြတော့ သည်။ ပြီးနောက် ကောင်လေးသုံးယောက်က ခွဲတမ်းချထားသကဲ့သို့ပင် ကိုယ်နှင့်ဆိုင်ရာဆိုင်ရာဆီ ဦးတည်ကြသည်။ မိုးလွင်ပြင်က…

'မေမိုး ကျောင်းတွေပိတ်တော့မယ်နော်'

'အင်းလေ… ဘာလဲ၊ ကျောင်းမပိတ်ဖို့ ပါချုပ်ကို သွားပြော ပေးရမှာလား'

ညောင်နာနာပြောသည်ကို မေမိုးသူက လောင်သည်။

'တကယ်ပြောလို့ရှိရင် ကောင်းတာပေါ့၊ ခုမှ မေမိုးနဲ့ရင်းနှီးရတာ၊ ကျောင်းပိတ်ရင် ဝေးရတော့မယ်'

'အနေဝေးသွားတော့…'

'ခဏခဏသတိရနေမှာပေါ့'

'သတိရနေတော့…'

'လွမ်းနေရမှာပေါ့'

'လွမ်းနေတော့…'



www.burmeseclassic.com

www.burmeseclassic.com



'လူချင်းတွေ့ချင်လာမှာပေါ့'

'တွေ့ချင်လာတော့…'

'အိမ်ကိုလာရှာမှာပေါ့'

'လာရှာ… လာ… ဟိုးထား၊ အဲဒါတော့ မဖြစ်ဘူး၊ အိမ်က အရမ်းစည်းကမ်းကြီးတာ၊ အကြောင်းမရှိဘဲ အပြင်ထွက်လို့ မရဘူး၊ ထွက်ရင်လည်း အစ်ကိုဖြစ်ဖြစ် အဒေါ်ဖြစ်ဖြစ်ပါမှ ထွက်ရတယ်'

ပြေးလမ်းပိတ်သွားသည့် မိုးလွင်ပြင် မျက်နှာကြီးမဲ့ကျသွားသည်။ ခဏငိုင်နေပြီးမှ ဂျင်ဆင်းပါသည့်အားဆေး သောက်လိုက်ရသည့်မျက်နှာမျိုးဖြစ်လာကာ…

'ဒါဆို မေမိုးနဲ့ အဆက်အသွယ်မပြတ်အောင် ဖုန်းနံပါတ်…'

'အဲဒါမှ ခက်တာ၊ အဖေက ဒီလိုအခြေအနေတွေ ကြိုမြင်လို့ ဖုန်းဝယ်မပေးထားဘူး၊ ဖုန်းနှစ်လုံးတော့ ရှိတယ်၊ ဒါပေမဲ့ အဖေနဲ့ အမေ တစ်လုံးစီကိုင်ကြတယ်'

'ဒါဆို အိမ်ကြိုးဖုန်း'

'ကြိုးဖုန်းလည်း မတပ်ထားဘူး'

လမ်းဆုံးသွားပြီဖြစ်သည်။ သို့သော်လည်း မိုးလွင်ပြင်ဆိုတော့ မလျှော့။

'ကိုယ့်ဖုန်းနံပါတ် ပေးထားမယ်လေ၊ မေမိုးသတိရတဲ့အခါ ဆက်လို့ရတာပေါ့'

'ဖြစ်ပါတယ်'

ဖုန်းနံပါတ်ရေးထားသည့် စာရွက်ကို လှမ်းယူပြီး မေမိုးသူ အတန်ကြာငိုင်နေသည်။ ပြီးမှ…

'သြော်… မဖြူဆီမှာ ဖုန်းရှိတယ်၊ သူ့ဖုန်းနဲ့ဆက်ရင်တော့ ရတယ်'

'မဖြူဆိုတာက…'

'မေမိုးရဲ့အစ်မဝမ်းကွဲပါ၊ သူကတောင် ပြောနေသေးတယ်၊ ကိုမိုးကဗျာတွေက ကောင်းတယ်တဲ့'





'တကယ်… အဟီး… မေမိုးအစ်မက ဖတ်တတ်လိုက်တာ၊ စဉ်းစားတွေးခေါ်တတ်လိုက်တာ၊ တော်တော်ချောတဲ့မိန်းကလေးပဲ ဖြစ်ရမယ်၊ ဒါနဲ့… အပျိုလားဟင်'

'ဘာမှလည်းမဆိုင်ဘူး'

ငမ်းကြောထမေးခွန်းကြောင့် မေမိုးမျက်နှာကည်သွားသည်။ စိတ်ဆိုးသွားပုံရသဖြင့် မိုးလွင်ပြင် ပြန်ချော့ရသည်။

'နောက်တာပါကွ၊ မင်းအစ်မက မင်းလောက်တော့ လှမယ်မထင်ပါဘူး'

'တော်ပါ… ခုမှ လာမြှောက်မနေပါနဲ့၊ မေမိုးအစ်မက မေမိုးထက် အများကြီးပိုလှတယ်၊ ပြီးတော့… အရမ်းအေးတာ'

'ဟုတ်လား၊ ဒါဆို နွေရာသီသိပ်ပူတဲ့အခါ သူ့ဘေးနားသွားကပ်နေရရင် အိုကေပဲနေမှာ'

'အဲလိုမျိုး အေးတာကိုပြောတာမဟုတ်ဘူးရှင့်'

မေမိုးသူက ပြောရင်း မျက်စောင်းဆင့်ဆင့်ထိုးနေသည်။ မိုးလွင်ပြင်က ကြည့်ကောင်းကောင်းနှင့် စိုက်ကြည့်နေသည်။ ကြာတော့ မေမိုးသူ၏အကြည့်ပါ အရောင်ပြောင်းလာပြီး နှစ်ယောက်သား မျက်လုံးချင်း စကားပြောနေကြတော့သည်။ ထိုအချိန်မှာပင်…

'တော်လိုက်ပါတော့ ညီရယ်၊ မင်းနဲ့ပေါင်းတဲ့ ငါတို့ပါ သိက္ခာကျမယ်'

ကျော်ဝင်းမော်၏ အသံကျယ်ကျယ်ကြောင့် နှစ်ဦးသား ကြည်နူးနေသမျှ ဖီးလ်ပျက်သွားကာ လှည့်ကြည့်လိုက်ကြသည်။ ယင်းမာနှင့် စိုးစိုးက ရယ်နေပြီး ညီသစ်ဆူးမျက်နှာ ရယ်ကျဲကျဲဖြစ်နေသည်။

'ဘာဖြစ်လို့လဲ'

'ဒီမှာ ညီက သူ့ရဲ့ ခုနက ဘဝသရုပ်ဖော်ကဗျာကို မဟာကဗျာ ရှည်ကြီးဖြစ်အောင် ဆက်ရေးမလို့တဲ့'

မိုးလွင်ပြင်ကိုလည်း စစ်ကူတောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲ သူငယ်ချင်း၊ ငါဆက်ရေးရင် ဖြစ်နိုင်ပါတယ်နော်၊ ငါ့ရဲ့ I.Q ကို မင်းတို့လည်း သိပါတယ်'

'အေး··· ဟုတ်တာပေါ့၊ မင်းက အရမ်းမြင့်တာ၊ တက်လမ်းလည်း ရှိတယ်'

'ငါသိနေတယ် ငမိုး၊ မင်းမှာ အမှန်ကို အရှိအတိုင်း တွေးခေါ်မျှော်မြင်နိုင်စွမ်းရှိတယ်'

'မှန်တာပေါ့ သူငယ်ချင်းရာ၊ ကဲ··· ကျော်ကြီး၊ စိတ်ကျန်းမာရေးဆေးရုံကို ဖုန်းဆက်၊ ဒီမှာ တက်လမ်းရှိတဲ့တစ်ယောက်ကို လာခေါ်ပေးပါလို့'

ညီသစ်ဆူးမျက်နှာမဲ့သွားပြီးသကာလ ဆဲဆိုသံ ပလူပျံလာတော့သည်။

အားလုံးဝိုင်းရယ်ကြသော်လည်း မေမိုးသူတစ်ယောက်တည်း မရယ်ပါ။ တစ်စုံတစ်ခုကို လေးလေးနက်နက်တွေးတောနေသည်။

မိုးလွင်ပြင်က သူမကို စိုက်ကြည့်နေစဉ် မျက်လုံးလေးတစ်ချက် လှန်ကြည့်သဖြင့် အကြည့်ချင်းဆုံသွားကြသေးသည်။

မနက်ဖြန်ဆိုသည့် အရာတိုင်းတွင် ဒီလိုမျိုး ကြည်နူးစရာလေးများသာ ပြည့်နှက်နေမည်ဆိုပါက···

❑

မေမိုးသူတို့သုံးယောက် စားသောက်ဆိုင်တန်းတွင် ထိုင်နေကြသည်။ မျက်လုံးတွေကတော့ ဆိုင်ရှေ့လမ်းပေါ် ရောက်နေကြသည်။ နေ့တိုင်းလာပြီး ကြောင်နေကျ မိုးလွင်ပြင်တို့သုံးယောက် ဒီနေ့ ရောက်မလာသေးသဖြင့် မျှော်နေကြသည်။ နေ့လယ် ၂ နာရီကျော်သည်အထိ မလာကြသေးသဖြင့် စောင့်ရသည်ကို စိတ်မရှည်နိုင်ဖြစ်နေကြသည်။

ယခင်က သာမန်မျှသာ လိမ်းခြယ်လေ့ရှိသည့် မေမိုးသူပင် ဒီနေ့





ခပ်လန်းလန်းလေးဖြစ်သည်ထိ ပြင်လာသည်။ ကျန်နှစ်ယောက်မှာတော့ ဆိုဖွယ်ရာမရှိပြီ။

သူမတို့ စိတ်ပါလာပြီဆိုမှ ဟိုငနာတွေ ရောက်မလာသဖြင့် ဒေါသနှင့်အတူ လက်ပါ ပါချင်နေကြပြီဖြစ်သည်။ စိတ်ပါလက်ပါ တွေ့ချင်နေကြသည်ဆိုခြင်းမှာ သူတို့ ယခုဖြစ်နေကြခြင်းမျိုးလား မသိ။

မေမိုးတစ်ယောက် စိတ်မရှည်နိုင်ဖြစ်နေသည်။ စိတ်ထဲမှ မိုးလွင်ပြင်နားရွက်ကို အကြိမ်တစ်ထောင်လောက်ဆွဲနေသဖြင့် မိုးလွင်ပြင်နားရွက်ရှည်ကြီးနှင့် ဖြစ်နေလေပြီ။ စောင့်ရသည်ကို စိတ်မရှည်သဖြင့် စကားစသည်။

'ယင်းမာ နင်တို့ ရိပ်မိလား'

ယင်းမာက စိုးစိုးကို ဘာကိုဆိုလိုတာလဲဟု သဘောနှင့် မျက်ခုံးပင့်ပြသည်။ စိုးစိုးက···

'ချိုင်းမွေးလောက်တော့ နတ်လည်းဖြစ်တာပဲ၊ ရိတ်မနေပါဘူး၊ နော် ကောင်မရယ်'

မျက်စလေးဝင့်ပြီးပြောရာ နဂိုတိုနေသည့် မေမိုး စိတ်မရှည်ဖြစ်သွားသည်။

'ဟဲ့··· နင်ညစ်ပတ်မှန်း သိပြီးသား၊ အဲဒါကိုပြောနေတာ မဟုတ်ဘူး၊ ကိုညီနဲ့ ကိုကျော်ကြီး နင်တို့ကို အတင်းကပ်နေတာ ရိပ်မိလား မေးတာ'

'သြော်··· အဲဒါပြောတာလား'

'ငါတို့ကျတော့ မေးတယ်၊ ကိုမိုးကိုရော နင်ဘယ်လိုမြင်လဲ'

'ဆိုးပါဘူးဟဲ့၊ ကြည့်ကောင်းသားပဲ'

'ကောင်မစုတ် လူလည်မကျနဲ့၊ ပြော'

မေမိုးသူ ခဏငြိမ်သွားသည်။ ပြီးမှ···

'ငါမရိပ်မိဘဲနေမလားဟယ်၊ ဒါပေမဲ့ ခုချိန်မှာ သူ ငါ့ကိုဖွင့်ပြောရင်တော့ ငါငြင်းရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



‘ဟင်… ဘယ်လိုကြီးလဲ’

‘သူနဲ့ ငါသိတာ ဘာကြာသေးလို့လဲ၊ လွယ်လွယ်ရမယ်ထင်လို့ ဖွင့်ပြောတာပေါ့ဟဲ့၊ ငါကလည်း လွယ်လွယ်ကြိုက်တဲ့လူမျိုးကို မုန်းတယ်’

‘အံမယ်… မူတာလား၊ အချိန်အခါက မူလို့မကောင်းဘူးနော်’

‘ဟုတ်တယ်၊ မြန်မာပြည်မှာ ယောကျ်ားလေးဦးရေက မိန်းကလေးဦးရေထက် အများကြီးနည်းနေတာ၊ မူနေရင် ကျန်ရစ်ဖြစ်မှာပဲ’

နှစ်ယောက်ညှပ်ပြောတာကို မေမိုးက မလျှော့။

‘ဟင်း… ညည်းတို့ကလည်း အညာလွယ်လိုက်တာနော်’

‘အိုး… လွယ်လွယ်ပဲ၊ ကိုယ်ကြိုက်မှတော့ မူစရာလား၊ နော် စိုးစိုးရယ်’

‘အေးလေ… ကိုယ့်ထက်လှတဲ့ဟာတွေကို မမြင်ခင် အပိုင်ချုပ်ထားမှ စိတ်အေးရမှာ၊ မူနိုင်ပါဘူးအေ’

စိုးစိုးက အဘွားကြီးလေသံနှင့် ခေါင်းခါခါ လည်ခါခါပြောသဖြင့် ယင်းမာ ရယ်လေသည်။ မေမိုးက သူတို့နှစ်ယောက်ကို စိတ်ပျက်သည့် အမူအရာနှင့် ကြည့်ပြီးမှ ခေါင်းစဉ်ပြောင်းသည်။

‘ဒီနေ့မှ သင်းတို့တစ်တွေကလည်း ဘာဖြစ်လို့မလာသလဲ မသိဘူး’

‘အေးဟယ်… ဟော… ဟိုမှာ လာပါပြီရှင်’

‘ဟင်း… စိတ်ညစ်ပ!’

ယင်းမာစကားကြောင့် ဆိုင်ရှေ့လှမ်းကြည့်မိသည်။ မေမိုးထံမှ စိတ်ပျက်လက်ပျက် ‘ဟင်း’သံ ထွက်လာသည်။ ဆိုင်ရှေ့ရောက်လာတာက ညီမင်းထက်လေ။ မေမိုးတို့နှင့် အတန်းတူ၊ အခန်းတူ ကျောင်းစတက်ကတည်းက မေမိုးကို နည်းမျိုးစုံချဉ်းကပ်ခဲ့ပြီး မကြာမီက ဖွင့်ပြောထားသူ။ မေမိုးကို အရိပ်တကြည့်ကြည့်နှင့် တစ်မေတည်းမေ တစ်မိုးတည်းမိုးနေသူ။

‘စိတ်ကူးမလွဲနဲ့ မိမိုး၊ သူကမှ နင့်ကို တကယ်ချစ်ပုံရတာ၊ နင့်ရဲ့ စံပေတံနဲ့လည်း အံဝင်တယ်’





‘သူက ငါ့ကို အရမ်းအောက်ကျို့လွန်းလို့ ချစ်မရတာ’

မေမိုးစကားအဆုံးမှာပဲ ညီမင်းထက် ဆိုင်ထဲဝင်လာထိုင်သည်။

‘မေမိုး နင်တို့ အတန်းမတက်ဘူးလား’

‘နင်ဘယ်မှာမြင်လဲ’

လေသံပျော့လေးနှင့် မေးသော်လည်း မေမိုးသူလေသံက မာသဖြင့် ညီမင်းထက် မျက်နှာငယ်သွားသည်။ ယင်းမာနှင့် စိုးစိုးကတော့ သနားကြသည်။ ညီမင်းထက်က ရုပ်ရှိရေလှျံဆိုသည့်လူမျိုးဖြစ်သည်။ ထို့ပြင် မေမိုးမှလွဲ၍ တခြားကောင်မလေးများနှင့်ပတ်သက်ပြီး မည်သည့်လေသံမျှ မကြားရသည့်လူမျိုး။

‘အေးပါဟာ… ငါက စကားမရှိ စကားရှာပြောတဲ့သဘောပါ။ နင်တို့ ဟိုလူသုံးယောက်ကို စောင့်နေတာမို့လား’

‘သိရဲ့သားနဲ့ ဘာလို့မေးတာလဲ’

မေမိုးက နဂိုစိတ်တိုနေသူမို့ မနိုင်နိုင်ရာ ဖိဟောက်သည်။ ဒါပေမဲ့လည်း ကိုယ်က ချစ်ရသူမို့ ညီမင်းထက်က အပြစ်မမြင်ပါ။ မနေနိုင်မထိုင်နိုင် ထပ်မေးပြီး စပ်စုလိုက်သေးသည်။

‘ဟိုလေ သူတို့နဲ့ နင်တို့က ဘယ်လိုကနေ ဘယ်လိုခင်သွားကြတာလဲ’

မေမိုးက ဘာမှမဖြေသဖြင့် စိုးစိုးက ဝင်ပြောသည်။

‘သူတို့ ကဗျာဆရာတွေဟဲ့၊ ငါတို့ကလည်း ကဗျာဝါသနာပါတယ်လေ… ဆိုတော့…’

‘ဪ…’

‘ပြီးတော့ သူတို့က သုံးယောက်စလုံး ချောတယ်နော်’

‘အင်း… ဟုတ်မှာပေါ့’

အတန်ကြာသည်အထိ စကားဝိုင်းက တိတ်ဆိတ်သွားသည်။

‘မေမိုး’

‘ဘာလဲ… ဆို’



www.burmeseclassic.com

www.burmeseclassic.com



မေမိုး၏ စိတ်မရှည်စွာ ပြန်ထူးသံက ညီမင်းထက်ကို တွန့်သွားစေသည်။

'ဟို… ဟိုလေ… ငါ ပရိုပို့စ်လုပ်ထားတဲ့ကိစ္စလေး'

'သွားသေလိုက်ပါလား၊ ငါစိတ်မဝင်စားသေးဘူးလို့ ဘယ်နှခါ ပြောရမှာလဲ'

'အေးပါဟာ… နင်စိတ်ဝင်စားလာတဲ့အခါ ငါ့ကိုလည်း ထည့်စဉ်းစားပေးပါနော်'

မေမိုးက ဘာမှပြန်မပြောဘဲ ညီမင်းထက်ကို တစ်ချက်စူးခနဲ‌ေ အောင် မျက်စောင်းထိုးကာ ဆိုင်ထဲမှထွက်သွားသည်။ စိုးစိုးနှင့် ယင်းမာပါ ပြေးလိုက်သွားသဖြင့်…

စားပွဲဝိုင်းတွင် သူမတို့သုံးယောက်သား စားသောက်သွားသဖြင့် ပြန့်ကျဲကျန်နေခဲ့သည့် ပန်းကန်များနှင့် မချိုပြုံးလေးသာ ပြုံးနိုင်တော့သည့် ညီမင်းထက် ကျန်နေခဲ့သည်။

စားပွဲဝိုင်းကို တစ်ချက်ဝေ့ကြည့်ပြီးသောအခါ ညီမင်း၏ မချိုပြုံးမှာ မဲ့ပြုံးအဖြစ်သို့ ပြောင်းလဲသွားတော့သည်။

'ငတိမတွေ ငါ့ကို အသုံးချသွားပြန်ပြီပေါ့'

❐



## အခန်း (၅)

တစ်ရက်။

ဟုတ်ပါသည်။ တစ်ရက်တည်းသာပါ။ မနေ့က တစ်ရက်တည်း E-major ဘက်သို့မသွားရသဖြင့် ညီသစ်ဆူးနှင့် ကျော်ဝင်းမော်တို့ မိုးလွင်ပြင်ကို မကြည်ကြပါ။

ဒီနေ့မနက် ကျောင်းကိုရောက်သည့်အချိန်တွင် စောစောစီးစီး မင်္ဂလာမရှိ မျက်နှာအိုကြီးတွေနှင့် ဖြစ်နေကြသည်။

'မင်းတို့မျက်နှာတွေက ဘာဖြစ်နေကြတာလဲ၊ အိပ်ရေးမဝသလိုပဲနော်'

'အဲဒါ မင်းနဲ့ဘာဆိုင်လဲ၊ နေရာတကာ စပ်စပ်စုစု'

ကျော်ဝင်းမော်က ဘုတောသည်။

'ဘယ်လိုလဲ ညီ၊ မင်းလည်း အမြင်မကြည်ဘူးပေါ့လေ'

ညီသစ်ဆူးက ဘာမှပြန်မပြော။ နပစောင်းစောင်းတစ်ချက်ကြည့်ပြီး မျက်နှာတစ်ဖက်လှည့်ထားသည်။

'အေးလေ… ဒီနေ့တော့ သွားရမှာပါ'

'တကယ်…'

ငတိနှစ်ကောင် မျက်နှာယိမ်းတိုက်ထားသကဲ့သို့ မိုးလွင်ပြင်ဘက်သို့ လှည့်လာကြသည်။ ခေါင်းညိတ်ပြလိုက်ရာ…



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား မျက်နှာ နဂိုနေစပ်ဖြီးဖြီး ပြန်ဖြစ်လာကြသည်။

'မင်းတို့လိုပဲ ငါလည်းသွားချင်တာပေါ့ကွာ၊ ဒါပေမဲ့ ဒါ ပညာကွ၊ ပညာ… သူတို့စိတ်ကို ဆွပေးတဲ့အနေနဲ့ တစ်ရက်လောက်မသွားဘဲနေလိုက်တာ'

'အဲဒီတော့ ဘာဖြစ်လာမှာမို့လဲ'

'ထူးခြားလာမှာပေါ့ကွ၊ မင်းတို့ စောင့်ကြည့်၊ ငါတို့ရောက်တဲ့အခါ စိတ်ကောက်နေကြလိမ့်မယ်၊ အေး… အဲလိုမျိုး စိတ်ကောက်တာတို့၊ ရန်တွေ့တာတို့ဖြစ်ရင် ငါတို့ကို သူတို့ စိတ်ဝင်စားနေတာ သေချာပြီ၊ အဲဒါဆို ဖွင့်သာပြောလိုက်တော့ သူငယ်ချင်းတို့'

'ဘာလဲ… ညှို့ပါးနဲ့ စိုးစိုးရဲ့လက်ဝါး ညွှားရောလား'

'ဒီမှာ ကျော်ကြီး၊ အဲလိုဖြစ်စရာလား၊ မသကာ မင်းခေါင်းနဲ့ယင်းမာရဲ့ဒေါက်ချွန်ချွန်လေးနဲ့ဆို ပိုလိုက်ဖက်ဦးမယ်'

'မကိုက်ကြနဲ့ ဟော့ကောင်တွေ… ဒီမှာ အဆင့်မြင့်နည်းပညာတွေ၊ ဗျူဟာတွေ၊ နည်းစနစ်တွေ၊ အတွေးအခေါ်တွေနဲ့ မင်းတို့အတွက် ငါစဉ်းစားပြီး စီမံပေးနေတာ'

မိုးလွင်ပြင်ရဲ့ လေလုံးက တော်တော်လေးထွားသဖြင့် ကျန်နှစ်ယောက် အမြင်ကတ်သွားကြသည်။

'နေစမ်းပါဦး ငမိုးရဲ့၊ မင်းကို ငါမေးပါရစေဦး'

'အပြုသဘောဆောင်တဲ့ အမေးမျိုးကို ငါကြိုဆိုတယ် ကျော်ကြီး'

ကျော်ဂင်းမော်က မျက်ထောင့်နီနှင့် တစ်ချက်ရှိုးသည်။ ပြီးမှ…

'ခုချိန်ထိ မင်း ရည်းစားတစ်ယောက်ထားဖူးပြီလား'

'ရှင်းပါတယ်၊ No'

'ငါတို့မှာရော ရည်းစားရှိခဲ့ဖူးလား'

'ပိုတောင်သေချာသေးတယ်၊ No ပဲ'

'အေး… အဲဒီလို အတူတူနဲ့ အနူနူ သူစန္ဒာလ ကိုယ်သုဘရာဇာကိုပဲ မင်းက အချင်းချင်း တစ်က ိုပိုတူးနေချင်တယ်ပေါ့လေ'





ရေနွေးကြမ်းသာသောက်နေသည့် မိုးလွင်ပြင် တဟွတ်ဟွတ်နှင့် သီးသွားတော့သည်။

'အဟွတ်… ဟွတ်… မင်းကွာ… နှိုင်းစရာ ဒီလောက်ရှားရသလားဟ၊ ဒီလောက် ဝေါဟာရကြွယ်ဝတဲ့ မြန်မာစကားကို ပြောနေပြီးတော့၊ အေးလေ… မင်းတို့ရဲ့ လေ့လာမှုကလည်း တော်တော်အားနည်းရှာတာကိုး'

'မင်းဟာလေ… ကျော်ကြီး ဒီလောက်ပြောတာတောင် အမှတ်မရှိသေးဘူး၊ အချင်းချင်း ဆရာလာလုပ်နေရအောင် ပြော… မင်းက ဘာများပိုသိနေလို့လဲ'

မိုးလွင်ပြင်က တဟင်းဟင်းနှင့် အမြင်ကတ်စရာကောင်းအောင် ရယ်ပြန်သည်။

'စာအုပ်စာပေ လူ့မိတ်ဆွေဆိုတဲ့ စကားကို မင်းတို့ ကြားဖူးတယ် မဟုတ်လား'

'ဟာဟ… မင်းလိုကောင်က စာအုပ်အကြောင်းပြောတော့ အဲလိုပဲ ရယ်ပစ်လိုက်ချင်တယ်'

'အေးလေ… ကကြီး ခခွေးတောင် အစုံမရေးတတ်တော့တဲ့ကောင်က၊ ပြီးတော့ စာအုပ်က မိတ်ဆွေဖြစ်တာနဲ့ မင်းဆရာလုပ်တာနဲ့ ဘာမှမဆိုင်ဘူး၊ ရထားတစ်လမ်း ကားတစ်လမ်း'

မိုးလွင်ပြင် ကြောင်တောင်တောင်ဖြစ်သွားပြီး…

'ဟော့ကောင်… ပြဒါးတစ်လမ်း သံတစ်လမ်းလုပ်ပါဟ'

'အဲဒီစကားက ဗိုလ်ထိုးတဲ့လူတွေ သုံးတာ၊ ငါတို့က ရည်းစားထားတဲ့အကြောင်း ပြောနေတာ၊ သက်ဆိုင်သလို စကားလုံးကို သုံးရတယ်'

'ထိုးတာချင်းတော့ တူသလိုလိုပဲ ကျော်ကြီးရ'

'ဟာ… ဟော့ကောင်တွေ၊ မင်းတို့စကားက ရှုပ်ကုန်ပြီ၊ ဒီမှာ ငါပြောပြမယ်၊ ငါက အခု ဟိုးရှေးရှေးက ဆရာ့ဆရာကြီးတွေ ပြုစုခဲ့ကြတဲ့ မိန်းမတွေအကြောင်းစာအုပ်ကို လေ့လာနေတာကွ'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်'

'မင်းက…'

ဝေါ်နှစ်ကောင် စိတ်ဝင်စားမှုကြောင့် မျက်လုံးလေးတွေ ဝိုင်းသွ ကြသည်။

'ဟ… တကယ်ပေါ့ကွ၊ ကောင်မလေးတွေဆီရောက်တဲ့အ မင်းတို့ ကြည့်နေ၊ ငါပြောသလိုကို ဖြစ်နေစေရမယ်၊ ဟွန်း… ကိုညီတို့ များ စောင့်လိုက်ရတာ၊ ခုမှပေါ်လာရသလားလို့၊ သွား… လူဆိုး… အဲဒါမျိုး လာလိမ့်မယ်၊ အဟိ…'

'အဟေး… ဟေး… ဟုတ်မှာ၊ ဟုတ်ဦးမှာ'

သုံးယောက်သား ယောက်ျားကြီးတွေတန်မဲ့ ဟီလာတိုက်ရင်း နေကြတော့သည်။ ကျော်ကြီးက တိုးတိုးကပ်ပြောသေးသည်။

'ညီရေ… ဘာပဲဖြစ်ဖြစ် အသိပညာတိုးအောင် ဓမ္မိုးအိမ်က လိုက်ပြီး စာအုပ်ဖတ်ထားရမယ်'

'ဒါပေါ့ကွာ၊ အလိမ္မာ စာမှာရှိတဲ့'

မိုးလွင်ပြင်က စကားဝိုင်းကို ပိတ်ပေးလိုက်သည်။

'နောက်မှရှိ၊ အခုလောလောဆယ် E-Major ကင်တင်းနဲ့ကို ဒိုး ကြမယ်'

❐

'ဒါ သက်သက်မဲ့ ငါတို့ကိုစမ်းတာဟဲ့၊ စမ်းတာ၊ သိလား… ဟွန်း…'

ရုတ်တရက်ကြီး အသံကျယ်ကျယ်ထွက်သွားသဖြင့် ဆိုင်ထဲတွင် ရှိသည့် လူအားလုံး ဝိုင်းကြည့်ကြသည်။ ဒီတော့မှ မေမိုးသူ ရှက်သွားပြီး မျက်နှာလေးအောက်ငုံ့သွားသည်။

အတန်ကြာပြီး ပုံမှန်အတိုင်း အသံများပြန်ဆူညံလာတော့မှ ယင် မာက မေးသည်။





'ဟဲ့… နင့်ကို ဘယ်သူစမ်းလို့လဲ၊ တစ်ခါတည်း ဘယ်ပြန် သွားပြန်ပါးချပစ်ပါလား'

စိုးစိုးစံကလည်း…

'အဲဒါ လူသိတယ်ဟဲ့၊ ဒေါက်ချွန်နဲ့ ခြေခုံကို ဆောင့်နင်းလိုက် ရမှာ၊ ညံ့ပါ့'

'ဟယ်… နင်တို့က ဘာတွေပြောနေကြတာလဲ၊ ငါက ဟိုကဗျာ ဆရာအစုတ်ပလုတ်ကို ပြောတာ'

'ဟဲ့… ကိုမိုးက နင့်ကို ဘယ်တုန်းက စမ်းသွားလို့လဲ'

စိုးစိုး၏အမေးကြောင့် မေမိုးသူ မျက်နှာရဲသွားသည်။

'ငါပြောတဲ့ စမ်းတယ်ဆိုတာ အဲလိုမျိုး လက်ကြီးနဲ့မဟုတ်ဘူး'

'ခြေထောက်ကြီးနဲ့ပေါ့၊ မိုက်ရိုင်းလိုက်တာဟယ်'

ကြာလေလွဲလေဖြစ်လာသဖြင့် မေမိုး စိတ်တိုသွားသည်။

'ငါ့စကားကို ဆုံးအောင်နားထောင်ကြပါဦး မယ်မင်းကြီးမတို့ရယ်'

'သြော်… ခြေထောက်လည်း မဟုတ်သေးဘူးဆိုရင်…'

'တော်ပြီဟေ့… တော်ပြီ၊ မပြောတော့ဘူး'

မေမိုး တကယ်စိတ်ဆိုးသွားမှန်းသိသဖြင့်…

'နောက်တာပါဟယ်၊ နင်ကလည်း ရုပ်လေးလှသလောက် စိတ် က လိုက်တိုမနေပါနဲ့'

'အေး… ဟုတ်တယ်ဟဲ့ မေမိုး၊ စိတ်တိုရင် ရုပ်ဆိုးတယ်တဲ့၊ ပြုံးလိုက် သူငယ်ချင်း၊ ပြုံးလိုက်'

နှစ်ယောက်ဝိုင်းချော့တော့မှ မေမိုးမျက်နှာကြော လျော့သွားပြီး…

'တိုရမယ်ဟဲ့၊ နင်တို့ သတိမထားမိလို့။ ကိုမိုးတို့က ငါတို့ကို ဆရာကွက်နဲ့စမ်းတာ'

'ဟုတ်လို့လားဟယ်၊ သူတို့ တကယ်မအားလို့ မလာတာဖြစ် မှာပါ'

ပြန်မပြောမိ မေမိုးက နှုတ်ခမ်းကိုတစ်ချက်မဲ့ပြီး ခေါင်းကိုတစ် ချက်စောင်းကာ မေးကို နှစ်ချက်လောက်ထိုးလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း... နင်တို့ ဒီလိုပုံမျိုးနဲ့ ခံရမှာ မြင်သေးတယ်'

'ဟင်... ဘာလဲဟင်'

မျက်လုံးပြူးလေးတွေနှင့် ဝိုင်းမေးကြသည်။

'အညာခံရမှာကို ပြောတာ၊ သူတို့စိတ်ထဲမှာတွေးတာက ဒီလို ဟာ...'

ဆရာမကြီးအထာနှင့် အစချီပြီး ကျန်နှစ်ယောက်ကို lecture ရိုက်သည်။

'××××××××××××××××××××××'

'ဘာပဲဖြစ်ဖြစ် သူတို့ ဒီနေ့ ရောက်လာမှာပဲ၊ အဲဒီအခါကျရင် ခုနက ငါပြောထားသလိုနော်... ဖြစ်လား...'

'အိုး... ဆယ်ခါပြန်တောင် ဖြစ်သေး'

❐

မိုးလွင်ပြင်တို့သုံးယောက် ဆိုင်ကဲဝင်လာသောအခါ မေမိုးသူတို့က ဂရုစိုက်ရန်နေနေသာသာ လှည့်၍ပင်မကြည့်ကြ။

ညီသစ်ဆူးနှင့် ကျော်ဝင်းမော်တို့ တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်မိကြသည်။ ဒါတောင် မိုးလွင်ပြင်က...

'သူတို့ တမင်မမြင်ဟန်ဆောင်နေကြတာပါကွာ'

'ဟုတ် မဟုတ် မကြာခင် သိရတော့မှာပါ'

'မဟုတ်လို့ကတော့ မင်းအသက် ဖက်နဲ့ထုပ်ထား'

ကပ်ကြိမ်းပြီး မိန်းကလေးတွေဝိုင်းနား ကပ်သွားကြသည်။ ဝိုင်းဘေးတွင် ရပ်မိတော့မှသာ သုံးယောက်သား မော့ကြည့်ကြသည်။ မေမိုးသူက သာမန်မျက်နှာထားအေးအေးနှင့်ပင်...

'ဩော်... ကိုမိုးတို့ပါလား၊ ထိုင်ကြလေ၊ ဘယ်က လှည့်လာကြတာလဲ'





မိန်းကလေးသုံးယောက်က နူတ်ဆက်သည့်အပြုံးလေးတွေကိုယ်စီနှင့် ကြည့်နေကြသည်။ မိုးလွင်ပြင် ပြောသကဲ့သို့ စိတ်ဆိုး၊ စိတ်ကောက်သည့်အမူအရာ၊ ရန်တွေ့သည့်အမူအရာ၊ မည်သည့်ထူးခြားသည့်အမူအရာမျှ မမြင်တွေ့ကြရ။

ညီသစ်ဆူးနှင့် ကျော်ဝင်းမော်က မိုးလွင်ပြင်ကို မျက်စောင်းထိုးပြီး ပါးစပ်မှ အသံမထွက်ဘဲ ကြိတ်ဆဲလိုက်ကြသည်။ ဒါကိုမြင်သည့် စိုးစိုးစံက...

'ကိုညီ ပါးစပ်က ပွစိပွစိနဲ့ ဘာတွေရွတ်နေတာလဲ၊ အန္တရာယ်ကင်းဂါထာလား၊ ညီမတို့နားမှာ အေးဆေးပါ၊ အဲဒါတွေ မလိုပါဘူး'

'ခစ်... ခစ်... ခစ်...'

ကျန်မိန်းကလေးနှစ်ယောက်က ရယ်တောင် ရယ်လိုက်ကြသေးသည်။

လမ်းကြောင်းပြောင်းချင်နေသည့် စကားဝိုင်းကို မိုးလွင်ပြင်က အတင်းဆွဲတည့်သည်။

'ဘယ်ကမှ မလှည့်လာပါဘူး၊ မနေ့က မရောက်လို့ ဒီနေ့ရောက်အောင်လာခဲ့တာ'

မနေ့က မလာသည့်အကြောင်းအရာကို တမင်ထည့်ပြောပြီး အစဆွဲထုတ်လိုက်သည်။

ဘာဖြစ်လို့ မနေ့က မလာတာလဲ၊ ဘာညာ ရန်ထောင်သည့် အသံများ ထွက်လာမလား စောင့်ကြည့်သည်။ မိန်းကလေးများက အပြုံးမပျက် ပြန်ကြည့်နေကြသည်။

ထို့ကြောင့် အနည်းဆုံး မျက်စောင်းလောက်တော့ ထိုးလောက်ရဲ့ဟု မျှော်လင့်ပြီး တည့်ကစ်ကြည့်သည်။

'မနေ့က စောင့်နေကြသေးလား'

မေမိုးသူတို့သုံးယောက် တစ်ယောက်နှင့် တစ်ယောက် မျက်စိပစ်ရင်း မျက်လုံးချင်းစကားပြောလိုက်ကြသည်။ သူတို့အပြုံးတွေလည်း ပိုပြီးပီပြင်သွားသည်။ ပြီးမှ ယင်းမာက ပြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မနေ့က အတန်းတက်နေရတာနဲ့ပဲ ဘယ်လိုအချိန်ကုန်သွားမှန်းတောင် သတိမထားလိုက်မိဘူး၊ ဟုတ်တယ်နော် မေမိုး'

'ဟုတ်တယ်၊ အတန်းနားချိန်မှ ခဏလေးကင်တင်းနဲ့ထဲ လာထိုင်ပါတယ်၊ မေမိုးတို့ကို အသည်းအသန်ကြောင်နေတဲ့ အကောင်တွေ ရောက်လာလို့၊ ဒါပေမဲ့ ခဏပဲစကားပြောလိုက်နိုင်ပါတယ်၊ ကိုယ့်အာရုံနဲ့ ကိုယ်ဆိုတော့လေ၊ ကျန်တာ ဘာမှကို သတိမရနိုင်ပါဘူး'

မိုးလွင်ပြင်တို့သုံးယောက်စလုံး မဲ့သွားကြသည်။ ကျော်ဝင်းမော်နှင့် ညီသစ်ဆုးက မိုးလွင်ပြင်ကို မျက်ထောင့်နီနှင့် ဝိုင်းကြည့်ကြသည်။ မိုးလွင်ပြင်မျက်နှာလေး အိုကျသွားတော့သည်။

'သြော် ... ပြောရဦးမယ်၊ စိုးစိုးတို့ကို ကြောင်နေတဲ့လူတွေနဲ့ ဒီတစ်ခါကြုံမှ မိတ်ဆက်ပေးရဦးမယ်၊ ဒီနေ့တော့ လာကြမယ်မထင်ဘူး၊ မနေ့ကတည်းက ကြိုပြောသွားတာ'

'ဟုတ်တယ်၊ သူတို့က သဘောကောင်းကြပါတယ်။ ကိုမိုးတို့လည်း တွေ့ရင် ခင်သွားမှာ'

မျက်နှာပျက်စပြုနေသည့် ကျော်ဝင်းမော်က ...

'ဟုတ် ... ဟုတ်ပါပြီ'

'ပြောရမယ်ဆိုရင် ... သူတို့က ရုပ်ရှိရေလျှံတွေချည်းပဲ'

'သြော် ...'

မေမိုးရဲ့စကားကြောင့် ဆရာကြီးမိုးလွင်ပြင်ပါ သြော်သွားသည်။

'ညီမတို့ကလည်း ကျောင်းစာကိုပဲ အလေးထားတာမို့၊ နို့မို့ဆို မလွယ်ဘူး၊ အဲဒီလူတွေ ဖွဲ့ကောင်းပုံနဲ့'

'ပြီးတော့ သူတို့က အရမ်းဂရုစိုက်တတ်တာ'

'ဟုတ်တယ်၊ အပြောမဟုတ်တဲ့ လက်တွေ့သမားတွေလေ'

မိုးလွင်ပြင်တို့ နင်သွားသည်။ သူတို့က အပြောသမားတွေဖြစ်သွားပြီလေ။ ညီသစ်ဆုးက မျက်နှာမသာမယာနှင့် ...

'ဟို ... ဟိုလေ ... သူတို့နဲ့တွေ့တာရော ကြာပြီလား'





'ကိုညီတို့ထက် စောတာတော့ သေချာတယ်၊ လာကြောင်ကြတာကတော့ သူတို့တင် မကပါဘူး၊ သူတို့အုပ်စုကသာ စိတ်ဝင်စားစရာလေးတွေဖြစ်နေလို့'

'ဟုတ်တယ်၊ ကိုညီတို့အုပ်စုနဲ့တောင် ညီမတို့က ကဗျာကို ဝါသနာပါကြလွန်းလို့ ဆုံဖြစ်တာ'

စိုးစိုးစံကလည်း မျက်နှာလေးမော်ပြီး ပြောပြန်သည်။

'မိန်းကလေးဆိုတော့ ကိုယ့်ကို အမြဲတမ်းဂရုစိုက်သူကိုပဲ စိတ်ဝင်စားပြီး စဉ်းစားမိတာ၊ အနေဝေးပြီး တွေ့ဆုံနိုင်ခွင့်နည်းတဲ့လူတွေအပေါ် သွေးအေးသွားတတ်တာ သဘာဝပါပဲ'

ညီသစ်ဆုးမျက်နှာ လုံးဝကိုပျက်ယွင်းသွားတော့သည်။

ကောင်မလေးတွေက သူတို့ဆီမလာလာအောင် ကျုံးသွင်းနေခြင်းကို မွှန်နေသည့်သုံးယောက်လုံး သတိမထားမိကြ။ ညီသစ်ဆုးနှင့် ကျော်ဝင်းမော်မျက်နှာကို တစ်လှည့်စီကြည့်ရင်း မိုးလွင်ပြင် မျက်ခုံးလှုပ်နေတော့သည်။

'ဟုတ်တယ် စိုးစိုးရဲ့၊ အပြောသမားထက် ကိုယ်တိုင်သက်သေပြတတ်တဲ့ လက်တွေ့သမားတွေကမှ ယုံဖို့ကောင်းတာ၊ တချို့လူတွေက ရှေ့မှာတစ်မျိုး၊ ပြောပြီးကွယ်ရင် တလွဲလုပ်တတ်ကြတာ'

ရုပ်တည်လေးနှင့် ဝင်ပြောသည့် မေမိုးစကားကြောင့် မိုးလွင်ပြင်တို့အုပ်စု ကြက်နာကြီးတွေလို ငေါင်သွားကြသည်။ ပြီးမှ ကျော်ဝင်းမော်က ညောင်နာနာလေသံနှင့် မေးသည်။

'သူတို့က နေ့တိုင်းလာနေတာပဲလားဟင်'

'မနက်စောစော လာတတ်တာများပါတယ်၊ ကျန်တဲ့အချိန်လည်း လာချင်လာမှာပေါ့၊ ယင်းမာတို့က အတန်းတက်ဖို့အာရုံစိုက်တဲ့သူတွေဆိုတော့ သူတို့လာတိုင်းလည်း ဘယ်လိုလုပ်သိနိုင်မှာလဲ၊ ညီမတို့က စာသင်ခန်းထဲမှာပဲ အချိန်ကုန်တာများတာလေ'

ကင်တင်းနဲ့မှာပဲ အချိန်ပြည့်နီးပါးရှိနေသူတွေက ဖောင်မှု [illegible]



www.burmeseclassic.com

www.burmeseclassic.com



သမျှကို မွှန်နေသည့် ငထူသုံးကောင်က အပုတ်မှတ်နေသည်။ တစ်ခါ မရှိဖူးသည့်လူတွေကို ခုတုံးလုပ်ကာ ပဏာယူသမျှကိုလည်း မသိရှာကြ

'ဩော်… ခုရော ကိုမိုးတို့ အားရဲ့လား၊ မအားရင်လည်း ပြ ကြလေ၊ တော်ကြာ ဒီကိုခဏခဏလာနေလို့ အတန်းတွေလွတ်ကုန်ဦးမယ် မိဘတွေက ငွေကုန်ကြေးကျခံပြီး ကျောင်းကိုလွှတ်ရတာလေ၊ မေမိုးတို့ ဆို ကျောင်းစာက ပထမဦးစားပေးပဲ'

'ဟာ… ရတယ်… အားတယ်… အားပါတယ်… မေမိုးတို့ အတွက်ဆို အမြဲတမ်းအားပါတယ်'

ပျာပျာသလဲပြန်ပြောသည့် မိုးလွင်ပြင်စကားကြောင့် ကောင်မလေး သုံးယောက် ကျိတ်ပြုံးကြသည်။

တကယ်တော့ တန်ပြန်ထိုးစစ်အဆင်ခံရသည်ကိုပင် သတိမထား မိနိုင်သူမှာ ဆရာကြီးမိုးလွင်ပြင်ကိုယ်တိုင် ဖြစ်နေသည်။

□



## အခန်း (၆)

စာမေးပွဲနားနီးလာသဖြင့် တခြားကျောင်းသားများ စာတွေနှင့် ...တွေးနေချိန်တွင် မိုးလွင်ပြင်တို့သုံးယောက်ကတော့ အေးဆေးပင်။ စာမေး ...အတွက် မပူပင်ကြသော်လည်း မပာတ်သည့်နေရာတွင် ဝီရိယကောင်း ...ကြသည်။

အချိန်တိုအတွင်း ရည်းစားရရှိရေးစီမံချက်အဖြစ် မေမိုးတို့နှင့် ...နေကျဆိုင်သို့ ထွက်လာခဲ့ကြသည်။ ကောင်မလေးများ မရောက်သေး ...ဖြင့် စိတ်ရှည်လက်ရှည် ထိုင်စောင့်ကြပြန်သည်။

'ဘယ်လိုလဲ… မင်းတို့ရဲ့အနေအထားတွေ လှရဲ့လား'

'နီးစပ်ပါပြီ… မင်းအခြေအနေကရော'

'မေမိုးက လွယ်လွယ်နဲ့မရနိုင်ဘူးကွ'

ထိုစကားကြောင့် ကျန်နှစ်ယောက်က ဒေါပွသွားသည်။

'မင်းစကားက ဘာလဲကွ၊ ငါတို့ကောင်မလေးတွေကပဲ အညှာ ...ယ်နေသလိုလို'

'အေးလေ… မင်းမှာ အရည်အချင်းမရှိရင် မရှိဘူးဝန်ခံပါကွ၊ ...စ်ဖက်ကို မပုတ်ခတ်ပါနဲ့'

'ငါပြောတာက အဲလိုမျိုးမဟုတ်ဘူးကွ၊ မင်းတို့ဟာလေးတွေလည်း ...နရှိကြတာကတော့ အတူတူပါပဲ၊ ဒါပေမဲ့ မေမိုးက နည်းနည်းပိုပြီး ...ကြာတင်းသလိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း… အဲလိုရှင်းရှင်းပြော'

'တွေးလိုက်၊ ပြောလိုက်ရင် အကြီးကြီးတွေ၊ လုပ်လိုက်ရင်တော့ တလွဲ'

'ဟုတ်ပ၊ သူ့ကိုဆရာတင်ရင် ဒီတစ်သက် ရည်းစားရဖို့မမြင်ဘူး'

'ရည်းစားရဖို့မပြောနဲ့၊ ပါးချမခံရတာပဲ ကံကောင်း'

ဝိုင်းနှိပ်ကွပ်နေကြသော်လည်း မိုးလွင်ပြင်က အပြုံးမပျက်။ ခံရပါများ၍ အရေထူနေပြီလား မသိ။ ဆေးလိပ်ဖွာရင်း တစ်စုံတစ်ခုကို အလေးအနက်စဉ်းစားနေသည်။ ခဏကြာမှ…

'မင်းတို့ ကြားဖူးကြလား၊ အနောက်တိုင်းသိပ္ပံပညာရှင်တွေရဲ့ အဆိုအရ နမ်းရှုပ်ခြင်းသည် လူကို ဖျားစေနိုင်သည်တဲ့'

'ပေါက်ပေါက်ရှာရှာကွာ၊ မင်းကို ဘယ်သူပြောလဲ'

'မဖြစ်နိုင်ဘူး ဟေ့ကောင်'

'ငါ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတာကွ၊ မင်းတို့ကို ပြောသားပဲ၊ စာအုပ်စာပေ…'

'တော်… မင်းရဲ့ လူ့မိတ်ဆွေအကြောင်း တစ်ခါပဲခံမယ်နော်'

'ထားပါဦး… မင်းပြောသလိုဆို ဟောလီးဝုဒ်က မင်းသား မင်းသမီးတွေ ခဏခဏဖျားနေလို့ ရုပ်ရှင်တောင်ဆက်ရိုက်နိုင်မှာမဟုတ်တော့ဘူး'

မိုးလွင်ပြင်ကလည်း အညံ့မခံပါ။

'မဟုတ်ဘဲ သူတို့ကလည်း ပြောပါ့မလားကွ၊ သူတို့က လက်တွေ့သုတေသနပြုပြီးမှ ထုတ်ဖော်ကြေညာတတ်ကြတာ'

'ငါကတော့ မဖြစ်နိုင်ဘူးလို့ပဲ ထင်တယ်'

'မဖြစ်နိုင်ဘူးဆိုရအောင် မင်းက ဘယ်သူ့ကိုများ နမ်းဖူးလို့လဲ'

တစ်ချက်နင်သွားပြီးမှ ကျော်ဝင်းမော်က ပြန်ပက်သည်။

'မင်းကရော ဘယ်နှခါနမ်းဖူးလို့လဲ'





'အဟီး… မကြာခင် ကြုံမှာပေါ့ကွာ၊ အဲဒီအခါကျမှ လက်တွေ့ကျကျ စမ်းသပ်ကြည့်ရမယ်'

ဒီတော့မှ ကျန်နှစ်ယောက်လည်း စိတ်ပါလက်ပါဖြစ်လာပြီး…

'ငမိုး… မင်းပြောတာ စိတ်ဝင်စားစရာပဲကွ၊ တို့သုံးယောက်လည်း ရည်းစားရဖို့ သိပ်မလိုတော့ပါဘူး၊ အဟီး… အဲဒီအခါကျမှ စမ်းရသေးတာပေါ့'

'ဟုတ်ပ၊ နမ်းလို့ဖျားမယ်ဆိုရင်တောင် အဖျားပြတ်ဆေးဆောင်ထားပြီး နမ်းဦးမှာ'

သုံးယောက်သား အားအားယားယား ဟီလာတိုက်နေကြသည်။ မရောက်လာသေးသည့် အနာဂတ်ကိုမျှော်ရင်း အတွေးကိုယ်စီနှင့် ပြုံးပြုံးကြီးတွေ ဖြစ်နေကြသည်။ ထိုအချိန်မှာပင်…

'အစ်ကိုတို့… ထိုင်မယ်နော်'

တစ်ခါမျှမမြင်ဖူးသည့် ခပ်ဖြောင့်ဖြောင့်ကျောင်းသားတစ်ယောက်ကို မြင်လိုက်ပြီး ကြောင်သွားကြသည်။

တခြားဝိုင်းတွေကို ဝေ့ကြည့်ရင်း မိုးလွင်ပြင်က…

'စိတ်မရှိပါနဲ့ကွာ။ တခြားဝိုင်းတွေလည်း လွတ်နေတာပဲ'

'ဪ… အစ်ကိုတို့က ကဗျာဆရာတွေဆိုတာ သိထားလို့ပါ၊ ဒါကြောင့် အစ်ကိုတို့နဲ့အတူထိုင်ချင်တာပါ'

သုံးယောက်လုံး မျက်နှာတည်နေရာမှ ဖြီးသွားကြသည်။ ကဗျာဆရာဖြစ်တဲ့ သူတို့နဲ့မှ တစ်ဝိုင်းတည်းအတူတူထိုင်ချင်သည်ဆိုတော့လည်း ပြီးတော့ ကိုယ်တွေကိုလည်း ကဗျာဆရာလို့ အသိအမှတ်ပြုသည်လေ။

'ထိုင် ညီလေး၊ ထိုင်'

ထိုင်ခုံကို ဖုန်မသုတ်ပေးရုံတမည် နေရာပေးကြသည်။ ထိုကျောင်းသားက ဝင်ထိုင်ပြီး သူ့ကိုယ်သူ မိတ်ဆက်သည်။

'ကျွန်တော့်နာမည် ညီမင်းထက်ပါ၊ မေမိုးသူတို့နဲ့ အတူတူပါပဲ'

'ဘာ… မ… မဖြစ်နိုင်တာ'



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းမော်က ညီမင်းထက်ကို ခြေဆုံးခေါင်းဆုံး ပြုံးပြုံးကြည့်ကာပြောသဖြင့် ညီမင်းထက်ပါ အံ့သြသွားသည်။

'အစ်ကို... ဘာပြောတာလဲဟင်'

'မင်းကိုကြည့်ရတာ နွံ့နေပုံလည်း မရပါဘူး၊ မေမိုးတို့နဲ့အတူတူပဲဆိုတော့...'

ခဏကြောင်နေပြီးမှ ညီမင်းထက် ရယ်ကာ ပြန်ပြောသည်။

'ဟား... ဟား... အစ်ကိုတို့က တော်တော်ပျော်တတ်တာပဲ၊ မေမိုးတို့နဲ့ မေဂျာရယ် အတန်းရယ်တူတယ်လို့ပြောတာပါ'

'ဪ... အေး... အေး...'

'ကျွန်တော်လည်း မေမိုးတို့လိုပဲ အစ်ကိုတို့နဲ့ ခင်မင်ချင်လို့ပါ'

'မင်းက ငါတို့နဲ့ ဘာကြောင့်ခင်ချင်ရတာလဲ'

'ကျွန်တော်လည်း ကဗျာရေးတတ်ချင်လို့ပါ'

'ဟေ... တော်သေးတာပေါ့ကွာ'

မေမိုးတို့နှင့် သူတို့တွေ ခင်ချင်တာက ဟစ်မျိုးဖြစ်သဖြင့် ယခု ညီမင်းထက်ကပါ မေမိုးတို့လို ခင်ချင်သည်ဆိုသောအခါ တွေးစရာများသွားခဲ့ရသေးသည်။

'အစ်ကိုတို့ ကဗျာကို ဘယ်လိုရေးလဲဟင်'

ညီသစ်ဆူးက သွက်သွက်လက်လက်ပင် ဝင်ဖြေပေးသည်။

'ဘောပင်နဲ့ရေးတာများပါတယ်၊ ခဲတံနဲ့ရေးတဲ့အခါလည်း ရေးရတာပဲ၊ တစ်ခါတလေတော့ computerနဲ့ရေးတယ်၊ သိပ်မရွေးချယ်ပါဘူးကွာ၊ အဆင်ပြေသလို ရေးလိုက်တာပါပဲ'

ညီမင်းထက် မျက်နှာရှုံ့မဲ့သွားတော့သည်။

'ကျွန်တော်ပြောတာက ဘယ်လိုခံစားပြီးရေးလဲလို့ မေးတာပါ'

'အဟီး... အဲလိုရှင်းရှင်းမေးလေ'

ကျော်ဝင်းမော်က မေးခွန်းကိုပွတ်ရင်း ပြောမလိုဟန်ပြင်သဖြင့် ညီမင်းထက် စိတ်အားထက်သန်စွာဖြင့် မျက်နှာရှေ့တိုးလာသည်။





'ဒါက ဒီလိုရှိတယ် ငါ့ညီရဲ့၊ ဟိုကွာ... မင်းနားလည်လွယ်အောင် ရှင်းပြရတာ နည်းနည်းခက်မယ်၊ ဒီတော့... ညီ'

ရှင်းပြမလိုလိုနှင့် ညီသစ်ဆူးဘက် လှည့်သည်။

'ဘာလဲ...'

'မင်းပဲ ရှင်းပြလိုက်တော့'

ပြီး သူနှင့်မဆိုင်သကဲ့သို့ ရေနွေးငှဲ့သောက်နေသည်။

'ဟင်း... မသိရင် မသိဘူး၊ မတတ်ရင် မတတ်ဘူးလို့ မပြောဘူး'

ညီသစ်ဆူးက မျက်စောင်းထိုးရင်း ဆရာကြီးဟန်နှင့် မာန်သည်။ ပြီးမှ ညီမင်းထက်ကို ကြည့်ကာ...

'တကယ်တော့ ဒီကိစ္စက ကျော်ကြီးပြောသလိုပဲ ခပ်ခက်ခက်ကွ၊ အဟမ်း... ဆိုကြပါစို့ကွာ၊ မင်းပန်းချီဆွဲတယ်ဆိုပါတော့၊ ဥပမာ ပန်းပွင့်တစ်ပွင့်ပုံကို ဆွဲမယ်ဆိုရင် ပွင့်ညှာတံ၊ ပွင့်ရွက်၊ ပွင့်ဖတ်၊ ဝတ်ဆံတိုင် စသဖြင့်ပေါ့ကွာ၊ တစ်ခုချင်းစီကို ပုံဖော်ရတာလေ၊ အေး... ကဗျာရေးတယ်ဆိုတာကလည်း...'

'ကျွန်တော် ပန်းချီမဆွဲတတ်ဘူးဗျ၊ အဲ... သူများဆွဲတာလည်း တစ်ခါမှမကြည့်ဖူးဘူး'

ညီမင်းထက်စကားကြောင့် ဟန်နှင့် ပန်နှင့် ဆက်ရှင်းပြရန် အရှိန်ယူနေသည့် ညီသစ်ဆူး Dead stop brake အနင်းခံရသည့် ကားကဲ့သို့ ဆန့်ငင်ဆန့်ငင်ဖြစ်သွားပြီး နိဒါန်းနှင့်ပင် ရပ်တန့်လိုက်ရသည်။

ကျော်ဝင်းမော်နှင့် မိုးလွင်ပြင်တို့က ပြုံးလိုက်ကြသည်။

'အေး... ဒါဆိုလည်း ဆက်မပြောတတ်တော့ဘူးကွာ၊ ငမိုး... မင်းပဲရှင်းပြလိုက်တော့'

မိုးလွင်ပြင်က ညီမင်းထက်ကို အပြုံးနှင့်မေးသည်။

'ငါ့ညီ... မင်း စိတ်ကူးယဉ်ဖူးလား'

'ဘယ်လိုစိတ်ကူးမျိုးလဲ'


www.burmeseclassic.com

www.burmeseclassic.com

'ဥပမာကွာ… မင်းချစ်သူအကြောင်းပေါ့'

'ကျွန်တော့်မှာ ချစ်သူမရှိဘူးဗျ'

မိုးလွင်ပြင် တော်တော်စိတ်လေသွားတော့သည်။ သို့သော် ဒီငပေါ အကွက်တူထပ်ချိုးလာသည်ဟု ထင်မိသဖြင့် မရရအောင် ဆက်ပြောရန် ကြံလိုက်သည်။

'ဒါဆို မင်းချစ်နေတဲ့ ကောင်မလေးတော့ ရှိမှာပေါ့'

'အဲဒါတော့ ရှိပါတယ်'

ကျော်ဝင်းမော်က ဝင်ဖောက်သည်။

'ဒီအရွယ်ရောက်ပြီး မင်းမှာ အဲဒါမှမရှိဘူးဆိုရင်လည်း မင်း စိတ်ဝင်စားတာက ယောကျ်ားချင်းဖြစ်နေပါလိမ့်မယ်ကွ၊ အဲဒါတော့ မကောင်းဘူး ငါ့ညီ'

'အဲလိုဖြစ်စရာလားဗျ'

မိုးလွင်ပြင်က စကားဆက်သည်။

'အေးပါ… အဲဒီ မင်းကြိုက်နေတဲ့ ကောင်မလေးကို မင်းရဲ့ အတွေးထဲမှာ ဘယ်လိုထားလဲ'

'အတည့်ပဲထားမှာပေါ့ကွ'

'အေးလေ… ဘယ်သူက ဇောက်ထိုးထားမလဲ'

နားကြားပြင်းကတ်လာကြသည့် ညီသစ်ဆုးနှင့် ကျော်ဝင်းမော်က ဝင်လောင်သဖြင့် မိုးလွင်ပြင်က စွေကြည့်သည်။

'မင်းတို့မသိလို့ မရှင်းပြတတ်လို့ ငါက ပြောပြပေးနေတာလေ နားမလည်ဘဲနဲ့ ဘေးကနေ ဝင်မရှုပ်နဲ့၊ တိတ်တိတ်နေ၊ ဝင်မပေါင်နဲ့ ကြုံကြိုက်တုန်း မင်းတို့ပါ ပညာဝင်ယူကြ'

'ဖြစ်သွားရပြန်ပြီ၊ လုပ်လာပြန်ပြီ ငမိုး၊ မင်းနော်…'

'တော်ပြီ… အာရုံလာမနှောက်နဲ့၊ ကဲ… ငါ့ညီ ပြော၊ ယောကျ်ား ချင်းပဲ ရှက်မနေပါနဲ့'





'အဟီး… ရှက်ပါဘူးဗျာ၊ ပြောကြည့်မယ်နော်၊ သူနဲ့ ကျွန်တော် နဲ့ပေါ့နော်၊ အဲ… ကျွန်တော်နဲ့ သူပေါ့ဗျာ၊ အဟင်း… ဟင်း…'

ရှက်ပြီး ရှေ့မဆက်နိုင်သဖြင့် ညီသစ်ဆုးက ဝင်ဟောက်တော့ သည်။

'မင်းစကားက ရှေ့ကိုရောက်ဦးမှာလား၊ ငါတို့စောင့်နေတာ တစ်ရေးတောင်ရပြီ'

'ဆက်… ဆက်ပါပြီ၊ သူနဲ့ ကျွန်တော်နဲ့ သာယာတဲ့ဥယျာဉ် ကြီးထဲမှာပေါ့ဗျာ၊ အိမ်လှလှလေးတစ်လုံးကလည်း ပါသေးတာပေါ့၊ ပြီးတော့ ကားကောင်းကောင်းကြီးတွေလည်း စီးလို့၊ အဟဲ… ကလေးတွေလည်း မွေးကြမယ်ပေါ့ဗျာ'

'ဟိုး… ဟိုးထား… ဒီနေရာမှာ နည်းနည်းလွန်သွားပြီ'

ကျော်ဝင်းမော် ဖြတ်မေးသည်ကို ပြန်ရှင်းပြရသေးသည်။

'ဘယ်နေရာမှာလဲဟင်'

'ကားစီးတာနဲ့ ကလေးရရောလားကွ'

'ဩော်… မင်းကလည်း… ကားစီးရင်းလည်း ကလေးရနိုင် တာပဲ၊ မွေးလည်း မွေးနိုင်တာပဲ၊ စိတ်ကူးယဉ်တာပါဆို၊ ဘာမဆိုဖြစ်နိုင် တာပေါ့'

ညီသစ်ဆုးကပါ ဝင်ရှင်းနေသဖြင့် သူတို့နှစ်ယောက်ကို မိုးလွင် ပြင်က အံကြိတ်ကာ လက်သီးဆုပ်ပြပြီး…

'သူတို့ကို ဂရုစိုက်မနေနဲ့ ငါ့ညီ၊ ဆက်ပြော'

'အဲ… အဲဒါပဲလေ… ပြီးပြီ'

'အင်း… မင်းစိတ်ကူးတာကလည်း ကလေးရမှပဲ ပြီးတော့တာ ကိုးကွ၊ ကောင်းလိုက်တဲ့စိတ်ကူးကွာ'

'တော်ပြီလေဗျာ၊ ဒီလောက်ပဲ ကောင်းပါတယ်၊ ဒီထက်ဆက်ရရင် သူနဲ့ ကျွန်တော် အဘိုးကြီး အဘွားကြီးတွေဖြစ်၊ တောင်ဝှေးလေးတွေကိုယ်စီ


www.burmeseclassic.com

www.burmeseclassic.com



နဲ့ဆို စိတ်ညစ်စရာကြီးဗျာ၊ ခုအဆင့်လောက်ပဲဆို ဘယ်လောက်စိတ်ချမ်းသာဖို့ကောင်းလဲ'

'အံမယ်… ကောင်းလိုက်တဲ့စိတ်ကူး၊ ဒါတောင် မင်းဘက်ကပဲ ချစ်နေရသေးတာနော်'

'ဒါပေါ့'

'ကောင်မလေးက ပြန်ကြိုက်လို့ကတော့ ဟူး… မတွေးရဲဘူး'

'အဟီး… ဒါကတော့ဗျာ၊ စိတ်ကူးယဉ်တာလေ၊ စိတ်ကူး…'

'ကဲ… ထားပါတော့… မင်းစိတ်ကူးတဲ့အခါ ပုံရိပ်လေးတွေ မျက်လုံးထဲပေါ်လာမှာပေါ့'

'ဟာ… ပေါ်တာပေါ့'

'အဲဒီမှာ ကဗျာဖြစ်လာတော့တာ၊ ကဗျာဆိုတာ အဲဒီလို အတွေးထဲမှာ ပေါ်လာတာလေးတွေကို စကားလုံးလှလှလေးတွေနဲ့ နေရာအထားအသိုမှန်ကန်အောင် ချရေးပြရတာ၊ စိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်တဲ့နည်းတစ်ခုပဲလို့ပြောရင်လည်း ရတယ်'

'အဲဒီလိုမျိုးလား'

ညီမင်းထက် ခေါင်းတညိတ်ညိတ်နှင့် သဘောပေါက်သွားသည်။ မိုးလွင်ပြင်က ဆက်ပြောသည်။

'တကယ်တော့ ကဗျာရေးသူမှာ နက်နဲတဲ့အတွေးအခေါ်၊ ခံစားလွယ်တဲ့ နှလုံးသားနဲ့ လှပတဲ့စကားလုံးလေးတွေ ပိုင်ဆိုင်နေရမယ်၊ တော်ရုံပါရမီနဲ့တော့ ကဗျာဆရာကောင်းတစ်ယောက် မဖြစ်နိုင်ဘူးပေါ့ကွာ'

'ဟုတ်ကဲ့'

'ဥပမာကွာ… မင်းကောင်မလေးကို လွမ်းတယ်ဆိုပါစို့၊ အိပ်လို့ကလည်း မရ၊ လသာတာကိုလည်း မြင်ရမယ်ဆိုရင် ကဗျာတစ်ပုဒ်ရေးလို့ဖြစ်ပြီ'

'အဲ… နေဦးဗျ၊ ကျွန်တော့်အခန်းက လသာတာကို မမြင်ရဘူး'





အားတက်သရောရှင်းပြနေသည့် မိုးလွင်ပြင်၏မျက်နှာမဲ့ကျသွားသည်။ ညီသစ်ဆူးနှင့် ကျော်ဝင်းမော်တို့က ရယ်ကြသည်။

'ကဲ… ထားပါတော့ဗျာ၊ နောက်ညတွေမှ ဝရန်တာကနေ လသာတာကိုကြည့်ရင်း သူ့ကိုလွမ်းပြီး ကဗျာတစ်ပုဒ်စပ်ကြည့်မယ်'

'အေး… ဟုတ်ပြီ ငါ့ညီ၊ အစ်ကိုတို့နဲ့ပေါင်းရင် မင်း ဒီထက်ပိုပိုပြီးတော်လာမှာ၊ ခုမှ lecture အစပဲရှိသေးတာ'

ကျော်ဝင်းမော်က အသားလွတ်ရိုးလိပ်ဝင်ယူသည်။

မိုးလွင်ပြင်လည်း ရိုးသားပွင့်လင်းသည့် ညီမင်းထက်ကို ခင်သွားသည်။

'မင်းကြိုက်နေတဲ့ကောင်မလေးနဲ့ နီးစပ်ပြီလား'

'ဒီလိုပါပဲဗျာ၊ ပရိုပို့စ်လုပ်ထားတာတော့ ကြာပြီ၊ အဖြေတော့ မရသေးပါဘူး၊ သူ့မာနက တင်းခံနေတယ်ထင်တာပဲ'

'စိတ်တောင် ဝင်စားလာပြီ၊ နာမည်က ဘယ်သူတဲ့လဲကွ၊ ဘယ်မေဂျာ ဘယ်အတန်းကလဲ၊ ငါတို့လည်း ဝိုင်းကူသင့်ရင် ကူပေးရတာပေါ့'

'တကယ်လား'

'အေးပေါ့ကွ'

ယောကျ်ားတန်မဲ့ အောင်သွယ်ဝါသနာပါသည့် သုံးယောက်သားအားတက်သရော ဝိုင်းဖြေကြသည်။ သို့သော် ညီမင်းထက် ပြန်ဖြေသည့်စကားကြောင့် သုံးယောက်လုံး မျက်နှာအကြီးအကျယ်ပျက်ယွင်းသွားတော့သည်။

'ကျွန်တော်ချစ်နေတာ မေမိုးသူ'

❒

ဒီနေ့ မိုးလွင်ပြင်တို့ စာမေးပွဲနောက်ဆုံးဘာသာဖြေရသည်။ ထို့ကြောင့် နောက်တစ်နေ့ဆိုလျှင် ကျောင်းပိတ်ပြီဖြစ်သည်။ ညီသစ်ဆူးက…



www.burmeseclassic.com

www.burmeseclassic.com


'ကဲ… မင်း ဘာလုပ်မှာလဲ ငမိုး'

'ငါ ဘာမှမလုပ်တော့ဘူး'

'ဒီတိုင်းပဲ ဟိုမရောက် ဒီမရောက်ထားမယ်ပေါ့'

'ငါ့စိတ်ထဲမှာ မေမိုးသူကို ချစ်တာလား၊ ခင်တာလားဆိုတာ ဝေခွဲမရဘူးဖြစ်နေတယ်၊ ပြီးတော့ ညီမင်းထက်လောက် မချစ်နိုင်ဘူးဆိုတာ သေချာနေတယ်၊ ညီမင်းထက်နဲ့ မေမိုးသူက တော်တော်လိုက်ဖက်ညီတယ်လို့လည်း တွေးနေမိတယ်'

သူ့စကားအဆုံးတွင် ကျန်နှစ်ယောက် သက်ပြင်းချလိုက်ကြသည်။

'မင်းရင်ထဲက ခံစားချက်ကို ငါတို့ မဝေဖန်လိုဘူး၊ ဒါပေမဲ့ မထိခလုတ် ထိခလုတ်ပြောရင်းနဲ့ မင်းစကားလွန်သင့်သလောက် လွန်နေတယ်နော်'

'ဟုတ်တယ် ငမိုး၊ တစ်ခုတော်သေးတာက မင်းကိုယ်တိုင် ဖွင့်မပြောရသေးတာပဲ၊ ကောင်မလေးရဲ့ သဘောထားကို မင်းသိသလို ငါတို့လည်း ရိပ်မိတာပဲ၊ ခုချိန်မှာ အချိန်မီရုံလေးပဲနော်၊ မင်း ရှေ့ဆက်မတိုးရင်တော့ ဘာမှရှော့မရှိနိုင်ဘူး'

'အေး… ဘယ်မိန်းကလေးပဲဖြစ်ဖြစ် အချစ်ကြီးရင် အမျက်ကြီးတယ်ဆိုတာတော့ မင်းသိထားရလိမ့်မယ်'

သုံးယောက်သား ခဏငိုင်နကြရာမှ မိုးလွင်ပြင်က စကားလွှဲသည်။

'မင်းတို့ ဒီနေ့ဖွင့်ပြောတော့မယ်ပေါ့'

'အေးပေါ့… ငါတို့က ရင်ထဲအထိသေချာနေတဲ့လူတွေပဲ'

'အေးကွာ… အောင်မြင်ပါစေ၊ အဟဲ… ဒါဆို မကြာခင်မှာ မင်းတို့ ဟိုကိစ္စကို လက်တွေ့စူးစမ်းလို့ရကြတော့မှာပေါ့'

'ဟိုကိစ္စ… အဟီး… စမ်းဦးမှာ၊ စမ်းကို စမ်းဦးမှာ'

နှစ်ယောက်လုံး သွားဖြီးဖြီးတွေနှင့် တဟီးဟီးဖြစ်သွားကြသည်။ မိုးလွင်ပြင်ကတော့ သူ့ကိုယ်သူ ဘဝင်မကျဖြစ်နေသည်။ ဘာမှန်းမသိ ရေရေရာရာမဆုံးဖြတ်နိုင်သည့် သူ့ကိုယ်သူလည်း အားမရဖြစ်နေသည်။



'ကျော်ကြီးရေ… လာကြပြီကွ'

'အစီအစဉ်အတိုင်းပဲနော် ညီ၊ မင်းက စိုးစိုးစံကို ရအောင်ခေါ်ထုတ်၊ ငါက ယင်းမာကို တစ်နေရာခေါ်သွားမယ်'

နှစ်ယောက်သား တက်တက်ကြွကြွ ဆိုင်ထဲမှထွက်သွားကြပြီး ဆိုင်ရှေ့ရောက်နေသည့် မိန်းကလေးသုံးယောက်နှင့် စကားသွားပြောကြသည်။ ခဏအကြာတွင် မေမိုးသူတစ်ယောက်တည်းသာ ဆိုင်ထဲသို့ဝင်လာသည်။

မိုးလွင်ပြင်က မသိယောင်ဆောင်၍…

'မေမိုး… လာ… ထိုင်လေ၊ ကျန်တဲ့လူတွေရော'

'ဟိုဘက် ခဏလို့ ပြောတာပဲ'

ပြီးနောက် မိုးလွင်ပြင်က မေမိုးသူကို အတန်ကြာစိုက်ကြည့်နေရင်း သူ့ရင်ထဲမှ ခံစားချက်အစစ်အမှန်ကို ရှာဖွေနေမိသည်။ မေမိုး သတိထားမိသွားပြီး မျက်နှာလေးနီသွားကာ…

'ဘာလို့စိုက်ကြည့်နေတာလဲ… လို့'

မိုးလွင်ပြင်၏ နဂိုအကျင့်က မထိန်းနိုင်မီမှာ ချက်ချင်းခေါင်းထောင်ထလာကာ…

'ဩော်… ဒီနေ့မှ မေမိုးက လှလာသလိုပဲ'

'ဟွန်း… အပိုတွေပြောမနေနဲ့၊ ညီမက နဂိုကတည်းက လှပြီးသား'

ရှက်ပြုံးလေးနှင့် မျက်စောင်းလေးဝင့်ကာပြောပြီး ခေါင်းငုံ့သွားသည်။ သူတစ်ချက်ရယ်ပြီးမှ ဘာရိတ်အုပ်ကာ…

'အင်း… နက်ဖြန်ဆို ကျောင်းပိတ်ပြီနော်'

မေမိုးမျက်နှာလေး မှိုင်သွားပြီး…

'ဟုတ်တယ်၊ မေမိုးတို့ ဒီလိုတွေ့ရဖို့ မဖြစ်နိုင်တော့ဘူး'

'အင်း…'

'ဒီကြားထဲ မေမိုး ဖုန်းဆက်ဖြစ်မှာပါ'


www.burmeseclassic.com

www.burmeseclassic.com



ပြောစရာစကားရှားပါးပြီး တိတ်ဆိတ်သွားကြသည်။ အတန်ကြာမှ...

'သူတို့ကလည်း ကြာလိုက်ကြတာနော်'

'အင်း... တစ်ခါတည်းပါသွားကြပြီထင်တယ်'

မိုးလွင်ပြင်၏ အရောက်ပို့စကားကြောင့် နှစ်ယောက်လုံး အပြ ကိုယ်စီနှင့် တိတ်သွားကြပြန်သည်။

'အဲဒီကောင်မတွေက ပြောမရဘူး၊ မေမိုးတော့ အဖော်မဲ့ပါပြီ'

မိုးလွင်ပြင်က ဘာမှပြန်မပြော။

နှစ်ယောက်သား အကြည့်ချင်းဆုံကြပြီး ဘာရယ်မဟုတ် ရယ်လိုက်ကြသည်။

ရယ်သံကတော့ အသက်မဝင်သလိုလို။

□



## အခန်း (၇)

မိခင်အလုပ်ကို ကူညီပြီးချိန်တွင် ပွင့်ဖြူဖြူအတွက် အားလပ်နေသဖြင့် တစ်ယောက်တည်းပျင်းလာသည်။ ထို့ကြောင့် စိတ်ထဲတွင် ခံစားရသမျှကို ကဗျာတစ်ပုဒ်အဖြစ် ဖန်တီးရန် ကွန်ပျူတာရှေ့ထိုင်လိုက်သည်။ ထိုအချိန်မှာပင် မေမိုးသူရောက်လာသဖြင့် ပွင့်ဖြူဖြူ ပျော်သွားတော့သည်။

'လာ... ညီမလေး၊ မမလည်း ဧည့်သည်မျှော်နေတာ၊ လာလည်တာလား'

'အင်း... ဆိုပါတော့'

အားမရှိသည့် မေမိုးဖြေသံနှင့် မှိုင်နေသည့်မျက်နှာလေးကို ကြည့်ပြီးမှ...

'မျက်နှာလည်း မကောင်းပါလား၊ အမေဆူလို့လား'

မေမိုးက ခုတင်တွင် ဝင်လှဲရင်း ပြန်ပြောသည်။

'မဟုတ်ပါဘူး၊ ကျောင်းပိတ်ပြီဆိုတော့ သူငယ်ချင်းတွေနဲ့ မတွေ့ရတော့ဘူး၊ အပြင်ထွက်လည်ခွင့်လည်း မရဘူးလေ၊ ကြာတော့ ပျင်းလာတယ်၊ အခု မဖြူဆီလာကာတောင် အစ်ကိုကြီးပါတယ်၊ ညီမ မပြန်မချင်း မပြန်ဘူးတဲ့၊ အောက်မှာစောင့်နေတယ်၊ တကယ်စိတ်ညစ်ရတာ'

'သူ့ညီမကို စိတ်မချလို့ဖြစ်မှာပေါ့၊ နင်ကလည်း လှတာကိုး'

ပွင့်ဖြူဖြူက အပြုံးလေးနဲ့ပြောပေမယ့် မေမိုးသူမျက်နှာမဲ့သွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ပိုကိုပိုလွန်းတယ်ဟု တွေးနေရင်း အိပ်ရာပေါ်ရှိ ဟန်းဖုန်းလေးကို မြင်မှ ပျော်သွားတော့သည်။

'မဖြူ… ဖုန်းဆက်ချင်တယ်'

'ဆက်လေ… ဘာလဲ… ကောင်လေးဆီကိုလား'

မေမိုးသူ မျက်နှာလေး ရဲသွားသည်။

'မဟုတ်သေးပါဘူး'

'ဒါဆို ဟုတ်ကာနီးပြီပေါ့လေ'

အနားလာကပ်လှဲသည့် ပွင့်ဖြူဖြူကို ဘာမှမပြောတော့ဘဲ တဟင်းဟင်းလုပ်ကာ ဖုန်းခေါ်လိုက်သည်။

'သူ့ကို မဖြူလည်း နာမည်တော့သိပါတယ်၊ ကိုမိုးလေ'

'သိပြီ၊ အလွမ်းကဗျာရေးတဲ့ ကဗျာဆရာ'

'ဟုတ်တယ်၊ ဟင်… ခေါ်နေတာလည်း ကြာပြီ၊ ဖုန်းမကိုင်ပါလား'

အတန်ကြာသည်အထိ ဖုန်းမြည်နေပြီး မိုးလွင်ပြင်၏ အိပ်ချင်မူးတူးအသံကို ကြားရသည်။

'ဟဲလို… မိုးလွင်ပြင်ပါ'

'မဟုတ်ဘူးလို့ ဘယ်သူက ပြောလို့လဲ'

'ဗျာ'

'မဗျာပါနဲ့၊ ဘယ်သူက ခေါ်လို့လဲ၊ ခစ်… ခစ်… ခစ်…'

ဖုန်းစပီကာကို ဖွင့်ပြီး ညီအစ်မနှစ်ယောက် အတူနားထောင်ကာ အတူရယ်မောရင်း အူမြူးနေကြသည်။ တစ်ဘက်မှအသံ ခေတ္တတိတ်သွားပြီးမှ အိပ်ချင်သံနှင့် ပြန်မေးသည်။

'အခုပြောနေတာ ဘူတူလဲ… ဟင်'

'ဘီလူးမဟုတ်ဘူး၊ သရဲ'

'အဲဒီသရဲက ဘယ်သူလဲ… ဆို'

တဖြည်းဖြည်း စိတ်မရှည်သည့်အသံ ပေါက်လာသဖြင့် ညီအစ်မနှစ်ယောက် ပိုပြီးရယ်ကြသည်။



BURMESE CLASSIC .com



'နေပါဦး… ဖုန်းမမှားပါဘူး၊ ကြည့်… မတွေ့တာတောင်မကြာသေးဘူး၊ အသံကို မမှတ်မိတော့ဘူးပေါ့လေ'

တစ်ဘက်မှ အတန်ကြာအောင် အသံတိတ်နေသည်။

'ဟဲလို… ကိုမိုး… ပြန်အိပ်ပျော်သွားတာလား'

'ဟုတ်ပြီ… မေမိုး မဟုတ်လား၊ ဆောရီးပါကွာ၊ ညက ကောင်းသွားလို့ ခုချိန်ထိ အိပ်ချင်စိတ်မပြေသေးဘူး'

ညက အရက်သောက်သည့်အကြောင်းကို နားထောင်ကောင်းအောင်ပြောမှန်းသိသဖြင့် ညီအစ်မနှစ်ယောက်လုံး နှာခေါင်းရှုံ့ကြသည်။

'အဲဒီလို သောက်နေတာပဲလား၊ စိတ်ညစ်စရာ'

'တစ်ခါတလေပါ၊ အခု ဘယ်သူ့ဖုန်းနဲ့ ဆက်နေတာလဲ'

မိုးလွင်ပြင်က အတင်းလမ်းကြောင်းပြောင်းသည်။

'အစ်မဖုန်းနဲ့လေ၊ သူလည်း ကဗျာကို ဝါသနာပါတယ်'

'ဟုတ်လား… သူ့အသံလည်း မကြားရပါလား'

'ဘာလဲ… သူနဲ့ပြောချင်လို့လား'

'စကားပြောတတ်ရင်တော့ ပြောကြည့်ချင်သား'

'အောင်မယ်… ကျွန်မအစ်မက အ,မနေဘူး၊ ပြောတတ်ဆိုတတ်ပညာတတ်၊ ဘွဲ့ရပြီးသားရှင့်'

'ဟုတ်လား… ဒါဆိုရင် ခင်ထားရင် ကောင်းတာပေါ့'

'ဟင်း… အသံကြားချင်ရတာနဲ့၊ စကားပြောချင်ရတာနဲ့၊ ခင်ချင်ရတာနဲ့'

'ဟာကွာ…'

မေမိုးက သဝန်တိုပြီး အကြောမာနေပေမယ့် အစ်မဖြစ်သူက သတိမထားမိဘဲ ရယ်နေတော့သည်။ ထိုရယ်သံကို မိုးလွင်ပြင်ကြားပြီး…

'မင်းအစ်မက တော်တော်အရယ်သန်တာပဲနော်'

မေမိုးသူက နှုတ်ခမ်းကိုအနည်းငယ်စူပြီး…

'မဖြူနဲ့ ပြောမယ်တဲ့၊ ရော့…'



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဖြူဖြူ ဖုန်းကိုင်ပြီးချိန်တွင်…

‘မဖြူတဲ့လား’

‘ပွင့်ဖြူဖြူပါ’

‘နာမည်နဲ့လိုက်အောင် ရယ်သံကလည်း ဖြူစင်တယ်နော်’

‘ကိုမိုးလွင်ပြင်ရဲ့ ကဗျာတွေလည်း ဖတ်လို့ကောင်းပါတယ်’

မိုးလွင်ပြင်ထံမှ အသံတိတ်သွားသည်။

‘ဟဲလို… ဟဲလို… ဟဲ့… နင့်လူက မူးလဲနေပြီလား မသိဘူး’

တစ်ဖက်မှ အသံမကြားရသဖြင့် ညီအစ်မနှစ်ယောက် ပြောပြီး ရယ်ကြပြန်သည်။

‘ဟုတ်တယ်… မူးလဲနေတာ၊ မင်းအသံလေးက ချိုလွန်းလို့လေ’

မိုးလွင်ပြင်စကားကိုကြားပြီး မေမိုးသူ အရပ်ရယ်သွားပေမယ့် ပွင့်ဖြူဖြူက ရယ်နေရင်း ဆက်ပြောသည်။

‘အဟင်း… ဟင်း… ဟုတ်တယ်၊ ဆေးသကြားထည့်ထားတယ်လေ’

‘ဒါဆိုရင် ချောင်းဆိုးတော့မှာပဲ’

‘ကိုနီဒင်းသောက်ပေါ့’

လေယူလေပေးတည့်နေသည့် နှစ်ယောက်အသံကို နားထောင်ရင်း မေမိုးသူ စိတ်ထဲ မကျေမနပ်ဖြစ်လာသည်။

‘ကိုမိုးကို ဖြူရေးထားတဲ့ကဗျာတွေ ပေးဖတ်ရဦးမယ်၊ ပရော်ဖက်ရှင်နယ်လိုင်းတော့ မဝင်ဘူးနော်၊ ဖတ်မှာလား’

‘ဟာ… ဖတ်မယ်လေ’

‘ဖတ်ပြီးရင် ဝေဖန်ပေးရမှာ’

‘ရပါတယ်၊ ပျော်စရာကြီးပေါ့၊ အခုလာခဲ့မယ်၊ လိပ်စာပြော’

‘လိပ်စာ… အင်း… လိပ်စာက ကန်စွန်းရွက်နဲ့ ပေါက်ပေါက်ဆုပ်’

‘အဲဒီအကွက်က ရိုးလွန်းပါတယ်၊ နေတဲ့ အိမ်လိပ်စာကို ပြောတာ’





‘သြော်… အဲဒါလား၊ လိုက်မှတ်၊ အိမ်အမှတ်မရှိ၊ လမ်းအမည်မသိ၊ ရပ်ကွက်အမည်က မေးကြည့်၊ ရှာကြည့်မှ သိမည့်မြို့နယ်မှာ’

‘အင်… ဘယ်လိုကြီးလဲ’

ပွင့်ဖြူဖြူရဲ့ ရှုန့်တိန့်ကိုသဘောကျပြီး မေမိုးသူပါ အတူတူပြန်ရယ်မိသည်။

‘ကဲပါ… ညီမလေးနဲ့ပဲ ဆက်ပြောတော့’

‘ဟဲလို… မေမိုးလား… ပြောလေ’

‘မပြောတော့ဘူး… ပျင်းလို့ လှမ်းဆက်လိုက်တာ၊ ဟွန်း… အမြင်ကိုကတ်တယ်’

တကယ်တမ်းဆက်တာက သူဖြစ်ပြီး ပြောနေတာက အစ်မနဲ့ဆိုကော့ တင်းသွားပြီး ကောပစ်လိုက်သည်။ ပြီး… မေမိုးက ဖုန်းပိတ်မယ်ကြံပြီးမှ…

‘သြော်… ခဏလေး… ကိုမိုး ညကျရင် အားမလား’

‘ဟာ… အားတယ်… အားတယ်၊ ပါးစပ်ကလည်း ပြောချင်လွန်းလို့ ယားနေပြီ၊ အားအားယားယားဆိုတာ အဲဒါမျိုးကို ပြောတာ၊ ဘာအလုပ်မှမလုပ်ဘဲ မိဘလုပ်စာ ထိုင်စားနေတာ ကြာပေါ့၊ ပြော… ဘယ်ကိုလာရမှာလဲ’

‘လာရမှာ မဟုတ်ဘူး၊ ခဏကိုင်ထားဦး’

မေမိုးက ဖုန်းကို လက်နှင့်အုပ်ပြီး ပွင့်ဖြူဖြူနှင့် တီးတိုးတိုင်ပင်သည်။

‘ကိုမိုး ညကျရင် ခုနစ်နာရီလောက် ဒီဖုန်းကိုခေါ်လိုက်ပါလား’

‘ဟုတ်ပြီ… မေမိုး ရှိနေမှာလား’

‘ဟုတ်ကဲ့… လာစောင့်နေမယ်၊ ဒါပဲနော်’

မေမိုးသူ ဖုန်းပိတ်လိုက်သည်။ ပွင့်ဖြူဖြူမျက်နှာက ဘာကိုတွေးမိသည် မသိ။ ခပ်ပြုံးပြုံးလေးဖြစ်နေသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



မိုးလွင်ပြင်၏ ရင်သည် အတိုင်းအဆမရှိအောင် ခုန်ခြင်းတွေနှင့် အတူ ဓောက်ထိုးမိုးမျှော်ဖြစ်သွားခဲ့သည်။

လူကိုယ်တိုင် တစ်ခါမျှမမြင်ဖူးပါဘဲနှင့် အသံပဲကြားရသည့် ထို ကောင်မလေးက သူ့ရဲ့ရင်ခုန်သံများကို ပိုင်စိုးနိုင်ခဲ့သည်။ ဘာကြောင့်မှန်း သူကိုယ်တိုင် မဝေခွဲနိုင်ခဲ့။ သိနားလည်ရန်လည်း မကြိုးစားချင်တော့။

သေချာသည်မှာ ထိုပွင့်ဖြူဖြူဆိုသော ကောင်မလေးသည် သူ့ ကိုယ်ပိုင်ရင်ဘတ်ကြီးရဲ့ တောင်းဆိုမှုဟုပင်။

ထိုသို့သေချာသွားမှ ဆက်တွေးမိသည်။ ထိုကောင်မလေးသည် ဆုတောင်းကောင်းခဲ့သူလား။ သို့မဟုတ် တဃောဝင်စားသူလေးလား။ ထိုသို့ဆိုသော်လည်း ပြီးပြည့်စုံမည် မထင်သေးပါ။ တမင်လုပ်ယူ၍ ပြော ခြင်းမဟုတ်သည့် ပွင့်ဖြူဖြူ၏ ပင်ကိုစကားပြောသံက သြရှရှ ချိုအီအီလေး ဖြစ်နေသည်။ နေ့လယ်က ပြောခဲ့သည့် စကားသံက ခုချိန်ထိ သူ့နားထဲ တွင် စွဲငြိနေသေးသည်။

ထပ်၍သေချာသွားပြန်သည်မှာ ထိုကောင်မလေးကို တွေ့ဆုံလိုမှု ခြင်းဖြစ်သည်။ ပထမဆုံးဆုံတွေ့မှုကပင် တစ်သက်တာလုံးအတွက် ပတ် သက်မှုဖြစ်လိမ့်မည်ဟုလည်း ကြည်နူးစွာတွေးနေမိသည်။

ဆက်တီခုံပေါ်တွင် ဆန့်ဆန့်ကြီးလှဲရင်း ခန့်ခန့်ကြီးပြုံးနေသည့် မိုးလွင်ပြင်၏ ပီတိဖြစ်နေသည့်မျက်နှာကြီးကို ကြည့်ပြီး ဒေါ်ဝသုန် ခေါင်း ကို ဘယ်ညာယမ်းသည်။

'ကဗျာရူးတွေများ မျက်နှာပါရူးကြတာကိုး၊ အိပ်နေရင်းတောင် ပေါကြောင်ကြောင်မျက်နှာကြီး ဖြစ်နေရတယ်လို့၊ ဒါမှမဟုတ် အိပ်မက် ထဲမှာများ လူ့ရွှင်တော်ရွှေဖလားပြိုင်ပွဲဝင်နေသလား မသိပါဘူး'

မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်ရင်း ပြောလိုက်သည့် အဒေါ်ဖြစ် သူစကားကြောင့် မျက်လုံးကို ဖျတ်ခနဲဖွင့်လိုက်ကာ မျက်စောင်းထိုးလိုက် သည်။ မိန့်မိန့်ကြီးပြုံးနေသည့် ဒေါ်ဝသုန်မျက်နှာကို မြင်ပြီး မိုးလွင်ပြင် မဲ့သွားတော့သည်။





'ကဗျာရူးထက်ဆိုးတာက စာရူးဆိုတာ အန်တီခင် မသိဘူးလား'

'သိနိုင်ဘူးဟေ့၊ ငါတို့က ကဗျာရူး စာရူးဘဝကို လွန်မြောက် သွားပြီဆိုတော့လည်း…'

'အာ… ဘာ… ဘယ်လို…'

'ကဲ… သိချင်စရာတွေက များ၊ တော်ကီတွေက ပွား၊ လုပ် မနေနဲ့၊ အိပ်ချင်ရင် အိပ်ခန်းထဲမှာ သွားအိပ်၊ လောလောဆယ် ဒီနေရာက ဖယ်၊ ငါ သန့်ရှင်းရေးလုပ်ရဦးမယ်'

'ဘာဖြစ်လို့'

'ဧည့်သည်လာစရာရှိတယ်'

'ဒါလေးများ'

'အရေးကြီးဧည့်သည်လာမှာဟဲ့၊ စာရေးဆရာမ ဝသုန်ခင်ရဲ့ အချစ် ခံစားမှု လုံးချင်းဝတ္ထုကို ထုတ်ဝေမယ့် စာအုပ်ထုတ်ဝေသူလာမှာ'

'တကယ်… အဲလိုကြီး'

'ဟုတ်… တယ်… မယုံရင် နင်စောင့်ကြည့်လိုက်'

အတွေးပျက်သွားသဖြင့် စူပုပ်ပုပ်ဖြစ်နေသည့် မိုးလွင်ပြင်မျက်နှာ ချက်ချင်းအရောင်ပြောင်းသွားတော့သည်။ အဒေါ်ကို မျက်နှာချိုသွေးရ တော့မည်လေ။

'ဒါဆို… အန်တီခင်နဲ့ စာချုပ်ချုပ်မှာပေါ့၊ ဘယ်နှအုပ်လဲ'

'ဆယ်အုပ်ချုပ်မှာ၊ လောလောဆယ် ငါးအုပ်အရင်ထွက်ကြည့်မှာ'

'အောင်မြင်ရင် ဆက်ထွက်မှာပေါ့'

'ဒါပေါ့'

'ငါးအုပ်ဖိုးတော့ အန်တီခင် စာမူခရမှာပေါ့၊ သားကိုလည်း နည်း နည်းပေးသုံးနော်'

'အယ်… ဒါကတော့…'

'အတူနေ ဒီတူလေးတစ်ယောက်ပဲရှိတာ၊ ပေးမသုံးချင်ဘူးပေါ့'

'မဟုတ်ဘူးဟဲ့၊ ဘယ်လိုပြောမလဲ၊ ကလောင်သစ်အောင်ရမှာဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီငါးအုပ်ဖိုးအတွက် စာမူခရ… ရမှာမဟုတ်ဘူး၊ နောက်ပိုင်း ဆက်ထွက်ဖြစ်မှ…'

'ဟင်… ဒါမျိုးတွေ တကယ်ရှိတယ်'

'ကလောင်သစ်ကို စွန့်စွန့်စားစားတင်ပေးရမှာလေဟယ်၊ ငါက အဲဒီထုတ်ဝေသူကိုတောင် ကျေးဇူးတင်နေတာ'

'ဒါများ ခုနက ရေးကြီးခွင်ကျယ်ပြောနေရသေးတယ်'

ရပေါက်ရလမ်းမမြင်တော့သဖြင့် မိုးလွင်ပြင်က စိတ်ပျက်လက်ပျက်ပြောသော်လည်း သူ့အဒေါ်က အပြုံးမပျက်။ ပျော်တောင် ပျော်နေသေးသည်။

'ဘာပဲဖြစ်ဖြစ် နင့်အဒေါ် စာရေးဆရာမ ဖြစ်ပြီလေ'

'ဟွန်း… ဟိုမရောက် ဒီမရောက်စာရေးဆရာဘဝကိုများ…'

' ဘာပြောတယ်… ဟဲ့အကောင်'

'ပြေးပြီ'

မှီအုံးလှမ်းဆွဲသည့် ဒေါ်ဝသုန်ကြောင့် မိုးလွင်ပြင် အိပ်ခန်းထဲ ဝင်ပြေးသည်။

အခန်းထဲရောက်မှ အဒေါ်ကြောင့် ပျောက်ပျက်ခဲ့သည့် ကြည်နူးစရာအတွေးများကို ပြန်ပြုစုယူရသည်။

'ညခုနစ်နာရီရယ် မြန်မြန်ရောက်ပါတော့'

❒

'ဟဲလို…'

ပြန်ထူးသည့်အသံလေးက နားထဲမှတစ်ဆင့် ရင်ထဲအထိ အေးမြစွာ စီးဆင်းသွားခဲ့သည်။

'မေမိုးသူနဲ့ ပြောချင်လို့ပါ၊ ကျွန်တော် မိုးလွင်ပြင်ပါ'

'သြော်… ကိုမိုးလွင်ပြင်၊ ညီမလေး ပြန်သွားတယ်'





အတောင်ပေါက်သွားပြီကိုးဟု ပြန်မပြောဖြစ်ပါ။

'သူ့ပဲ ဖုန်းဆက်ခိုင်းပြီးမှ ဘာလို့ပြန်သွားတာလဲ မသိဘူး'

'သူ့အမေ နေမကောင်းလို့ဆိုပြီး ဖုန်းလှမ်းဆက်ခေါ်လို့ ချက်ချင်းပြန်သွားတာပါ၊ ဘာလဲ… အခုပြောလို့ရနေတဲ့လူကိုတော့ မပြောချင်ဘူးပေါ့လေ'

'သူက ဖုန်းဆက်ခိုင်းတဲ့လူဖြစ်နေလို့ပါ၊ ကိုယ်ကတော့ နားဝင်ချိုပြီး ဆွဲဆောင်မှုရှိတဲ့ အသံလေးကို ပိုနားထောင်ချင်တာပေါ့'

'အဲဒီမှာ စတွေ့တာနဲ့တူတယ်'

'မတွေ့ရသေးပါဘူးဗျာ၊ လိပ်စာဖျောက်ပစ်ချင်တဲ့သူရှိနေလို့'

ပွင့်ဖြူဖြူက တခစ်ခစ်ရယ်သည်။

'လိပ်စာကို လမ်းကြုံရင် ဂျမ်းဘုံဆီမှာ ဝင်ယူလိုက်ပါ'

'လုပ်ပြန်ပြီကွာ၊ ပြောရင်းဆိုရင်း အနားတောင်ပြေးလာချင်ပြီ'

'သြော်… မေးရဦးမယ်၊ သူက ခုမှ ဒုတိယနှစ်ဆိုတော့ ဖြူထက်ငယ်မှာပေါ့'

'ညီမလေး မှားပါတယ်ကွယ်၊ ကိုယ်က မင်းထက်ကြီးမှာ သေချာတယ်'

'ဘာဖြစ်လို့…'

'ဖြူက တစ်နှစ်တစ်တန်းအောင်ခဲ့တာ မဟုတ်လား၊ ဘွဲ့ရတာလည်း တစ်နှစ်ပဲရှိသေးတာဆို'

'အင်း…'

'ဒါဆို ပိုသေချာသွားပြီ၊ ကိုယ်က ဆယ်တန်းကို ဖြူထက် တစ်နှစ်စောရောက်တာလေ'

'မဖြစ်နိုင်တာ'

'ပြောပြမယ်လေ၊ ကိုယ်က D များများရအောင်လို့ ဆယ်တန်းကို ထပ်ကာထပ်ကာဖြေတာ'

'ရှင်… အဲလိုကြီး…'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'အဟုတ်'

မိုးလွင်ပြင်မျက်နှာက အပိုးမသေ။ တကယ်တော့ မအောင်သဖြ ထပ်ထပ်ဖြေနေရတာပါ။ တကယ်အောင်တော့လည်း Dတစ်လုံးမှ မပါ

'ရှိသေးတယ်၊ ပထမနှစ်ကို စာကျေအောင် နှစ်နှစ်ဖြေတယ် ဒုတိယနှစ်မှာလည်း နှစ်နှစ်ပဲဗျား'

သူ့စကားဆုံးတော့ ကောင်မလေးက အူလှိုက်သည်းလှိုက်ရယ် သည်။ ပြီးမှ ရယ်ရှိန်မကုန်သေးသည့်အသံဖြင့် ...

'သိပြီ၊ ယုံပါပြီ၊ ဖြူ့ထက်ကြီးတယ်ဆိုတာ လုံးဝကိုသေချာသွ ပါပြီ'

'အဲဒါဆို ကိုမိုးလို့ခေါ်'

'ကောင်းပါပြီ... ဒါထက် မေမိုးကို ဘာပြောပေးရမလဲ'

'ရပါတယ်၊ မပြောတော့ပါဘူး'

ပွင့်ဖြူဖြူ အသံခဏတိတ်သွားသည်။ ပြီးမှ ...

'ဒါဆို ဒါပဲနော်၊ ဖုန်းပိတ်လိုက်တော့မယ်'

မိုးလွင်ပြင်အသံ အရေးတကြီးဖြစ်သွားပြီး ...

'နေ... နေပါဦး... ခဏလေးပါ၊ ဟိုလေ... ဖြူ့ဆီကို ဖုန်း ဆက်လို့ရမလားဟင်... ဘယ်အချိန်တွေအားတတ်လဲ'

ကောင်မလေး အသံတိတ်သွားပြန်သည်။ ခဏကြာမှ ...

'မနက်ပိုင်းဆို အမေ့စာရင်းတွေ ကူလုပ်ပေးရတယ်၊ နေ့လယ်ပိုင်း ကနေ စပြီး အားတယ်'

'ဟာ... ပျော်စရာကြီးပေါ့၊ နေ့လယ်ပိုင်းမှာ ဆက်မယ်နော်'

ကောင်မလေးက ကလေးတစ်ယောက်လို ရယ်ရင်း...

'ဆက်ချင် ဆက်ကြည့်ပေါ့၊ အမေအနားမှာရှိရင်တော့ ကိုင်မှာ မဟုတ်ဘူး'

'ဟာကွာ... ဒါဆို ညနေပိုင်းမှာ ဆက်မယ်'





'အမေ့ညည့်သည်တွေက ညနေပိုင်းမှာ လာတတ်ကြတယ်၊ အဲဒါ ဆို သိပ်မလွတ်လပ်တော့ဘူး'

'အင်း... အဲဒါဆိုရင်တော့ ညပိုင်းမှာ ဆက်ရမှာပေါ့'

'အဲဒီအချိန်ကျတော့လည်း အမျိုးတွေက ရောက်လာကြပြန်ရော'

'မသိဘူးကွာ၊ မသိတော့ဘူး၊ နေ့လယ်ပိုင်းက စပြီး ညအထိ ဆက်ကြည့်နေမယ်'

ပွင့်ဖြူဖြူက ဟက်ဟက်ပက်ပက်ရယ်ရင်း...

'ကြိုးစားကြည့်လေ...'

□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

'ဗန်ဒိန်းက သူ့ဗလကြီးကို ညှစ်ပြပြီး ကြွားနေတုန်း အာနိုးကြီး အခန်းဝမှာ ပေါ်လာတယ်၊ ပြီး… ဟား… ဟား… ဟား… ငဗန်ရာ၊ မင်း ငယ်ပါသေးတယ်ဆိုပြီး ဝင်လာတယ်၊ ပြီးတော့ နှစ်ယောက်သား ဗလပြိုင်ရင်း ညှိကြတာပေါ့ကွာ'

ညီသစ်ဆူးစကားကို ကျော်ဝင်းမော်က စိတ်ဝင်တစားနားထောင်နေသည်။ မိုးလွင်ပြင်က ဆေးလိပ်ဖွာရင်း တစ်စုံတစ်ခုကို တွေးနေသည်။

'တစ်ယောက်နဲ့ တစ်ယောက် ယိုးမယ်ကြိတ်မယ်ဖြစ်ကာနီးမှာပဲ စတီဗင်ဆေးဂဲလ်ဝင်လာပြီး ခနိုးခနဲ့ပြုံးရင်း ဘယ်ကောင်မိုက်လဲကွဆိုတော့… အာနိုးနဲ့ ဗန်ဒိန်းက ဒီငနဲကြီးကို တင်းပြီး ဝိုင်းဖွဲ့ဖို့ပြင်တယ်၊ သုံးပွင့်ဆိုင် ဖိုက်ပွဲကြီးဖြစ်ဖို့ တာစူနေတုန်းမှာပဲ ဂျက်ကီချန်း အခန်းထဲဝင်လာပြီး ဖြန်ဖြေတယ်'

'မင်းကားကလည်း မင်းသားတွေ များလှချည်လားဟ'

ကျော်ဝင်းမော်ရဲ့ မှတ်ချက်ကို မကြားယောင်ဆောင်ပြီး ညီသစ်ဆူးက ဆက်ပြောသည်။

'လူကောင်ကြီးကြီးသုံးယောက်ကြားမှာ ဂျက်ကီချန်းဂျပုခများ တစ်ယောက်တည်း ဗျာများနေတုန်း blade မင်းသားက ကျွမ်းပစ်ပြီး အခန်းထဲဝင်လာပြန်တယ်။ ကျောမှာလွယ်လာတဲ့ ဓားကိုထုတ်ပြီး အခန်းထဲမှာ





ရှိနေတဲ့ လေးယောက်ကို မျက်လုံးဝါကြီးတွေနဲ့ လိုက်စိုက်ကြည့်တော့ ဂျက်ကီချန်းတို့လည်း ပေကြောင်ကြောင်လေးတွေ ပြန်ကြည့်ကြတာပေါ့'

'လူမည်းမင်းသားပါ ရောက်လာပြီဆိုတော့ ပွဲက ကြည့်ကောင်း ပြီ၊ ဆက်ပြောကွာ'

'လူမည်းက ဓားတရွယ်ရွယ်နဲ့ အားလုံးကို လိုက်ကြည့်တယ်၊ ပြီးမှ ခေါင်းတခါခါနဲ့ ဟင်း… လူတွေပဲလို့ပြောပြီး ဓားကိုပြန်ထည့်လို့ ...ပ်တည်ကြီးနဲ့ အခန်းထဲကနေ ပြန်ထွက်သွားတယ်'

'နေပါဦး… လူမည်းကြီးက မဖိုက်ဘဲ ဘာလို့ပြန်ထွက်သွား ...ကာလဲ'

ညီသစ်ဆူးက စိတ်ပျက်လက်ပျက် ခေါင်းကိုခါယမ်းရင်း…

'မင်းကလည်း ပြုန်းပါ့၊ blade က သွေးစုပ်ဖုတ်ကောင်တွေကို ...ရှာတာလေကွာ၊ လူလူချင်း ဘယ်ဖိုက်မှာလဲဟ'

'ဩော်… ဟုတ်သားပဲ၊ အဟဲ… ဆက်ပြောကွာ'

'ဒီလိုနဲ့ပဲ အာနိုးတို့က ပြဿနာရှာ ဂျက်ကီချန်းက ဝင်တားနဲ့ ...ရှုပ်နေတုန်း ဖြုန်းဆို အခန်းဝမှာ ဝမ်းဘတ်စ်မင်းသားပေါ်လာပြီး သူတို့ကို ...မျက်ထောင့်နီနဲ့ ကြည့်တယ်'

'အင်း… အင်း… အဲဒီကောင်ကြီးပါလာမှ ပွဲက ကောင်း ...တော့မှာ'

ပြောရင်း စိတ်ဝင်တစားနဲ့ ကျော်ဝင်းမော်မျက်နှာကြီး ရှေ့ကို ...တိုးလာတယ်။

'ဝမ်းဘတ်စ်က လက်ညှိုးငေါက်ငေါက်ထိုးပြီး အသံသြောင်ညက် ...ညက်နဲ့ ငါ့ဆင်ဘယ်မှာလဲလို့ မေးတော့ အခန်းထဲက လူတွေအားလုံး ...ကြောင်သွားကြတာပေါ့၊ ဂျက်ကီချန်းက ခေါင်းကုတ်ဖင်ကုတ်လုပ်နေပြီးမှ ...တ်မဆိုးပါနဲ့ကွာ၊ စောစောကတော့ ဟိုဘက်သွားတာမြင်လိုက်တာပဲလို့ ...ပြောပြီး blade မင်းသားထွက်သွားတဲ့ဘက်ကို ညွှန်ပြလိုက်တယ်၊ ချက် ...ချင်းပဲ ဝမ်းဘတ်စ်ကြီးလည်း အဲ့ဖေ့လို့အော်ပြီး ဂျက်ကီချန်းညွှန်ပြတဲ့ဘက် ...ပြေးလိုက်သွားတော့တယ်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းဟာကလည်း စိတ်မရှည်တော့ဘူး၊ မင်းသားသာ များတာ ကောင်းခန်းက ရောက်ကိုမလာဘူး'

'လာမယ်လေ... ကြာမယ်၊ မင်းကြီးကို အဖေခေါ်ပြီး ပြေးလိုက်သွားတဲ့ ဝမ်းဘတ်စ်ကို သဘောကျပြီး အာနီးတို့တစ်တွေ ဝိုင်းဟားကြတော့တယ်၊ မတည့်တာကို ခဏမေ့သွားကြတယ်လေ၊ အဲဒီအချိန်မှာမှ ဂျက်လီက မျက်နှာမာကြီးနဲ့ ဝင်လာတယ်'

ဒီတစ်ခါ မင်းသားထပ်ဝင်လာပေမယ့်လည်း ကျော်ဝင်းမော်က စိတ်ဝင်တစားမဖြစ်တော့ဘူး။

'ဂျက်လီက အခန်းထဲမှာရှိတဲ့ လူတွေကို လက်ညှိုးနဲ့ထိုးပြီး သူ့ရဲ့ ကောင်းဆိုတာ တစ်ယောက်တည်း the one ကွ၊ ပြီး... လက်ညှိုးကို ပက်လက်လှန် ကွေးချည်ဆန့်ချည်လုပ်ပြပြီး ကြိုက်တဲ့ကောင် လာခဲ့၊ ပြောလို့ သိုင်းကွက်ခင်းတယ်၊ ဂျက်ကီချန်းတို့လည်း ဗလိုင်းကြီးလာစိန်ခေါ်တာ ခံရတော့ တင်းသွားကြတာပေါ့၊ ဒါနဲ့ ဂျက်လီကိုဖဲ့ဖို့ တဖြည်းဖြည်းဝိုင်းသွားကြတယ်'

ကျော်ဝင်းမော်တစ်ယောက် စိတ်ဝင်တစားနဲ့ ပြန်ဖြစ်လာတယ်။

'ဂျက်လီကလည်း ဘာမထီမျက်နှာနဲ့ အကောင်ဘယ်လောက်ကြီးကြီး ဂရုမစိုက်ဘူးကွလို့ ကြွေးကြော်ရင်း သိုင်းကွက်ကို နေရာအမျိုးမျိုး ပြောင်းခင်းတယ်၊ ဒီအချိန်မှာပဲ အခန်းဝကနေ...'

'မင်းဟာကလည်း... ခုချိန်ထိကို မဖိုက်သေးဘူး၊ အခန်းဝကနေတွေက မဆုံးနိုင်သေးဘူးလား၊ ကောင်းခန်းကို မရောက်နိုင်ဘူး၊ ကိုရီးယားကားကျနေတာပဲ'

'လာမယ်လေကွာ... မကြာတော့ပါဘူး၊ ရှေ့အခန်းမှ မင်းတကယ်စိတ်ဝင်စားရမှာ၊ ခုနက ဘာဖြစ်တယ်၊ အဲ... အခန်းဝကနေ ကြောင်ကို ခွေးလိုက်တာလား၊ ခွေးကို ကြောင်ကုတ်တာလားမသိတဲ့ တဂီးဂီး တညောင်ညောင်အသံတွေ ကြားရတဲ့အတွက် အားလုံး မျက်စိမျက်နှာ ပျက်ပြီး အခန်းဝကို ဝိုင်းကြည့်ကြတယ်'





'ဟွန်း... ဘယ်သူရောက်လာပြန်ပြီလဲ'

စိတ်မရှည်စွာ မျက်စောင်းထိုးကြည့်သည်။ ကျော်ဝင်းမော်ကို ညီသစ်ဆူးက နှစ်သိမ့်ပြုံးလေးတစ်ချက် ပြုံးပြရင်း ဆက်ပြောသည်။

'ဘယ်သူဖြစ်ရမှာလဲ၊ ခုန်ဆွခုန်ဆွနဲ့ ပါးစပ်ကိုချွန်ပြီး ပြိုင်းပြိုင်းထနေတဲ့ နံရိုးတွေမြင်ရအောင် အင်္ကျီချွတ်ထားတဲ့ ဘရုစ္စလီပေါ့၊ သူ့ကို မြင်တော့ အခန်းထဲမှာရှိတဲ့ ဖိုက်တာတွေအားလုံး မျက်နှာသွေးမရှိတော့သလို ဖြူဖျော့သွားကြတော့တာ၊ ဂျက်လီဆို မတ်တတ်ပါမေ့တယ်'

'ဩော်... လူစဉ်မမီတဲ့ ဒီနံပိန်လေးကျမှ ဗလကြီးတွေက ကြောက်သွားကြတယ်ပေါ့'

'ဟ... မင်းဘာသိလဲ၊ ဘရုစ္စလီက သေတာကြာပြီလေ၊ ခုဆို နှစ်ချို့သရဲကြီးအဆင့်တောင် ရောက်နေပြီ၊ အာနီးတို့ဆိုတာကလည်း လူကောင်သာကြီးတာ၊ သရဲကိုတော့ အသားကုန်ကြောက်တတ်ကြတာ၊ ဘရုစ္စလီလည်း အခန်းထဲဝင်လာရော ဘာပြောကောင်းမလဲ၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သရဲလို့သံပြိုင်အော်ပြီး ထွက်ပြေးလိုက်ကြတာများ တန်းလို့၊ အဲ... ဂျက်လီတစ်ယောက်ပဲ ပြူးပြူးကြီးကျန်ခဲ့တယ်'

'ဂျက်လီကတော့ သရဲမကြောက်ဘူးပေါ့၊ ဒါဆို သူတို့နှစ်ယောက်ပဲ ဖိုက်ကြတာပေါ့'

'ဘယ်ကလာ... ဂျက်လီက အကြောက်လွန်ပြီး တက်နေတာလေ၊ အကြောင်းသိတဲ့ ဂျက်ကီချန်းက ပြန်လှည့်ဝင်လာပြီး ခြေထောက်ကနေ တရွတ်တိုက်ဆွဲခေါ်သွားတာ၊ အခန်းပြင်ရောက်တဲ့အထိတောင် အတက်မပြေသေးဘူး'

'ဟင်... မင်းဟာက ဘာလဲ၊ ခုချိန်ထိလည်း မဖိုက်သေးဘူး၊ နောက် ဘယ်သူလာဦးမှာလဲ'

'ဇာတ်သိမ်းခန်းရောက်ပြီလေ။ ဒီအခန်းကိုတော့ မင်း သေချာပေါက်စိတ်ဝင်စားမှာပါ၊ အခန်းထဲမှာ တစ်ယောက်တည်းကျန်ခဲ့တဲ့ဘရုစ္စလီက ဘေးဘီကိုဝေ့ကြည့်တော့ ဘယ်သူမှ မကျန်တော့ဘူးလေ၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



မှ သူက ခွီးခနဲဆို တစ်ချက်ရယ်ပြီး ဘယ်သူမှမရှိတော့ တစ်ယောက်တည်းဆို သားသားလည်း သရဲကြောက်တယ်၊ သားသားကြောက်ကြောက်လို့ အော်ပြီး အခန်းထဲက ထွက်ပြေးသွားတယ်'

'ပြီးတော့...'

'အခန်းထဲမှာ တစ်ယောက်မှမကျန်တော့ပါဘူးဆို၊ အဲဒီတော့ ဇာတ်လမ်းက ပြီးပြီပေါ့'

'ခွီးတဲ့မှပဲ'

အပတ်မှတ်ပြီး နားထောင်နေသည့် ကျော်ဝင်းမောင် ခုမှပဲ ညီသစ်ဆူးကို ဆဲဖို့ သတိရတော့သည်။

'မင်းပျင်းနေမှာစိုးလို့ ငါက လုံးကြုတ်ဇာတ်လမ်းပြောပြတာပါကွာ'

'ပျင်းစရာလားကွာ၊ ဟင်... ဟိုကောင်ငမိုး ဘာတွေအကြီးကြီးကြံနေလဲ မသိဘူး၊ ငြိမ်လို့ပါလား'

သူတို့ဝိုင်းတွင် ခဏတာ အသံတိတ်သွားသည်။

'အချစ်ဆိုတာ ဘာလဲ၊ ပြီးတော့ ဘယ်လောက်ချိုမြိန်စရာကောင်းလဲ၊ ပြီးတော့... သူ့ရဲ့ အနှစ်သာရက ဘာလဲ'

တစ်ချိန်လုံးငြိမ်နေသည့် မိုးလွင်ပြင်က ကောက်ကာငင်ကာ ထမေးလိုက်ရာ ပြီးတော့ မေးခွန်းများကလည်း အကြီးကြီးများဖြစ်နေသဖြင့် ကျန်နှစ်ယောက် တွန့်သွားကြသည်။ ပြီးမှ ညီသစ်ဆူးက ဝါရင့်ကဗျာဆရာကြီးအထာနှင့် ရှင်းပြသည်။

'အချစ်ဆိုတာ ဘာရယ် ညာရယ်လို့ အကောင်အထည်ပြစရာ မရှိတဲ့ စကားကွ၊ ပြောရမယ်ဆိုရင် နှလုံးသားရဲ့ စကားပေါ့၊ သူ့ရဲ့အဓိပ္ပာယ်ကို တချို့ ပန်းသီးကြိုက်တဲ့လူတွေက ပန်းသီးလိုပဲ ချိုမြိန်တယ်တဲ့၊ လိမ္မော်သီးကြိုက်တဲ့လူကျတော့လည်း လိမ္မော်သီးလိုအရသာပေါ့ကွာ၊ အချစ်ရဲ့ ချိုမြိန်ခြင်းကို အဲလိုပဲ အမျိုးမျိုးဖွဲ့နွဲ့ခဲ့ကြတယ်'

'ဩော်...'





မိုးလွင်ပြင် ဩော်လိုက်သဖြင့် ညီသစ်ဆူး အားတက်ပြီး ဆက်ရှင်းသည်။

'သူ့ရဲ့အနှစ်သာရကတော့ တစ်နှစ်ထက် တစ်နှစ် လူဦးရေတိုးပွားလာခြင်းပဲ၊ အေး... တကယ်တော့ လူမျိုးပွားတဲ့စက်လို့ခေါ်ရင်လည်း ရတယ်'

ထုံးစံအတိုင်း အဖျားရှူးလာသည့် ညီသစ်ဆူးစကားကြောင့် ကျန်နှစ်ယောက်က မျက်စောင်းဝိုင်းထိုးကြသည်။

ကျော်ဝင်းမော်ကလည်း တစ်စခန်းထပြီး သူ့ရဲ့ဒဿနကို ဖွင့်ဟပြပြန်သည်။ ဆရာကြီးဟန် တစ်စက်မှမလျှော့သည့်လေသံနှင့်...

'အဟမ်း... ဒီလိုကွ၊ အချစ်ဆိုတာ တကယ်တော့ အလွဲသုံးစားပြုတဲ့ အရာတစ်ခုပဲ၊ ပြောရမယ်ဆိုရင်တော့ ဓားစာခံကြားခံစကားတစ်ခုပဲ'

'မင်းပြောတာကို နားမလည်ဘူးကွ၊ အေးလေ... နားဆိုတာလည်လို့မှ မရတာ၊ ဒါပေမဲ့ မျက်စိတော့လည်တယ်ကွ'

'မင်းတို့ကောင်တွေ ခက်တာ အဲဒါပဲ၊ အဆင့်မြင့်မြင့် ဒဿနဆန်ဆန်စကားတွေကို မင်းတို့ခေါင်းတွေက လိုက်မမီဘဲ၊ ပေါ့ပေါ့တွေးပြီး ခုလိုပေါ့ပျက်ပျက်ပြောတာ မဆန်းပါဘူး'

မိုးလွင်ပြင်နှင့် ညီသစ်ဆူးတို့ မဲ့သွားကြတော့သည်။

'မင်းတို့ မှတ်ထား၊ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ပိုင်ဆိုင်ချင်ရင် ချစ်တယ်ဆိုတဲ့စကားကို သုံးကြတယ်၊ အေး... အဲဒီအခါ မိန်းမတွေကလည်း အဲဒီစကားရဲ့ အဓိပ္ပာယ်ကို သိကြတယ်ထင်လား၊ မသိဘူးကွ၊ မသိဆို အဲဒီစကားကိုပြောတဲ့ ယောကျ်ားတွေကိုယ်တိုင်လည်း မသိဘူးလေ၊ မိန်းမတွေက သူတို့လက်ခံရင် ချစ်တယ်လို့ပြန်ပြောပြီး လက်မခံရင် မုန်းတယ်ပေါ့ကွာ၊ ပြောချင်တာက ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို လိုချင်ရင် ရှည်ရှည်ဝေးဝေးပြောစရာမလိုဘဲ ချစ်တယ်ကိုလွှဲချလိုက်ရင် ပြီးပြီ'

'မင်းဟာကလည်း ကြာလေရှုပ်လေ ကြာ...



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါ့ကွာ'

ရှုံ့မဲ့နေသည့်နှစ်ယောက်ကိုကြည့်ပြီး ကျော်ဝင်းမော်က ခေါင်းကို ဟန်ပါပါ ဖြည်းညင်းစွာယမ်းခါလိုက်သေးသည်။

'မင်းတို့ကွာ… တော်တော်ပိန်းတာပဲ၊ ကဲ… မင်းတို့ စတိုးဆိုင်တစ်ဆိုင်က ပစ္စည်းတစ်ခုခုကိုလိုချင်ရင် ဘာပေးရလဲ'

'ပိုက်ဆံ… လေ'

'အဲဒီပိုက်ဆံက ဘာလဲ'

'ပိုက်ဆံဆိုမှတော့ ပိုက်ဆံပေါ့ကွ'

'ကျွတ်… မင်းတို့ဟာလေ ကြာလေဝေးလေပဲ၊ မှတ်ထား၊ မင်းတို့ပေးရတဲ့ အဲဒီပိုက်ဆံဆိုတာ ကြားခံဖလှယ်ပေးတဲ့အရာ'

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ'

'အေး… အဲဒီပိုက်ဆံနဲ့ အချစ်ဆိုတာ သဘောတရားအရ အတူတူပဲ၊ ကြားခံဖလှယ်ရေးကိရိယာပဲ၊ သူ့ကို ကြားခံထားမှ ကောင်မလေးတစ်ယောက်ကို သာသာကြည်ကြည်ရမှာ'

'မင်းက ဈေးတွက် စီးပွားရေးတွက် တွက်တာကိုးကွ'

ညီသစ်ဆူးစကားကို နားထောင်ပြီး မိုးလွင်ပြင်က ပြုံး၍…

'တကယ်တော့ မင်းတို့နှစ်ယောက်လုံး ပြောတဲ့စကားက အဓိပ္ပာယ်သိပ်မကွာဘူးကွ'

ခဏစောင့်နေပြီးမှ ဆက်၍…

'ပြောရရင် မင်းတို့နှစ်ယောက်လုံး မှားနေပြီ၊ အမှန်တော့ အချစ်ဆိုတာ အရမ်းကိုသိမ်မွေ့နူးညံ့တဲ့ စိတ်ခံစားမှုတစ်ခုပဲ'

'အံမယ်… တော်တော်ကဗျာဆန်နေပါလားကွ၊ ဘယ်လိုလုပ်ပြီး မင်းက သိနေရတာလဲ'

မိုးလွင်ပြင်၏ ပြန်ဖြေစကားကြောင့် နှစ်ယောက်လုံး ပါးစပ်ဟောင်းလောင်းပွင့်သွားကြသည်။

'ငါ… အချစ်ကို စတင်တွေ့ရှိခဲ့လို့… ပေါ့'

❑



## အခန်း (၉)

'ဖြူမှာ ချစ်သူရှိခဲ့ဖူးလား'

'ဟင့်အင်း… ဖြူက အပျိုကြီးလုပ်မှာပါဆို၊ အဟင်း… အပူအပင်ကင်းတာပေါ့'

လမ်းကြောင်းပိတ်သွားသည့် မိုးလွင်ပြင် မဲ့သွားတော့သည်။ ပွင့်ဖြူဖြူထံ နေ့တစ်ခါ ညတစ်ခါ ဖုန်းဆက်ခဲ့သည်မှာ တစ်လနီးပါးကြာခဲ့ပြီဖြစ်သည်။ တစ်ခါတစ်ရံ မိုးလွင်ပြင် မဆက်မိလျှင်တောင် ကောင်မလေးက လှမ်းဆက်သည်။ အတန်အသင့်ရင်းနှီးမှုရလာပြီး သံယောဇဉ်ပါဖြစ်နေခဲ့ပြီ။ ထို့ကြောင့် အပျိုကြီးလုပ်မည့်သူကို မရရအောင် အတင်းဆွယ်တရားဟောတော့သည်။

'ဖြူမသိဘူးလား၊ အပျိုကြီးလုပ်ရင် ငရဲကြီးတတ်တယ်'

'ဘာမှလည်းမဆိုင်ဘဲနဲ့'

'ဆိုင်တာပေါ့၊ ဘုရားက ဘာဟောခဲ့လဲ သိလား'

'ဘုရားပွင့်တာ ကြာပြီဆိုတော့ ဖြူလည်း မမီလိုက်ဘူးလေ'

'ဟာကွာ… ကဲ… ထားပါ၊ ဘုရားက ဟောခဲ့တယ်၊ လူဖြစ်လာရင် လူတစ်ယောက်ရဲ့တာဝန်ကို ကျေအောင်လုပ်ရမယ်၊ ဒါမှ လူပီသတာတဲ့'

'အဲဒါနဲ့ အပျိုကြီးလုပ်တာ ဘာဆိုင်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com

'ဆိုင်တာပေါ့၊ ဖြူလည်း လူပဲလေ၊ ဒီတော့ လူ့တာဝန်တွေဖြစ်တဲ့ အဟဲ… ယောကျ်ားယူတာတို့၊ ပြီးတော့…'

'တော်ပြီ… ဘာတွေလာပြောနေတာလဲ၊ သွား… ငရဲကြီးချင်ကြီးပါစေ၊ ယောကျ်ားတော့ မယူဘူး'

ပွင့်ဖြူဖြူ၏ ရှက်တက်တက်လေသံက ပြတ်သားသည်။ ဒါပေမဲ့ သူက ခွဲမလျှော့ပါ။

'ဘာလို့ အပျိုကြီးဖြစ်ချင်နေရတာလဲ'

'အကြောင်းရှိလို့ပေါ့'

'အဲဒီအကြောင်းလေး ပြောပြပါလားဟင်၊ သိချင်လို့ပါ'

တစ်ဖက်မှ စကားသံတိတ်ကာ သက်ပြင်းချသံကြားရသည်။ ပြီးမှ…

'ကိုမိုးသိပြီးရင် ဖြူ့ကို မထင်သေးသွားလိမ့်မယ်'

'ဘာမှမသေးဘူး၊ စိတ်ချလက်ချသာပြော'

'အင်း… အထင်သေးလည်း မတတ်နိုင်တော့ဘူး၊ တကယ်တော့ ဒီအကြောင်းကို ဘယ်သူ့မှမပြောဘဲ မျိုသိပ်ထားခဲ့တာ ကြာပြီ၊ ကိုမိုးကိုတော့ ယုံကြည်လို့ ပြောပြပါ့မယ်'

လေသံလေးက စိတ်ထိခိုက်သံပါနေသဖြင့် သူရင်ထိတ်သွားသည်။ ဇာတ်လမ်းတွေထဲကလို ဒီကောင်မလေးက အိမ်မှဒရိုင်ဘာနှင့် ကြိုက်ပြီး ခိုးရာလိုက်ပြေး၊ မိဘတွေက သဘောမတူသဖြင့် အတင်းပြန်ခွဲထားတာလားဟု တွေးရင်း ရင်ပူလာသည်။

'ဖြူ့မှာ အမေပဲရှိတော့တယ်'

'ဩော်… အဖေက ဆုံးသွားရှာပြီကိုး'

'ဟယ်… ဘယ်ကလာ အဖေက နောက်မိန်းမထပ်ယူသွားတာ'

'ဟင်…. အဲလိုကြီး…'

'ဟုတ်တယ်၊ အမေက ခုချိန်ထိချောတုန်းပါ၊ ဒါပေမဲ့ အဖေက ဖောက်ပြန်သွားခဲ့တယ်၊ ဖြူ့ကို့သားအမိ မျက်နှာငယ်ကျန်ခဲ့တာပေါ့၊ ပတ်





ဝန်းကျင်က ပြောစကားတွေကြောင့် ဖြူ အပြင်ကိုသိပ်မထွက်ရဲခဲ့ဘူး၊ အမေလည်း ယောကျ်ားတွေကို စိတ်နာသွားခဲ့တယ်'

'ဩော်… ဖြူ့အဖြစ်က သနားစရာပါလား'

မအေနှင့် သမီး သူများအပြောခံရတာချင်းအတူတူ မအေဖြစ်သူက ပိုခံစားရပေမယ့် မိုးလွင်ပြင်က မအေကိုချန်ထားပြီး သမီးတစ်ယောက်တည်းကိုပဲ ကွက်ပြီးသနားနေသည်။

'ဟုတ်တယ်၊ ဖြူယောကျ်ားယူခဲ့ရင် ဖောက်ပြန်တတ်တဲ့မျိုးဆိုပြီး ယောကျ်ားအမျိုးတွေက သဘောမတူကြမှာကို မခံစားနိုင်ဘူး၊ ခွတ်ယူခဲ့ရင်လည်း ဒီအားနည်းချက်ကြောင့် ဖြူ့ကို ဝိုင်းနှိမ်ကြမှာပဲ၊ ဒါကြောင့် ဒီတစ်သက် ယောကျ်ားယူကိုမယူတော့ဘူးလို့ ဆုံးဖြတ်ထားတာ'

ပြောရင်း ငိုသံပါလာသဖြင့် သူ ဘယ်လိုဖြေသိမ့်ပေးရမှန်းမသိဖြစ်သွားသည်။

'ဖြူ့ဘက်က တွေးတာ မှန်ပါတယ်၊ ဒါပေမဲ့ ဖြူ့ကိုချစ်လို့ယူတဲ့ ယောကျ်ားက အရာရာကို မားမားမတ်မတ်ရင်ဆိုင်ပြီး ဖြူ့ဘက်က ကာကွယ်သွားမှာလေ'

'သူ့စိတ်က အဲလိုမျိုး ဘယ်လောက်ထိရှိနေနိုင်မှာလဲ၊ အဲဒါကိုလည်း မယုံတာ'

ဒါဆိုရင်တော့ ကိစ္စမရှိသေးဟု သူထင်သည်။ ယုံအောင်ပြောနိုင်ခဲ့လျှင် သူ့ဘက်ပါလာနိုင်သေးသည်ဟု။

'စိတ်မကောင်းပါဘူးကွာ၊ ဒါပေမဲ့… ဖြူ့ကို အထင်မသေးပါဘူး၊ ပြီးတော့… အံ့သြတယ်'

'တကယ်နော်… ဘာကိုအံ့သြတာလဲ'

အသံလေးက ပုံမှန်ပြန်ဖြစ်လာသည်။

'ဖြူ ဒီအရွယ်အထိ ဘယ်ယောကျ်ားလေးနဲ့မှ မပတ်သက်ခဲ့တာကို အံ့သြတာ၊ အဟဲ… အဲဒါ ကိုယ့်အတွက် ကောင်းတာပေါ့ ပျော်ရောကြီး'


www.burmeseclassic.com

www.burmeseclassic.com



စကားအသွားအလာက ရှင်းရှင်းထင်းထင်းကြီးမို့ ရက်ဝဲဝဲအသံ လေး ထွက်လာသည်။

'ဘာပျော်စရာကြီးလဲ၊ သွား··· အပိုတွေလာပြောမနေနဲ့'

မိုးလွင်ပြင်က တဟဲဟဲရယ်ရင်း···

'ဖြူကို လူကိုယ်တိုင်တွေ့ချင်တယ်ကွာ၊ တွေ့ရမှာလား'

'ဟင့်အင်း··· အမေဆူလိမ့်မယ်'

'ဟာကွာ··· ဖြူ့အမေမသိအောင်တွေ့မှာပေါ့၊ ခဏလေးပါ၊ ဖြူ့ မျက်နှာလေးကို မြင်ရရုံလေးပဲ'

'ဟင့်အင်း··· ရက်တယ်၊ အပြင်မထွက်ရပါဘူးဆို···'

အခြေအနေမကောင်းသဖြင့် မိုးလွင်ပြင်က ဖျူဟာပြောင်းက သက်ပြင်းတစ်ချက်ရှိုက်ပြီးမှ အသံညောင်နာနာနှင့် ဆက်ပြောသည်။

'ဟင်း··· အေးလေ··· ဖြူကမှမတွေ့ချင်တော့လည်း မလာ တော့ပါဘူး၊ အင်းပေါ့ကွာ··· ကိုယ်ကလည်း မတွေ့ချင်တဲ့သူကိုမှ မြင်ချင် နေတာကိုး၊ တမ်းတနေတာကိုး'

သနားစရာကောင်းအောင်ပြောသဖြင့် တစ်ဖက်မှ အသံတိတ်သွား သည်။ ခဏကြာမှ···

'ကဲပါ··· ဖြူတို့လမ်းထိပ်အအေးဆိုင်ကို လာခဲ့'

'တကယ်··· ပျော်သွားပြီ'

'ခဏပဲရမှာနော်၊ ပြီးတော့··· အနားကိုမလာရဘူး၊ စကား မပြောရဘူး'

'အန်··· ဒါဆို တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုလုပ်သိ တော့မှာလဲလို့'

'ဒါက လွယ်ပါတယ်၊ ဖြူက ဆံပင်ရှည်တယ်၊ အပြာရောင်ဝမ်း ဆက်ဝတ်လာခဲ့မယ်၊ ကိုမိုးကရော···'

'ကိုယ်က အင်္ကျီပန်းရောင်လက်ရှည်နဲ့ ဘောင်းဘီအနက်ရောင် လက်ရှည်ဝတ်လာခဲ့မယ်'





'ခစ်··· ဘောင်းဘီလက်တို ရှိသေးလို့လား'

'အဟီး··· အပျော်လွန်ပြီး မှားကုန်တာ၊ ကိုယ့်မျက်နှာက ရိုနိုး နဲ့တူတယ်၊ မှတ်ထားနော်'

ကောင်မလေးထံမှ ချစ်စရာရယ်သံလေးထွက်လာသည်။

'ဒါဆို ညနေသုံးနာရီလောက် လာခဲ့လေ၊ အအေးဆိုင်က သေး သေးလေး၊ အဲဒီအချိန်ဆို လူရှင်းတယ်၊ ပြီးတော့ ဆိုင်နဲ့ ဖြူတို့အိမ်က မျက်စောင်းထိုးလေးပဲ'

- 'ဟုတ်လား၊ စိတ်ချ··· ရောက်အောင်လာမယ်၊ လိပ်စာသာ ပြော'

လိပ်စာမှတ်ရင်း မိုးလွင်ပြင် အူမြူးနေသည်။ ပွင့်ဖြူဖြူ ဖုန်းပိတ် ပြီးသည့်နောက်တွင်ပင် သူ့မျက်နှာက ပြုံးဖြီးဖြီးကြီးဖြစ်နေသည်။ သူ့ရင် ဘတ်ကို ပီတိလုံးကြီးပိနေသော်လည်း···

❐

'ဟာ···'

ဟုတ်ပါသည်။ မိုးလွင်ပြင် ဟာသွားပါသည်။ ဟာခြင်းနှင့်အတူ ပါးစပ်ပါပြဲပြီး မျက်လုံးအစုံပါ ပြူးထွက်သွားသည်။

အအေးဆိုင်ဆိုသည်မှာလည်း စားပွဲအကြီးကြီးတစ်လုံးချ၍ ထို စားပွဲပေါ်တွင် အအေးပုလင်းများ၊ အအေးဖျော်ရန် ဘူး၊ ခွက် ကိရိယာများ စသည်တို့ကို တင်ထားသည်သာဖြစ်သည်။ စားပွဲနှင့်မနီးမဝေးတွင် ခုံပု လေးများချထားပြီး သောက်သုံးသူများက ထိုထိုင်ခုံပုလေးများတွင် ထိုင် ရမည်ဖြစ်သည်။

စားပွဲနောက်တွင် အသက်လေးဆယ်ခန့် အပြာရောင်ဝမ်းဆက် နှင့် အန်တီတစ်ယောက်သာ ထိုင်နေသည်။ တခြားလူတစ်ယောက်မျှ မိုး လွင်ပြင် မမြင်ရ။ သူ့ကို ဖုန်းထဲမှ ကလိမ်ကျပြီး ချိန်းလိုက်သည်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



မသိယောင်ဆောင်ကာ လှည့်ပြေးရန် ပြင်သည်။ ပြန်လှည့်အထွက်မှာပင်…

'ဟို… ကောင်လေး… ခဏနေဦးလေ၊ ဘာသောက်မှာလဲ'

ဝသော်လည်း အသံသေးသည့် အန်တီကြီးစကားသံကြောင့် ပြန်ရန်ခြေလှမ်းပြင်သည့် မိုးလွင်ပြင် တန့်သွားသည်။ စကားသံအရ ပွင့်ဖြူဖြူမှာ ဒီအန်တီကြီးမဖြစ်နိုင်မှန်း သူတွေးမိသည်။ အမှားအယွင်းတစ်ခုခုရှိနေမှန်း စဉ်းစားမိသဖြင့်…

'ကျွန်တော်က ဆိုင်ရှင်မရှိဘူးမှတ်လို့ပါ၊ အဟဲ… သံပရာရည်တစ်ခွက်လောက်'

'ထိုင်လေ'

ဟိုဟိုဒီဒီဝေ့ဝဲရှာရင်း ခုံပုလေးတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

'ဟိုလေ… အန်တီ၊ ဒီဆိုင်ကို အပြာရောင်ဝမ်းဆက်နဲ့ ကောင်မလေးတစ်ယောက် မလာဘူးလားဟင်'

သူ့မေးခွန်းကြောင့် အအေးဖျော်နေရာမှ အန်တီကြီးက မျက်စောင်းထိုးသည်။ အန်တီဟုခေါ်သဖြင့် ကြည်ပုံမရ။ မျက်နှာကိုမဲ့ပြီးတော့မှ ပြန်ပြောသည်။

'ဒီနားမှာ အပြာရောင်ဝမ်းဆက်ဝတ်တာဆိုလို့ အန်တီပဲရှိတယ်၊ အန်တို့ကိုလာရှာတာထင်တယ်'

'ဟာဗျာ… ဟင့်အင်း၊ ဟုတ်ဘူးနော်၊ ဟုတ်ဘူး'

မိုးလွင်ပြင်ရဲ့ မျက်လုံးအပြူးသားနှင့် ပျာပျာသလဲ ငြင်းသံကြောင့် အန်တီကြီး သဘောကျသွားပြီး တခိခိနှင့်ရယ်တော့သည်။

'မင်းရှာတဲ့ကောင်မလေးနာမည်က ဘယ်သူတဲ့လဲ'

'ပွင့်ဖြူဖြူတဲ့'

'ဩော်… သူလား'

ပွင့်ဖြူဖြူကို အန်တီကြီး သိနေသဖြင့် သူဝမ်းသာသွားပြီး…

'ဘာလဲ… သူ… သူလာသွားပြီလားဟင်'





အန်တီကြီးက သူ့ကိုပြုံးကြည့်ကာ…

'လာတော့ လာတယ်၊ သွားတော့ မသွားသေးဘူး'

'ဗျာ'

မျက်စိလည်သွားပြီး အန်တီကြီး ဘာကိုဆိုလိုလဲဆိုတာ ခေါင်းကုတ် ဖင်ကုတ်နှင့် စဉ်းစားရတော့သည်။ ထိုအခါမှ စားပွဲနောက်တွင် ပုန်းနေသော ကောင်မလေးတစ်ယောက် မျက်နှာပေါ်လာသည်။

'ဟာ…'

မိုးလွင်ပြင်၏ ယခုတစ်ကြိမ် 'ဟာ'မှာ အပျော်များရောစွက်ထားသည့် ဟာဖြစ်သည်။

ကောင်မလေးက အပြာရောင်ဝမ်းဆက်နှင့် ဆံပင်က တော်တော်ရှည်သည်။ ကိုယ်လုံးလေးက သွယ်သည်။ မျက်ဝန်းများက အိန္ဒိယနွယ်ဖွားထင်ရလောက်အောင် ကျယ်ကျယ်လှလှလေးဖြစ်သည်။ ခြုံငုံစဉ်းစားကြည့်တော့ ကောင်မလေးက တော်တော်ချစ်စရာကောင်းသည်။

သူ့မျက်နှာမှာ အပျော်များနှင့် သူ့ပါးစပ်ကြီးအဖြဲသားနှင့် သူ့မျက်ဝန်းအစုံအပြူးသားနှင့် အသားကုန်ငေးမိသွားသည်။

ပထမတော့ ကောင်မလေးက မဝံ့မရဲလေး ရယ်ပြသည်။ ပြီးမှ မိုးလွင်ပြင်၏ မျက်ဝန်းအစုံမှ အကြည့်ပြင်းအားကို သတိထားမိပြီး မျက်နှာလေးရဲသွားသည်။ ထို့နောက် အအေးဆိုင်နှင့်မျက်စောင်းထိုးတွင်ရှိသော ခြံကျယ်ကြီးထဲသို့ တစ်ချိုးတည်းဝင်ပြေးသွားတော့သည်။

ပိတ်ကျန်နေခဲ့သည့် ခြံတံခါးထံမှ အကြည့်ကို ခွာမရဘဲ မိုးလွင်ပြင် ငုတ်တုတ်ကြီးမေ့နေတော့သည်။

'ဟဲ့… ကောင်လေး'

မိုးလွင်ပြင်ထံမှ ဘာသံမှထွက်မလာ။ လှုပ်ကလည်း မလှုပ်။ ငုတ်တုတ်။

'ဟဲ့… ကောင်လေး… ဆို'

ခေါ်သံကို ကီးမြှင့်သော်လည်း မထူးခြား။ အန်တီကြီး ထင်းလာကာ ရေခဲရိုက်သည့်တုတ်ဖြင့် စားပွဲခုံကို ဒုန်းခနဲထုပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့...'

ထိုအခါမှ မိုးလွင်ပြင်တစ်ယောက် သတိပြန်လည်လာပြီး ရှက်ကိုးရှက်ကန်းရယ်ပြသည်။

'ရယ်မနေနဲ့... အအေးရပြီ'

သူက အအေးခွက်ကို ထယူကာ ကောင်မလေး ပြန်ထွက်လာလို့ လာငြား ခြံတံခါးဝကို မမှိတ်မသုန်ကြည့်ကာ အအေးသောက်သည်။ အတန် ကြာမှ စိတ်လျှော့လိုက်ပြီး စပ်စုကြည့်ရန် စကားစသည်။

'အေးဗျာ... အအေးကလည်း သောက်လို့ကောင်းသလို ဒီနားက လူတွေကလည်း ချောတယ်နော်၊ အန်တီနဲ့ သိလားဟင်'

'စပ်စပ်စုစု... သိနိုင်ပါဘူး'

'အင်...'

ဘာမှမဆိုင်တာကို အတင်းဆက်စပ်ပြီးမေးပေမယ့် အန်တီကြီးက မျက်နှာမာမာကြီးနှင့် ပိတ်ဆို့စကားကြောင့် ရှေ့ဆက်ရန် ခက်သွားသည်။ ဉာဏ်နီဉာဏ်နက်ဆင်ကာ တစ်ဆင့်တက်ကြိုးစားရန် ကြံစည်သည်။

'အန်တီကလည်း နောက်ပြန်ပြီဗျာ၊ အိမ်ချင်းက မျက်စောင်းထိုးလို ဟာ၊ သိလိုက်ပါ၊ ကြည့်စမ်း... အခုမှ သတိထားမိတယ်၊ ရေကြော မြေကြောလိုက်လို့လား မသိဘူး၊ အန်တီ့အလှကလည်း ပွင့်ဖြူဖြူနဲ့ မတိမ်း မယိမ်းပါလား၊ အပြာရောင်ဝမ်းဆက်ချင်းကလည်း တူတယ်၊ အန်တီက နည်းနည်းလေးပဲ မဆိုစလောက်လေး ပိုဝတာပါ၊ တကယ်အဟုတ်ပြောတာ ခုဆို ပွင့်ဖြူဖြူကို အန်တီသိသွားလောက်ပါပြီနော်'

ခုမှ အန်တီကြီးမျက်နှာကြော နည်းနည်းလျှော့သွားသည်။

'ငါ့အသက်အရွယ်ကြီးနဲ့ သူများအကြောင်း သိပ်မပြောချင်ပါဘူး ဟယ်၊ ဒါပေမဲ့ ဒီကလေးမ အိမ်ထဲက အိမ်ပြင်ထွက်ခဲ့တာကိုတော့ ငါသိ တယ်'

အသံနည်းနည်းထွက်လာသဖြင့် မိုးလွင်ပြင် အားတက်သွားသည်။

'ဟာ... ခုမှပဲ သေသေချာချာကြည့်မိတော့တယ်ဗျာ၊ တကယ်





တော့ အစ်မက အသက်သိပ်မှမကြီးသေးတာပဲ၊ ကျွန်တော်က အစ်မလို့ ခေါ်သင့်တာပေါ့၊ ဆောရီးပါဗျာ... ကျွန်တော် အန်တီလို့ ခေါ်မိသွားတယ်၊ အစ်မကို ရိုင်းပျသလိုဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ် အစ်မ'

အစ်မချင်းမိုးမွှန်အောင်ခေါ်လိုက်မှ အန်တီကြီးမျက်နှာ လုံးဝသကာ ရည်ဖုံးသွားပြီး ချက်ချင်းနွဲ့သွားတော့သည်။

'အို... ရပါတယ်ကွယ်၊ အန်တီ... အဲ... အစ်မက စိတ်မဆိုး တတ်ပါဘူး၊ ပြော... ငါ့မောင်လေးက ဘာသိချင်တာလဲ'

'ဟိုလေ... ပွင့်ဖြူဖြူမှာ ရည်းစားများရှိနေလားလို့'

'ဘယ်လိုမှမရှိနိုင်ပါဘူးကွယ်၊ သူ့အဖေကိစ္စကြောင့် ရှက်ပြီး ရည်းစားတောင်မထားရဲရှာပါဘူး၊ သူ့အမေကလည်း ဘယ်ယောကျ်ားလေး နဲ့မှ ပတ်သက်ခွင့်မပြုဘူးလေ'

'အင်းလေ... သူကိုယ်တိုင်လည်း ယောကျ်ားတွေကို မယုံဘူး ထင်တယ်'

'အေး... ဒါပေမဲ့ အစ်မ တစ်ခုတော့အံ့သြတယ်'

'ဘာများလဲ'

အန်တီကြီးက ဆက်မပြောမီ မိုးလွင်ပြင်မျက်နှာကို ပြုံးပြုံးစိုက် ကြည့်လိုက်သေးသည်။ ပြီး ဆက်ပြောလိုက်သည့်စကားကြောင့် မိုးလွင် ပြင် ကျွမ်းလိုမ့်ထိုးချင်စိတ်ပေါက်သွားသည်။

'အစ်မတို့က အတွင်းသိ၊ အစင်းသိတွေပါ၊ ဒီကောင်မလေးဟာ ကောင်လေးတွေနဲ့ ပတ်သက်ခဲ့တယ်၊ အခု... မင်းနဲ့ကျမှ...'

□

'ဟဲလို...'

'အင်း... ပြောလေ'

တစ်ဖက်မှ အသံတုန်ဟုန်ချိုချိုလေးဖြစ်နေသည်။ နားထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသည့် မိုးလွင်ပြင် အုရောအသည်းပါ ယားလာသည်။ လူချင်းမတွေ့ ကပင် ရှုပိုးထိုးနေခဲ့သူဖြစ်သည်။ ယခု လူချင်းလည်းတွေ့၊ အသားကပ် လည်း ကြွေနေပြီဖြစ်ရာ မိုးလွင်ပြင်တို့ နန့်ကြောထနေတော့သည်။

'ဖြူ တော်တော်ဆိုးတာပဲကွာ၊ ကိုယ့်ကို တစ်ယောက်တည်းထား သွားရက်တယ်၊ ပြန်ထွက်လာမလားလို့ စောင့်နေသေးတာ၊ လုံးဝထွက်မလာ ဘူး၊ မျက်နှာလေးတောင် ဝအောင်မကြည့်လိုက်ရဘူး'

'ပိန်အောင်ကြည့်လိုက်တယ်ပေါ့'

'မနောက်ပါနဲ့ကွာ၊ ကိုယ့်မှာ တစ်ယောက်တည်း အားငယ်နေခဲ့ ရတာ'

'ရုပ်ကြမ်းကြီးနဲ့ လာနွဲ့မနေပါနဲ့၊ ဟွန်း… ပြန်ထွက်လာစရာလား။ လူကို အတင်းကြည့်နေပြီး၊ ရှက်တာပေါ့'

'အေးကွာ… ကိုယ်လည်း သိပ်လှတဲ့ကောင်မလေးမှန်း ရုတ် တရက်သိလိုက်ရတော့ မှင်တက်မိပြီး ကြည့်နေမိတာပါ၊ အဟဲ… မလှ ပါနဲ့'

'လန့်မှာပဲ… နောက်တစ်ခါလာရင် အဲလိုမကြည့်နဲ့၊ ကြောက် တယ်'

'အိုကေ… စိတ်ချ… မျက်ခွံလေးအသာလှန်ပြီး သမာဓိလေးနဲ့ ကြည့်မယ်။ ဪ… ကိုယ့်ကိုရော ဖြူ ဘယ်လိုမြင်လဲ'

'အင်း… ထိုင်ခုံပုလေးမှာ ထိုင်နေတာ မြင်တယ်'

'ဟာကွာ… အဲဒီလိုမျိုးပြောတာ မဟုတ်ဘူး'

'အဟင်း… မဆိုးပါဘူး'

'အဟီး…'

'အဲဒါ ဘာဖြစ်သွားတာလဲ'

'အူမြူးသွားတာလေ'

'အူပဲမြူး၊ မျက်နှာမရှုံးနဲ့'

'ဟုတ်ကဲ့ပါ… ဟုတ်ကဲ့ပါ၊ ဒါနဲ့ မေမိုးလည်း မလာတော့ဘူး နော်'

'ဟုတ်တယ်၊ ဒီကောင်မလေး ဖြူ့ဆီမလာတာ ကြာပြီ၊ ဘာဖြစ် နေလဲ မသိဘူး'

နှစ်ယောက်လုံး အသံများတိတ်သွားကြသည်။ ပြီးမှ ရယ်ချင်သံ နှင့် သူက ဆက်ပြောသည်။

'ဟုတ်ပြီ… သေချာပြီကွ၊ သူ့အစ်မတစ်ယောက်တည်း အထီး ကျန်ပြီး ပျင်းနေမှာစိုးလို့ မေမိုးက ဖြူ့ဆီကိုပို့ခဲ့တာ'

'ဘာလဲ… ဒီအရုပ်ထုပ်ကြီးကိုလား'

အုခနဲဆို မိုးလွင်ပြင် နင်သွားသည်။

'ကိုမိုး… ဖြူ့ကို ကဗျာတစ်ပုဒ်ရွတ်ပြ'

'ဟာ… အလွတ်ဘယ်ရမှာလဲဟ'

'မရဘူးနော်… ရွတ်ပြ… မရွတ်ပြရင် ဖုန်းပိတ်လိုက်မယ်'

'ဟော့… မပိတ်လိုက်နဲ့ဦး၊ ရွတ်ပြမှာပါ၊ ခဏလေး… စဉ်းစား လိုက်ဦးမယ်'

မိုးလွင်ပြင်က ကဗျာတစ်ပုဒ်ကို အတွေးနဲ့အမြန်စပ်လိုက်ပြီး နှုတ် ရွတ်ပြလိုက်သည်။

အိမ်ရောက်သည့်ထိ မင်းရှိနေတယ်။
မျက်ဝန်းမှိတ်ကြည့် မင်းရှိနေတယ်။
ရင်မှာစွဲငြိ မင်းရှိနေတယ်။
သေချာတွေးမိမှ
နှလုံးသားက အဖြေထုတ်ပေးတာ
အချစ်ကြောင့်ပါ… တဲ့။

'ကောင်းငယ်၊ ခေါင်းစဉ်က ဘာတဲ့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဝန်ခံချက်…တဲ့'

ကောင်မလေးအသံရှက်ဝဲဝဲလေးဖြစ်သွားပြီး…

'ဟုတ်ဘဲနဲ့'

'မယုံဘူးလား၊ ဒါဆို အင်္ဂလိပ်နာမည်ပြောင်းလိုက်ရင် ကောင်းမလား'

'ဘာလဲ'

'propose'

'ဟွန်း… လူလည်လာမကျနဲ့၊ ဒါပဲ…'

'ဟာ… ခဏလေး… ခဏလေး…'

ရုတ်တရက် ဖုန်းပြန်ပိတ်သွားသဖြင့် မိုးလွင်ပြင် တန်းလန်းကြီးကျန်ခဲ့သည်။ ဒီကောင်မလေးက အရှောင်အတိမ်းတော့ ကျွမ်းသည်။

□

ဖုန်းလေးကိုဆက်ကိုင်ထားရင်း ပွင့်ဖြူဖြူရင်ခုန်နေမိသည်။ ယခုမှမဟုတ်။ မိုးလွင်ပြင်ကို စတွေ့ပြီးကတည်းက ခုန်နေခြင်းဖြစ်သည်။ အအေးဆိုင်စားပွဲနောက်မှ ခိုးရိုက်ထားသည့် မိုးလွင်ပြင်ပုံကို ပြန်ဖွင့်ကြည့်မိပြီး ပျော်နေပြန်သည်။

ချက်ချင်းပင် မေမိုးသူအကြောင်းတွေးမိပြီး ပျော်နေတာလေး ပျောက်သွားပြန်သည်။ သူတို့ ဖုန်းအဆက်အသွယ်ရှိနေသည်ကို မေမိုးသူ မသိနိုင်သေးပါ။ သိခဲ့လျှင် မကျေမနပ်ဖြစ်မှာတော့ သေချာနေသည်။ မေမိုးသူက မိုးလွင်ပြင်ကို စိတ်ဝင်စားနေမှန်း ပွင့်ဖြူဖြူရိပ်မိနေသည်။ မိုးလွင်ပြင်ပြောပုံအရတော့ သူငယ်ချင်းကဏ္ဍထက်မပိုသေးတာ သေချာသည်။

ယခုအတိုင်းဆိုလျှင် ညီအစ်မအချင်းချင်း အထင်အမြင်လွဲလာနိုင်သဖြင့် ပွင့်ဖြူဖြူ သက်ပြင်းရှိုက်မိသည်။ မိုးလွင်ပြင်ဘက်က ရှေ့တိုး





…ရင်တော့ သူမငြင်းရန်ဆုံးဖြတ်လိုက်မိသည်။ သူမအတွက် အချစ်က…ရေးမပါဟု ယူဆမိ၍ဖြစ်သည်။ သို့သော် သူမငြင်းနိုင်ပါ့မလား မသေ…ပါ။

ဖုန်းထဲမှ မိုးလွင်ပြင်ပုံကိုကြည့်ကာ သူမ အံကျိတ်လိုက်သည်။

'ရှင်… ကျွန်မကို တော်တော်ဒုက္ခပေးပါလားနော်'

□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

'အဲဒါမှ တကယ့်ရှော့'

'ဟုတ်တယ် ငမိုး၊ မင်း ဒီလိုမလုပ်သင့်တာတော့ အမှန်ပဲ၊ ညီမကို အီစီကလီရိုက်ပြီးမှ အစ်မကို ချစ်လုပ်ပါချည်ရဲ့ဆိုရင်တော့ မင်းကို ညီအစ်မနှစ်ယောက် ပါးဝိုင်းချဖို့ပဲရှိတော့တယ်'

မိုးလွင်ပြင်က သူနှင့် ပွင့်ဖြူဖြူအကြောင်း ညီသစ်ဆူးနှင့် ကျော်ဝင်းမော်တို့ကို ပြောပြလိုက်သဖြင့် သြဘာဝိုင်းပေးနေကြခြင်းဖြစ်သည်။

'ငါက မေမိုးနဲ့ ကင်းပါတယ်ကွ'

'အကြောင်းသိတွေကွာ၊ ကျောင်းမပိတ်ခင်အထိ မင်း မေမိုးကို ဘယ်လိုဆက်ဆံခဲ့သလဲ၊ ခုကိစ္စက မဖြစ်သင့်ဘူး၊ မင်းမလုပ်သင့်ဘူးကွ၊ မေမိုးကို စော်ကားရာကျတယ်'

'မေမိုးကို ငါ့ရဲ့သဘောထား ဘာမှမပြောရသေးပါဘူးကွာ'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်း မေမိုးကို မကြိုက်ရင် ရတယ်၊ သူ့အစ်မနဲ့မပတ်သက်ရင်တော့ ဘာရှေ့မှမရှိဘူး'

မိုးလွင်ပြင် ငိုင်သွားသည်။ ဘယ်လိုပင်စဉ်းစား စဉ်းစား ပွင့်ဖြူဖြူကို သူ မစွန့်လွှတ်နိုင်။ အချစ်စိတ်တစ်ခုတည်းဖြင့် သူ ဖွတ်တိုးရှံ့ဆုံးဖြတ်ပြီး ခေါင်းကို တွင်တွင်ခါသည်။

'ငါက မေမိုးကို ခင်တာပါ၊ သူလည်း ငါ့လိုပဲနေမှာ'





'မင်းလိုချင်တာကို ဆွဲမပြောပါနဲ့ကွာ'

သုံးယောက်သား အတန်ကြာသည်အထိ တိတ်နေကြသည်။ အချစ်ကြောင့်ပင် မိုးလွင်ပြင်ရင်ထဲ မငြိမ်းချမ်းနိုင်ဖြစ်နေရသည်။

'ဟူး... စိတ်ရှုပ်စရာကောင်းလိုက်တာကွာ'

'စိတ်ရှုပ်စရာကို မင်းကိုယ်တိုင်လုပ်နေတာလေ၊ အကောင်းဆုံးကတော့ မေမိုးသူ့ရဲ့အစ်မကို မေ့ပစ်လိုက်ဖို့ပဲ'

'ဒါပေမဲ့... ငါက...'

'မင်းက ဘာဖြစ်လဲ'

'ငါ... ငါက ပွင့်ဖြူဖြူကို ချစ်နေမိပြီကွ'

'အဲဒီတော့...'

'မင်းတို့ပြောသလို မေ့ပစ်ရမယ်ဆိုရင် ငါကတော့ မေမိုးသူကိုပဲ မေ့ပစ်မိမယ်ထင်တယ်'

စကားဝိုင်းက ခဏတာတိတ်နေပြီးမှ ညီသစ်ဆူး၏ မှတ်ချက်ချသံသာ ထွက်လာသည်။

'မင်းအတွက်... ငါတို့ ရင်လေးတယ် ငမိုး၊ မင်းပါးလေးတွေကိုလည်း သနားတယ်'

❒

တူဖြစ်သူကိုကြည့်ပြီး ဒေါ်ဝသုန် မျက်စိနောက်နေသည်။ ယခင်က အိမ်မကပ်ဘဲ လားလား လားလားနှင့် လမ်းသလားနေသည့်ကောင်က ခုမှ အိမ်မြဲနေသည်။ ဒါပေမဲ့ အကောင်းမြဲခြင်း မဟုတ်။ အိမ်မြဲနေသည့် နှစ်လနီးပါးအချိန်အတွင်း နေ့နေ့ညည ဖုန်းပဲပြောနေသည်။ ယခုဟင်းန်ဖုန်းကို ဘေးချပြီး ဧည့်ခန်းရှိ ကြိုးဖုန်းနားကိုရောက်လာပြန်သည်။

ဒီကောင်လုပ်နေပုံနှင့် ကြာလျှင် ဖုန်းဘေလ်နှင့်ပင် မွဲရတော့မည်။ တူဝရီးနှစ်ယောက်လုံးက ကဗျာယောင်ယောင်၊ စာယောင်ယောင်တွေဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဟုတ်တိပတ်တိ ဝင်ငွေရှိတာမှဟုတ်။ ဒါကြောင့် တစ်ခုခုပြော
ဖြစ်တော့မည်ဟု စဉ်းစားမိသည်။

'ဖုန်းကို အလကားပြောနေရတယ်ထင်နေလား ငမိုး'

တူဖြစ်သူ ပြန်ဖြေပုံက နားဝင်ချိုစရာကောင်းလှသည်။

'ဘယ်သူကထင်နေတယ်ပြောလို့လဲ'

'ဒါဆို ဘာလို့ ဖုန်းကို ဒီလောက်ပြောနေရတာလဲ၊ အရည်မ
အဖတ်မရတွေ'

'ဪ… အန်တီခင်ရယ်၊ ကျွန်တော်က ကဗျာဆရာလေ၊ ကဗျာ
ဆရာတောင် လူသိနေတဲ့ တန်းဝင်ကဗျာဆရာနော်၊ တချို့လူတွေ
အလကားစာရေးဆရာမှ မဟုတ်တာ'

ဒေါ်ဝသုန် မျက်နှာကြီးနီရဲလာကာ…

'ဘာ… ဘာပြောတယ်… အလကား…'

'စာမူခမရဘူး၊ အလကားရေးပေးရတယ်ဆိုမှတော့ ဘယ်လိုခေါ်
ရပါ့မလဲနော်'

အမှန်တွေဖြစ်နေသဖြင့် ဒေါ်ဝသုန် ပြန်မပြောသာ။ မျက်နှာ
တော့ မဲ့ကျသွားသည်။

'ကဗျာလေး တစ်ပုဒ်စ၊ နှစ်ပုဒ်စ မဂ္ဂဇင်းထဲပါပြီး စာမူခ
မစို့မပို့ရတာများ မင်္ဂလာယူနေသေးတယ်'

'ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ကျွန်တော်က စာမူခထက် ဂုဏ်သိက္ခာ
ကို အလေးထားတဲ့လူပါ'

'ဟွန့်… နင်ပဲအမျိုးမျိုး'

'နာမည်ကြီးမဟုတ်သေးပေမယ့် လူသိနေတဲ့ ကဗျာဆရာဆိုတော့
လည်း စာဖတ်ပရိသတ်ဆီက ဖုန်းတွေခဏခဏလာတာပေါ့ဗျာ'

'ငါမြင်တာတော့ နင်ကဆက်တာ များပါတယ်။ ထားပါဦး…
သူတို့နဲ့ ဖုန်းပြောတော့ နင်ဘာရလဲ'

'ပီတိ'





'သုံးမရ စားမရတဲ့ အဲဒီပီတိအတွက် ဘာကိစ္စဖုန်းဆက်နေတာ
လဲ၊ ပိုက်ဆံမရတဲ့အပြင် ဖုန်းဘေလ်ပါတက်တယ်၊ အေး… ဖုန်းဘေလ်
တက်တာများလို့ကတော့ နင်ပဲနော်၊ နင့်အဖေနဲ့ လှမ်းတိုင်မယ်'

အကျပ်ခံရသဖြင့် မိုးလွင်ပြင် စိတ်ညစ်သွားသည်။

ဟင်းန်ဖုန်းနှင့်ပြောလျှင် ပိုက်ဆံကတ် ခဏခဏထည့်ရသဖြင့်
သက်သာလို သက်သာငြား ကြိုးဖုန်းနှင့်ပြောင်း၍ပြောခြင်းဖြစ်သည်။ ကြိုး
ဖုန်းလမ်းကြောင်းကလည်း ကျပ်လာသဖြင့် ညစ်ညစ်ဖြင့် အိပ်ခန်းထဲဝင်
လာခဲ့ရသည်။

အခန်းတံခါးကို ဆောင့်ပိတ်လိုက်ပြီး အိပ်ရာပေါ် ပစ်လှဲချလိုက်
သည်။ ပွင့်ဖြူဖြူနှင့် ဇာတ်လမ်းစမှ ဖုန်းကတ်ခဏခဏဝယ်နေရသည်။
ကြာလျှင် ဖုန်းကတ်ဖိုးနှင့်ပင် မွဲနိုင်သည်။ သို့သော်လည်း ဒီဇာတ်လမ်း
ကို ရပ်ပစ်ရန်ထက် ဘယ်လိုရှေ့ဆက်မလဲဆိုတာကိုသာ အာရုံစိုက်နေမိ
သည်။ အထီးကျန်နေရှာသည့် ကောင်မလေးကို သနားသည်။ ခုဆို သူ့
ဘက်က သနားတာထက်ပိုနေပြီမှန်း သေချာနေသည်။

တွေးရင်းနှင့်ပင် အသံလေးကြားချင်လာပြန်သဖြင့် ဟင်န်ဖုန်းနှင့်
ပင် ခေါ်လိုက်ရတော့သည်။ အတန်ကြာဖုန်းမြည်နေပြီးမှ မောနေသံလေး
ကို ကြားလိုက်ရသည်။

'ကိုမိုးလား… ခဏနေမှပြန်ဆက်ပါလား၊ အမေနဲ့ ငွေစာရင်း
တွေလုပ်နေလို့၊ ဒါပဲနော်'

ဘာတစ်ခွန်းမှမပြောလိုက်ရဘဲ ဖုန်းပိတ်သွားသဖြင့် မိုးလွင်ပြင်
မကျေမနပ်ဖြစ်သွားသည်။ သို့သော်လည်း ချက်ချင်းပဲ နားလည်ပေးလိုက်
ရသည်။ သူ့အမေသိပြီး ဖုန်းအသိမ်းခံရလျှင် လမ်းကြောင်းက ပြတ်မည်။
ယခုက ကျပ်ရုံကျပ်သည့်အနေအထားဖြစ်သည်။

❒



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဖြူဖြူ စာရင်းတွေလုပ်နေစဉ် ဖုန်းက ထပ်မြည်လာသဖြင့် မိခင်က မကျေနပ်ဟန်နှင့် ကြည့်သည်။ သူမ ဟီးခနဲတစ်ချက်ရယ်ပြကာ ဖုန်းကိုယူ၍ ဝရန်တာသို့ ပြေးရပြန်သည်။

'ဟဲလို… ကိုမိုး၊ အလုပ်မပြီးသေးဘူး၊ ဖုန်းခဏခဏလာနေရင် အမေသိသွားလိမ့်မယ်၊ ညနေမှဆက်၊ ဒါပဲနော်'

စကားကို အမြန်လက်စသတ်ပြီး ဖုန်းပိတ်ကာ အိမ်ထဲပြန်ဝင်လိုက်သည်။ နှစ်ခါပြေးထွက်ရသဖြင့် မောနေတော့သည်။

'ဘယ်ကဖုန်းလဲ သမီး'

'ညီမလေးဆီကပါ'

'ဪ… ဘာလို့ခဏခဏဆက်နေတာလဲ'

'သူ့အိမ်ကိုလာလည်ဖို့ခေါ်တာ၊ သမီးမအားသေးဘူးလို့ ပြောတာကို မယုံလို့တဲ့'

မိခင်ဖြစ်သူက သူမကို စိုက်ကြည့်ပြီး တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။ ခဏကြာမှ…

'သမီးမှာလည်း ဒီဖုန်းပဲ အလုပ်လုပ်ပြောနေရတာ ဒုက္ခရောက်ပါတယ်၊ လိုလည်း မလိုပါဘူး၊ ပြန်ရောင်းလိုက်ရင် ကောင်းမယ်'

'ရပါတယ် မေမေရယ်။ ရောင်းတော့ မရောင်းပါနဲ့၊ သမီးသူငယ်ချင်းလေးနှစ်ယောက် သုံးယောက်လောက်သာရှိတာ၊ အဆက်အသွယ်ပြတ်သွားပါဦးမယ်'

'အေးလေ… ဒါလည်း ဟုတ်တာပဲ၊ သမီးလည်း အပြင်ကို မထွက်ဖြစ်တာဆိုတော့…'

စကားစပြတ်နေတုန်း ပွင့်ဖြူဖြူ စာရင်းကို အာရုံစိုက်လိုက်သည်။ မိခင်စိတ်ပြောင်းသွားမည်ကို စိုးရိမ်ရသည်လေ။ သူမဘဝထဲသို့ မိုးလွင်ပြင် ဝင်ရောက်လာကတည်းက ဒီဖုန်းလေးကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ဂရုစိုက်နေရသည်။

ခုတော့ မိုးလွင်ပြင်နှင့် ဖုန်းပြောနေသည့် အချိန်လေးများက သူမ





အတွက် အပျော်ဆုံးအချိန်များဖြစ်နေသည်။ မိုးလွင်ပြင်က သူမဘဝထဲသို့ တစ်စတစ်စဝင်ရောက်လာခဲ့ပြီဖြစ်သည်။

❒

'ဟဲလို… ပြောပါ'

'ဖြူ့အသံလေးက ချိုနေတာပဲ'

'ဆေးသကြားထည့်ထားပါတယ်… ဆို'

'ဒီအသံလေးကို အမြဲပဲနားထောင်ချင်တယ်… သိလား'

'အသံသွင်းထားလေ'

မိုးလွင်ပြင်က ခံစားချက်အပြည့်နှင့် ပြောပေမယ့် ပွင့်ဖြူဖြူ သွက်သွက်လက်လက်ပြန်ပြောသည့်စကားများကြောင့် မျက်နှာကြီးမဲ့ကျသွားသည်။ ကောင်မလေးက တခစ်ခစ်နှင့် ဆက်ရယ်နေပြန်သေးသည်။

'ဖြူ့ တကယ်ပဲအပျိုကြီးလုပ်မှာလားဟင်'

'တကယ်ပါဆို'

'အဲဒါ အကျင့်မကောင်းတာ၊ တစ်ကိုယ်ကောင်းဆန်တာ၊ ပြီးတော့ သနားကြင်နာစိတ်လည်း မရှိဘူး'

'အလိုတော်… စွပ်စွဲချက်တွေကလည်း များလိုက်တာ၊ ရှင်းပါဦး'

'မင်းကိုချစ်နေတဲ့လူကို ဒီအတိုင်းထားခဲ့တာကြောင့်လေ'

ပွင့်ဖြူဖြူထံမှ အသံတိတ်သွားသည်။ ခဏကြာမှ…

'ဖြူ့ကိုချစ်တဲ့သူဆိုတာ ရှိမှမရှိတာ၊ ဒီတော့ ကိုမိုးပြောသမျှတွေ ဘာမှအရာမထင်တော့ဘူး၊ ပြန်ရုပ်သိမ်းလိုက်'

မိုးလွင်ပြင်ထံမှ ကမူးရှူးထိုးအသံထွက်လာသည်။

'ဘာလို့မရှိရမှာလဲ၊ ဘာလို့မရှိရမှာလဲ၊ ဖြူ့ကို ကိုယ်ချစ်တယ်'

'မဟုတ်သေးဘူးလေ၊ ဖြူတို့က ခင်တာပဲ၊ ဟင့်အင်း… ဒီအတိုင်းပဲနော်၊ ဒီအတိုင်းပဲကောင်းပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



အသံတုန်တုန်လေးနှင့် ငြင်းသဖြင့် မိုးလွင်ပြင်စိတ်ပျက်သွားတော့သည်။ အရှောင်အတိမ်းနှင့် စကားကြွယ်သူလေးမို့ ရှေ့ဆက်ရခက်နေသည်။ သို့သော်လည်း တစ်ခုခုကို ကြံကြာနေမှန်းတော့ သိသာသည်။

'မင်းလည်း သိသင့်ပါတယ် ဖြူရယ်၊ ယောက်ျားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို အတင်းရောပြီဆိုရင် သာမန်ခင်မင်ချင်တာထက်ပိုတယ်ဆိုတာကိုလေ'

ပွင့်ဖြူဖြူက ဘာမှပြန်မပြောဘဲ တိတ်နေသည်။

'ဟိုလေ… ကိုယ်တို့သိတာမကြာသေးလို့ ဖြူ့ဘက်က စဉ်းစားချင်သေးတယ်ဆိုလည်း အေးအေးဆေးဆေးစဉ်းစားပါ၊ အခုဖွင့်ပြောမိတာက ကိုယ့်ထက်ဦးသူပေါ်သွားမှာစိုးလို့ပါ'

နှစ်ဖက်လုံးမှ ခဏအကြာ တိတ်ဆိတ်နေပြီးမှ ကောင်မလေးဘက်မှ မသက်မသာအသံလေး ထွက်ပေါ်လာသည်။

'ကိုမိုးကို တစ်ခုမေးချင်တယ်၊ သေသေချာချာစဉ်းစားပြီးမှ ဖြေပါ'

'မေးလေ'

'မေမိုးကို ဘယ်လိုသဘောထားလဲ'

'ဒီမေးခွန်းအတွက် စဉ်းစားစရာမလိုပါဘူးကွာ၊ သာမန်ခင်ရုံမင်ရုံထက်မပိုတာ အမှန်ပဲ'

တော်တော်ကြာ တိတ်ဆိတ်နေပြန်သည်။ ပြီးမှ…

'ဘာပဲဖြစ်ဖြစ် ဖြူတို့နှစ်ယောက်ကိစ္စအတွက် မေမိုးကို စိတ်မလုံဘူး၊ သူသိသွားခဲ့ရင် ညီအစ်မချင်း တစ်မျိုးဖြစ်သွားနိုင်တယ်'

သူကိုယ်တိုင် မအူမလည်လုပ်ထားသည့်ကိစ္စတစ်ခု၏ ဂယက်က လာရိုက်ခတ်ပြီမို့ မိုးလွင်ပြင် ရင်မောသွားတော့သည်။

'ပြီးတော့… ဖြူဖြူတို့က ညီအစ်မတွေလေ'

'ဒီအတွက်တော့ စိတ်ချပါကွာ၊ ကိုယ့်ဘက်က ဒီအကြောင်းတွေကို လုံးဝပြန်မပြောပါဘူး'

'ပြန်မပြောတာ ပြောတာထက် ကိုမိုးနဲ့ သူ ထပ်ပြီးမပတ်သက်ရင် ပိုကောင်းမယ်'





'ဟင်… ဒီလိုကြီးကျတော့လည်း ဘယ်ကောင်းပါ့မလဲ ဖြူရယ်'

'ဘာရယ်… ဒါဆို ကိုမိုးသဘောထားက ဘယ်လိုကြီးလဲ၊ အစ်မကို ကြိုက်တယ်လို့ပြောပြီး ညီမနဲ့ဆက်တွဲနေမယ်ပေါ့၊ ပတ်ဝန်းကျင်ကမြင်လို့မကောင်း ကြားလို့မကောင်းတွေ ဖြစ်ကုန်တော့မှာပဲ'

'အဲ… အဲဒီလိုလည်း မဟုတ်ပါဘူး ဖြူရယ်'

'ကျွတ်… စိတ်ရှုပ်စရာကောင်းလိုက်တာ၊ တော်ပြီ… ရှင် သူနဲ့မပတ်သက်ဘဲနေနိုင်တဲ့အခါကျမှ ကျွန်မကို ပြန်ဆက်သွယ်ပါ၊ ဒါပဲ'

လေသံပြတ်နှင့်ပြောပြီး ဖုန်းပိတ်သွားသဖြင့် မိုးလွင်ပြင် ပျာသွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် ပွင့်ဖြူဖြူကို မစွန့်လွှတ်နိုင်ပါ။ နောင်ခါလာနောင်ခါရေးသဘောထားပြီး ချက်ချင်းဖုန်းပြန်ခေါ်လိုက်သည်။

'ပြော… ဘာလဲ'

စူဆောင့်ဆောင့်အသံလေး ထွက်ပေါ်လာပေမယ့်လည်း…

'ဖြူ့သဘောပါကွာ၊ မေမိုးနဲ့ မပတ်သက်တော့ပါဘူး၊ ဖြူနဲ့အဆက်အသွယ်တော့မဖြတ်ပါနဲ့နော်'

'ကတိပေးတာလား'

'ဟုတ်တယ်… ကတိ'

'ဖြူစောင့်ကြည့်နေဦးမှာနော်၊ ရှင့်ကတိကို လုံးဝမယုံသေးဘူး၊ စိတ်တော့မရှိနဲ့နော်၊ ကျွန်မ မေမေ့လိုဘဝမျိုး မဖြစ်ချင်ဘူး'

'အေးပါကွာ'

'တစ်နေ့နေ့မှာတော့ ရှင့်ဆီကို အဖြေတစ်ခုခု အလိုလိုရောက်လာမှာပါ၊ အဲဒီနေ့က ရှင့်ကိုယုံကြည်ရတဲ့နေ့ ဖြစ်မှာပေါ့၊ ဒီကြားထဲမှာ ရှင်စဉ်းစားဖို့အချိန်တွေ အများကြီးရှိပါသေးတယ်၊ ရှင့်ဘက်က သဘောထားပြောင်းသွားချင်ရင်လည်း ပြောင်းပိုင်ခွင့်ရှိပါတယ်၊ အဲဒီအတွက် ကျွန်မစိတ်မဆိုးပါဘူး'

ရင်ထဲကလာသည့် စကားတစ်ခွန်းကိုသာ မိုးလွင်ပြင် လေးနက်နက်လေသံဖြင့် ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုမှပြောင်းလဲစရာ မရှိပါဘူးကွာ၊ ကိုယ်က ဖြူ့ကိုပဲချစ်တာပါ'

❒

ထို့နောက်တွင်…

မိုးလွင်ပြင်နှင့် ပွင့်ဖြူဖြူတို့၏ ဖုန်းဖြင့်ဆက်သွယ်မှုလမ်းကြောင်းမှာ ပုံမှန်အတိုင်း ရှင်သန်နေခဲ့သည်။ ယခင်ကလိုပင် မြတ်နိုးတွယ်တာခြင်းနှင့် ရင်ခုန်ရခြင်း ခံစားချက်တို့ နှစ်ဦးသားရင်တွင်း စီးမျောနေခဲ့ကြသည်။

တစ်ခါတစ်ရံတွင်တော့ အအေးဆိုင်လေးတွင် နှစ်ဦးသား လူချင်းတွေ့ဆုံဖြစ်ကြသည်။ အချိန်ကြာသည်နှင့်အမျှ ပွင့်ဖြူဖြူ၏ နှလုံးသားမှာလည်း လှုပ်ခတ်ယိမ်းယိုင်လာခဲ့သည်။

သို့သော်လည်း တစ်စုံတစ်ရာကို တွေးတောပူပင်နေမြဲဖြစ်သည့် ပွင့်ဖြူဖြူက မည်သည့်အဖြေမှ မပေးသေးပါ။ မိုးလွင်ပြင်ကို အဆက်အသွယ်ဖြတ်မည်ဆိုတော့လည်း သူမနှလုံးသားက လက်မခံနိုင်သဖြင့် ပိုနေမြဲ ကျားနေမြဲအခြေအနေဖြင့်သာ ခဏတာငြိမ်းချမ်းနေခဲ့ကြသည်။

ထိုငြိမ်းချမ်းမှုလေး ဘယ်လောက်ကြာကြာ တည်တံ့နိုင်မည်လဲ ဆိုသည်ကတော့…

❒



## အခန်း (၁၁)

ဒီနေ့ ကျောင်းတွေပြန်ဖွင့်သည်။

မရောက်စဖူး သုံးယောက်သား ကျောင်းသို့အစောကြီးရောက်လာကြသည်။ ထို့နောက် အီးမေဂျာဘက်သို့ သွက်သွက်လက်လက်ချီတက်ကြသည်။

မိုးလွင်ပြင်က စိတ်မပါသော်လည်း ညီသစ်ဆုံးနှင့် ကျော်ဝင်းမော်က အထူးတက်ကြွနေကြသည်။

ထိုင်နေကျ ဆိုင်ကိုရောက်သောအခါ တစ်ယောက်တည်းထိုင်နေသည့် ညီမင်းထက်ကို တွေ့လိုက်ကြရသည်။

'အစ်ကိုတို့ လာ… ထိုင်… ဒီနေ့အတွက် ကျွန်တော် ဒကာခံမယ်၊ အဟဲ… အစ်ကိုတို့လမ်းညွှန်မှုနဲ့ ကျွန်တော်ကဗျာ တော်တော်ရေးတတ်လာပြီဗျ'

'ဟုတ်လား… ကောင်းတာပေါ့ ငါ့ညီရာ၊ ဘယ်ပညာမဆို တတ်ထားရင် သူ့နေရာနဲ့သူ အသုံးဝင်တာချည်းပဲကွ'

ညီသစ်ဆုံးက လူကြီးသူမ လေသံကို ငှားသုံးသဖြင့် ကျန်နှစ်ယောက်က နှာခေါင်းရှုံ့ကြသည်။ သုံးယောက်သား စားစရာတွေကိုယ်စီမှာပြီးမှ မိုးလွင်ပြင်က စကားစသည်။

'မင်းကောင်မလေးနဲ့ အဆင်ပြေသွားပြီလားကွ'



www.burmeseclassic.com

www.burmeseclassic.com


'မပြေသေးပါဘူးဗျာ၊ သူက ကျောင်းပိတ်တာနဲ့ အပြင်မှမထွက်တော့တာ၊ ကျွန်တော်အကြိမ်ကြိမ်သွားချောင်းတာ၊ တစ်ခါမှမတွေ့ရဘူး'

ညောင်နာနာလေသံလေးနှင့် ပြောသဖြင့် သူတို့သုံးယောက် ပြုံးလိုက်ကြသည်။ ညီမင်းထက် မျက်နှာသေလေးနှင့် အတန်ကြာငြိမ်နေသည်။ ပြီးမှ မျက်နှာကိုမော့ပြရင်း မေးသည်။

'အစ်ကိုတို့ ကြည့်ပါဦး၊ ကျွန်တော်ရုပ်ဆိုးလား'

'ဟေ့အေး… မ… မဆိုးပါဘူးကွာ'

ယောက်ျားချင်းချောတယ်ပြောရသဖြင့် အီလည်လည်ဖြစ်သွားကြသော်လည်း စားကောင်းသောက်ကောင်းစေရန် ဖြေပေးရသည်။ ဇေါ်လေးက ပြောရင်း မာန်ပါလာပြီး…

'ပြီးတော့ဗျာ၊ စီးပွားရေးအရလည်း ခြေခြေမြစ်မြစ်ရှိပါတယ်၊ ကြွားတာမဟုတ်ဘူးနော်၊ ကုမ္ပဏီနှစ်ခုတောင် ပိုင်တာ၊ အဲဒါ နည်းလား၊ ဆင်းရဲလားဗျာ'

'ဟင့်အင်း'

ကြွားမှန်းသိသိကြီးနှင့် အလိုကျအဖြေပေးရပြန်သည်။

'နောက် အစ်ကိုတို့လည်း မျက်မြင်ပဲ၊ ကျွန်တော့်မှာ ကိုယ်လက်အင်္ဂါအစုံအလင် ဘာမှလည်း မချို့ယွင်းဘူး'

နေ့က ပြောပြောဆိုဆို ထရပ်ပြရာ ဝတ်ထားသည့်ပုဆိုးပြေသွားသဖြင့် ပြန်ဝတ်နေသေးသည်။ သုံးယောက်သားရှုံ့မဲ့ကြည့်ရင်း ထောက်ခံရပြန်သည်။

'ဟုတ်ပါတယ်ကွာ၊ တော်တော်ကို ပြည့်စုံပါတယ်'

'အင်း… မြင်ရတဲ့အစိတ်အပိုင်းကတော့ မဆိုးပါဘူး'

'ဗျာ…'

ညီသစ်ဆူး၏စကားကြောင့် ပုဆိုးလက်နှင့်အုပ်ကာ မျက်ပြူးလေးနှင့် ပြန်ထိုင်သွားသည်။

'မမြင်ရတဲ့အစိတ်အပိုင်းဆိုတာ မင်းရဲ့ ကာရိုက်တာကို ပြောတာပါကွ၊ ဟုတ်တယ်နော် ညီ'

'အေး'

မိုးလွင်ပြင်၏ ဝင်ဖြေရှင်းချက်ကို ညီသစ်ဆူးက ထောက်ခံတော့မှ သက်ပြင်းကို ဟင်းခနဲချပြီး စောစောကကဲ့သို့ မာန်မပါတော့ဘဲ ပုံမှန်လေသံနှင့် ဆက်ပြောသည်။

'ကျွန်တော့်ကာရိုက်တာလည်း သူသိနေပါတယ်၊ ကျွန်တော့်ကို ငြင်းစရာဘာအချက်မှ မရှိပါဘူးဗျာ၊ အစ်ကိုတို့ပဲ စဉ်းစားကြည့်ပါဦး၊ ကျွန်တော့်ကို သူ ဘာဖြစ်လို့ ပြန်မချစ်နိုင်တာလဲဗျာ'

ပြောပြီး မျက်နှာငယ်လေးနှင့် ကျန်သုံးယောက်ကို လိုက်ကြည့်နေသည်။

'အဲဒါတော့ သူ့စိတ်ထဲက ခံစားချက်လေကွာ၊ ငါတို့က ဘယ်လိုလုပ်သိနိုင်မှာလဲ'

'အေး… သူ့ကိုမေးမှပဲ သိမှာပေါ့ကွာ'

မျက်နှာလေးပိုငယ်သွားပြီး…

'သူ့ကိုမမေးရဲလို့ အစ်ကိုတို့ကို မေးတာပေါ့ဗျာ၊ စောစောကတင် စကားသွားပြောကြည့်သေးတယ်'

'ဘာတဲ့လဲ'

'ဘာမှကို ပြောင်းလဲမလာပါဘူး၊ ဟူး… စိတ်ညစ်တယ်ဗျာ၊ ဒါပေမဲ့ စိတ်တော့မကုန်ဘူးဗျ၊ ဟော… ပြောရင်းဆိုရင်း လာနေကြပြီ၊ ကျွန်တော် မျက်နှာချင်းမဆိုင်ရဲဘူး၊ လစ်ပြီဗျို့'

'ဟာ… ဟေ့ကောင်… ဒီမှာ ရှင်းသွားဦးလေ'

လစ်သွားလိုက်သည်မှာ လှမ်းခေါ်သော်လည်း လှည့်မကြည့်တော့။

'ဟာကွာ… ဒကာခံမယ့်သူကို ဒကာပြန်ခံလိုက်တယ်၊ ဟင်… အဲဒါဆရာလုပ်ချင်ကြဦးလေ၊ ဖော်လိုလိုက်ပြီး ထောက်ခံကြဦးလေ၊ စားတာအပြင် ကြွားတာပါ ခံလိုက်ကြရတယ်'

ညီမင်းထက် စားသောက်ထားသမျှကို ကြည့်ပြီး ငွေပိုက်ဆံမော်



www.burmeseclassic.com

www.burmeseclassic.com



က ပွစိပွစိပြောနေသည်။ ထိုအချိန်မှာပဲ ယင်းမာမျက်နှာကိုမြင်ပြီး မျက်နှာကြီးဖြီးသွားတော့သည်။

❒

နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်နေသော်လည်း စကားမပြောဖြစ်ကြ။ ကျန်လေးယောက်ကတော့ တစ်တွဲစီခွဲပြီး တစ်နေရာစီလစ်သွားကြသည်။

မေမိုးသူက မိုးလွင်ပြင်ကို တစ်ချက်ခိုးကြည့်သည်။ ဘာမှန်းမသိသည့် အရာတစ်ခုခုကို ရှာတွေ့လိုက်သလိုဖြစ်ပြီး မေမိုးစိတ်ထဲ တအုံ့နွေးနွေးဖြစ်သွားသည်။ ဟိုးအရင်က မိုးလွင်ပြင်နှင့် ယခု သူမရှေ့မှာ ထိုင်နေသည့် မိုးလွင်ပြင် မတူတော့ဘူးဆိုတာကိုတော့ သတိထားမိသွားသည်။

'ကိုမိုး… ပြောင်းလဲသွားသလိုပဲနော်'

မိုးလွင်ပြင်က မျက်နှာသေလေးဖြင့်…

'ဘာဖြစ်လို့လဲ'

'ဩော်… ဘာမှန်းတော့ မသိပါဘူး၊ အရင်ကဆိုရင် ကိုမိုးက စကားတွေဝေနေအောင် ပြောတာလေ၊ ခုတော့…'

မလုံမလဲမျက်နှာပေးသို့ မိုးလွင်ပြင် ပြောင်းသွားသည်။

'အဟဲ… ထင်လို့ပါ၊ ဘာမှမပြောင်းလဲပါဘူးကွ၊ မတွေ့တာကြာတော့ ဘာစကားက စပြောရမှန်းမသိဖြစ်နေတာ၊ ဒါနဲ့ မင်းတို့အားလုံး စာမေးပွဲအောင်ကြတယ်မို့လား၊ ငါတို့လည်း အောင်တယ်'

'အောင်ပါတယ်'

မေမိုးသူက တိုတောင်းစွာဖြေရင်း မိုးလွင်ပြင်မျက်နှာကို စာဖတ်နေသည်။ မိုးလွင်ပြင် သတိထားမိသွားပြီး တိုက်စစ်ဘက်ပြောင်းရန် တာစူသည်။





'နေပါဦး… ကျောင်းပိတ်ရက်တုန်းက ဘာလို့ဖုန်းမဆက်တာလဲ'

'မဖြူကို အားနာတာရယ်၊ ပြီးတော့ မိန်းကလေးက စပြီး မဆက်ချင်တာကြောင့်ပါ၊ ပြောရဦးမယ်၊ ပြီးခဲ့တဲ့ နှစ်ပတ်လောက်က မဖြူဆီ ခဏဝင်သေးတယ်၊ ကြုံတုန်းဖုန်းဆက်ချင်လို့လေ၊ ဒါပေမဲ့ မဖြူမျက်နှာကြည့်ရတာ ဘယ်လိုကြီးဖြစ်နေမှန်း မသိတာနဲ့ မဆက်ဖြစ်ခဲ့ဘူး၊ ကိုမိုးရော သူ့ဆီဆက်သေးလား'

မိုးလွင်ပြင် ခေါင်းယမ်းပြရင်း မျက်နှာဝှက်ရန်အတွက် အအေးကို ငုံ့သောက်သည်။

'သူ့ဖုန်းဘေလ်တက်မှာစိုးလို့ ဖြစ်မှာပေါ့ကွာ၊ တခြားဖုန်းနဲ့ ဆက်လည်းဖြစ်တဲ့ဟာ'

မေမိုးသူက ခေါင်းကို ဖြည်းညင်းစွာယမ်းရင်း တွေးတွေးဆဆ ပြောသည်။

'မဟုတ်ဘူး၊ မဖြူက ညီမကို အရမ်းချစ်တာ ညီမသိတယ်၊ ကိုမိုးဆီကို ဖုန်းဆက်ချင်လို့ ပြောတော့ ဆက်ပေါ့လို့သာပြောတာ၊ မျက်နှာက အင်း… ဘယ်လိုပြောရမလဲ၊ မပြောတော့ပါဘူးလေ၊ အဖေတို့ ဖုန်းလည်း ယူမပြောချင်ဘူး၊ လမ်းဘေးဖုန်းကျတော့လည်း မဆက်ချင်ဘူး၊ အဲဒါကြောင့် ကဲ… ထားပါလေ၊ ကိုမိုးလည်း မဖြူဆီကို ဖုန်းမဆက်တာ သေချာတယ်နော်'

'အင်းလေ… မင်းဆက်ခိုင်းတဲ့ ညဘက်တစ်ခါခေါ်ပြီးတဲ့နောက် ပိုင်း မဆက်ဖြစ်တော့ဘူး၊ မင်းနဲ့သိတာဆိုတော့ မင်းမရှိမှန်းသိနေလျက်နဲ့ မဆက်ချင်ဘူးလေ'

မေမိုးသူက ယုံပြီး မျက်နှာလေးပြုံးသွားသည်။ မိုးလွင်ပြင်ကတော့ ညာပြောရသည့်အတွက် စိတ်မလုံ။ ဟိုတစ်ယောက်က မေးလာလျှင် ဒီလိုပဲ လိမ်ညာရဦးမှာပင်။

လောလောဆယ် အနေအထားအရ မေမိုးသူနှင့် အလိုက်သင့်ဆိုက်နေမှ ဖြစ်မည်။ နောက်မှ ဖြည်းဖြည်းချင်းပြောပြမည်ဟု မိုးလွင်ပြင် တွေး



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ မတော်၍ မေမိုးသူက စိတ်ဖောက်ပြီး ပွင့်ဖြူဖြူအမေကို သွားပြော လိုက်လျှင် လုံးဝပွဲပျက်သွားတော့မည်။

တစ်ဖက်မှာ ကိုယ်က ချစ်ရသူ၊ ကျန်တစ်ဖက်မှာက ကိုယ့်ကို တွယ်တာသူ၊ သူတို့နှစ်ယောက်ကြားတွင် ဗျာမများရအောင် အလိုက်သိ မောင်ဘဦးလုပ်တန် လုပ်၊ ကြံ့သလို ဖောရွှီးလုပ်သင့်လုပ်ပြီး ထိန်းထားရ မည်ဖြစ်သည်။

တစ်နေ့မှာ သိသွားခဲ့လျှင်ဆိုသည့် အတွေးကိုတော့ လုံးဝမေ့ထား လိုက်သည်။

မေမိုးသူမျက်နှာကို ငေးရင်း တွေးချင်ရာတွေးနေရာ မေမိုးကိုယ် တိုင် သတိထားမိပြီး မျက်နှာလေးရဲကာ အောက်ငုံ့သွားသည်။

'ဘာလို့စိုက်ကြည့်နေတာလဲ… လို့'

ခပ်နွဲ့နွဲ့လေးမေးနေသည်ကို နင့်ကိုစိုက်ကြည့်တာမဟုတ်ဘူး။ နင့် အစ်မအကြောင်းတွေးနေတာဟု အမှန်အတိုင်းပြောလိုက်လျှင် ကွိုင်အကြီး ကြီး မြင်ယောင်လာသဖြင့်…

'အဟဲ… ဒီလိုပါပဲ၊ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိတာ'

မေမိုးသူက ကြည်နူးပြုံးလေးနှင့်အတူ ရှက်နေပြန်သည်။ ရင်လည်း ခုန်နေပုံရသည်။

'မေမိုးကို တစ်ခုပြောစရာရှိတယ်'

'ရှန်…'

မိုးလွင်ပြင်စကားစပုံက တစ်မျိုးကြီးမို့။ အချိန်ကလည်း မေမိုး သူ ရှက်သွေးကြွနေချိန်ဆိုတော့ ပြန်ထူးသံ 'ရှင်' တောင် 'ရှန်' ဖြစ်ပြီး ကန့်ကလျလေးဖြစ်နေသည်။

'ဘာပြောရမလဲ… အဲ… ဘယ်လိုပြောရမလဲဆိုတော့… ဟိုလေ…'

အရေးထဲမှ စကားလုံးက ရှာမရဘဲ ထင်နေသေးသည်။

'ဟုတ်… ပြောလေ ကိုမိုး'





'ဟိုလေ… ငါတို့နှစ်ယောက်အကြောင်း မင်းအစ်မကို မပြောပြ ထားတာ ကောင်းမယ်ထင်တယ်၊ သူကြည့်ရတာ သူညီမကို တိုတာလား မသိဘူး၊ ငါ့ကို မင်းနဲ့ မပတ်သက်စေချင်ဘူးထင်တယ်'

လံကြုတ်ဇာတ်လမ်းခင်းရသူ မိုးလွင်ပြင်မျက်နှာက မတည်ငြိမ်။ မေမိုးသူကတော့ သူမမျှော်လင့်စကားမဟုတ်သော်လည်း အလိုက်အထိုက် ပြန်ပြောရှာသည်။

'အင်းလေ… ကိုမိုးသဘောပါပဲ၊ ဟုတ်တယ်၊ မဖြူကြည့်ရတာ တစ်မျိုးဖြစ်နေတာတော့ သေချာတယ်၊ ဪ… ကိုမိုးလည်း မဖြူဆီ ကို ဖုန်းမဆက်နဲ့နော်၊ ဆက်မှာလား'

'ဪ… ပြောပြီးပါကော၊ ဆက်စရာအကြောင်းမရှိပါဘူးဆို'

'ဒါဆို… ကတိနော်'

'အင်းပါ… ဘာပဲဖြစ်ဖြစ် သူမသိတာ ကောင်းတယ်၊ မဟုတ် ရင် မင်းမိဘတွေကို ပြန်တိုင်နေဦးမယ်၊ ပြီးတော့ တို့နှစ်ယောက်လည်း ဘာမှမဟုတ်သေးဘူးလေ၊ အလကားနေရင်း စိတ်အနှောင့်အယှက်ဖြစ်ရင် ညီမအတွက် ကျောင်းစာတွေလစ်ဟင်းမှာစိုးလို့ ပြောတာ'

'ဟုတ်ကဲ့ပါရှင့်'

'ငါက အကြီးဆိုတော့ အစ်ကိုနေရာကနေ အန္တရာယ်ကို ကြိုတင် တွက်ဆပြီးပြောတာပါ'

မေမိုးသူက ဘာမှပြန်မပြောတော့။ နှစ်ယောက်သား ပြိုင်တူ ရယ်မောလိုက်ကြသည်။

ဒါပေမဲ့ မိုးလွင်ပြင်ရယ်သံက အသက်မပါ။ စိတ်ထဲလည်း မကောင်းပါ။

❐



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်က မေမိုးကို ကတိပေးခဲ့သည်။

ယခု ညပိုင်းရောက်တော့ ဖုန်းဆက်စရာအကြောင်းက ရှိလာ သည်။ ထို့ကြောင့် ပွင့်ဖြူဖြူထံ ဖုန်းခေါ်လိုက်သည်။

'ဟဲလို'

'ဖြူ့ကို တစ်နေကုန်လွမ်းနေတာ၊ ခုမှပဲ ဖုန်းဆက်ရတော့မယ်'

'ဖြစ်ပြန်ပြီ၊ ကိုမိုးတို့ ဒီနေ့ ကျောင်းဖွင့်ပြီဆို'

'ဟုတ်တယ်လေ… အပေါင်းအသင်းတွေနဲ့ ပြန်ဆုံရတာ ပျေ စရာကြီး'

'မေမိုးနဲ့ တွေ့သေးလား'

'ဟင့်အင်း… သူတို့မလာသလို ကိုယ်လည်း သူတို့ဘက်မသွ ဘူး၊ ဖြူ့ကို ကတိပေးထားတယ်လေ'

'ဟုတ်လို့လား… တကယ်မသွားဘူးနော်'

ဘယ်လိုပဲဖြစ်ဖြစ် မိုးလွင်ပြင်က ဖွင့်မိတ်ပြီးငြင်းရန် ဆုံးဖြ ပြီးသားဖြစ်သည်။ ထို့ကြောင့် ပေါ့ပေါ့ပါးပါးပင် ပြန်ဖြေနိုင်သည်။

'တကယ်မသွားတာပါ ဖြူရယ်၊ ကိုယ့်ကို ယုံလိုက်စမ်းပါ၊ ကိုယ တကယ်လိုချင်တာက ဖြူ့ရဲ့အချစ်လေ၊ အဲဒီတော့ ဖြူငြိုငြင်စရာကို လုပ် ဖြစ်ပါ့မလား'

'အင်း… ယုံရမလိုလိုပဲ'

'နေ့လယ်ကတည်းက ဖြူ့ဆီပဲ စိတ်ကရောက်နေတာ၊ ဖုန်းဆ ဖို့ အဆင်မပြေသေးလို့ အောင့်နေခဲ့ရတာ၊ ပြောပါဦး… ဖြူရော ကိုယ့် မလွမ်းဘူးလား'

'ဘာဆိုင်လို့လဲ'

'ဆိုင်လိုက်ပါတော့ကွာ၊ ဒါဆို တရားဝင်လွမ်းခွင့်ရှိသွားမှာ'

'ပြောပြီးပါပြီ၊ ကိုမိုးကို မယုံရဲသေးဘူးလို့'

ဘယ်လိုပဲဖြစ်ဖြစ် မိုးလွင်ပြင် တစ်ဆင့်တက်ရန် ဆုံးဖြတ်လို သည်။ ထို့ကြောင့် ပွင့်ဖြူဖြူ ကြားလောက်သည်အထိ သက်ပြင်း အရင်ချပြလိုက်သည်။





'ဖြူ့ကို ကိုယ် ပွင့်ပွင့်လင်းလင်းပဲပြောတော့မယ်၊ ဖြူ ကိုယ့်ကို ချစ်နိုင်ရဲ့လား'

'ဘာလဲ… ဒါ စိတ်မရှည်တော့ဘူးဆိုတဲ့သဘောလား'

'မဟုတ်ရပါဘူး ဖြူရယ်၊ ဖြူ့ရဲ့ဆန္ဒတစ်ခုခုကို အဝေအလင်း သိချင်လို့ပါ၊ ကိုယ့်ကိုမချစ်နိုင်လို့ ဖြူငြင်းမယ်ဆိုလည်း ငြင်းလို့ရပါတယ်၊ ကိုယ်စိတ်မဆိုးပါဘူး'

တော်တော်ကြာသည်အထိ ပွင့်ဖြူဖြူထံမှ အသံတိတ်နေသည်။ ပြီးမှ အသံတုန်တုန်လေးဖြင့်…

'ဖြူ… ဖြူ့ဘဝမှာ ကိုမိုးတစ်ယောက်ပဲ ရှိခဲ့တာပါ၊ ကိုမိုးနဲ့ ဖုန်းပြောနေရတဲ့အချိန်တွေမှာပဲဖြစ်ဖြစ် လူချင်းတွေ့ရတဲ့ ခဏတာလေးမှာ ပဲဖြစ်ဖြစ် ဖြူ့ရင်ထဲမှာ ငြိမ်းချမ်းနေခဲ့တာပါ၊ အပျော်ဆုံးအချိန်တွေ ဖြစ်နေ တာပါ၊ ဘယ်လိုပြောရမလဲ… ဖြူ… ကိုမိုးကို ချစ်နေမိပြီထင်ပါတယ်၊ ဒါပေမဲ့လည်း ဖြူ့ကွယ်ရာမှာ တခြားတစ်ယောက်နဲ့…'

'အဲဒါတော့ စိတ်ချပါကွာ၊ ကိုယ်က ဖြူမှ ဖြူ၊ တစ်ယောက် တည်းကိုပဲ ချစ်တာ၊ ဖြူလည်း ကိုယ့်ကို ချစ်နေမိပြီထင်တယ်မလုပ်နဲ့၊ တကယ်ပဲ ချစ်လိုက်တော့နော်'

'အင်း… ချစ်… ချစ်ပါတယ်'

'အို… ကေ…'

မိုးလွင်ပြင်ဘက်မှ ဆူညံသံပေါင်းစုံကြားရပြီးမှ ခဏတာငြိမ်သက် သွားသည်။

'ဟဲလို… ကိုမိုး… ကိုမိုး… ဘာဖြစ်တာလဲ'

ထပ်၍ ခဏတာငြိမ်သက်သွားသေးသည်။ ပြီးမှ…

'အီး… အပျော်လွန်ပြီး အိပ်ရာပေါ်မှာ ကျွမ်းလိုမ့်ထိုးလိုက်တာ အရှိန်လွန်ပြီး အောက်ကိုပြုတ်ကျလို့'

'ခစ်… ခစ်… ဘာဖြစ်သွားတာလဲ'

'အီသွားတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ခစ်… ခစ်… ခစ်… မှတ်သွားပြီလား'

'မှတ်သွားပါပြီ၊ ဒါနဲ့ ဖြူ ကိုယ်တို့အကြောင်း မေမိုးကို ပြော လိုက်ချင်ပြီ'

မိုးလွင်ပြင်က ပွင့်လင်းလိုက်စေချင်သည်။ ဒါမှ သူ့အတွက် လိပ်ပြာသန့်မည်လေ။ သို့သော်လည်း…

'ဟင့်အင်း… မဖြစ်ဘူးနော်… မဖြစ်ဘူး၊ မပြောနဲ့နော်၊ သူသိ သွားရင် မေမေ့ကိုလာပြောမှာ၊ ဒါဆို ဖြူတို့ ဝေးရတော့မှာ၊ လုံးဝမပြော ရဘူးနော်'

'ကိုယ်တို့က အကြီးတွေဖြစ်ပြီး သူ့ကို ဝိုင်းလိမ်တယ်လို့ထ သွားရင် ဖြူ့ကို သူမုန်းသွားမှာစိုးလို့ပါ၊ ဖြူတို့က သိပ်ချစ်ကြတဲ့ညီအစ် တွေလေ'

'ကိစ္စမရှိဘူး၊ နောက်မှ ဖြူ့ဘာသာ ဖြည်းဖြည်းချင်းရှင်းပြအသိ ပေးမယ်၊ လောလောဆယ်တော့ ကိုမိုး သူနဲ့ အဆက်အသွယ်မလုပ်ပါနဲ့ မေမိုးနဲ့ပတ်သက်တဲ့ လူတွေကိုလည်း အသိမပေးနဲ့နော်'

'ကိုယ်က ခုတောင် သူငယ်ချင်းတွေကို ကြွားချင်နေတာ၊ အူ ယားလှပြီ'

'အူယားရင် ဖြူကုတ်ပေးမယ်၊ ကိုမိုးသူငယ်ချင်းတွေကတစ်ဆင့် လည်း မေမိုးသိသွားနိုင်တယ်၊ မရဘူး'

မိုးလွင်ပြင် တစ်ဖက်လှည့်နှင့် အသိပေးမည့်အစီအစဉ်မှာလည်း ပျက်သွားသည်။

'ဖြူမပြောချင်ရင် ကိုယ်ပဲပြောလိုက်မယ်လေ၊ တစ်နည်းနည်းနဲ့ သူ့ဘာသာသိသွားမှ ပိုဆိုးမှာ'

'ဟင့်အင်းပါဆို… မေမိုးအကြောင်း ကိုမိုးမသိပါဘူး၊ ခုမှတော့ မထူးပါဘူး၊ ဖြူရှင်းပြတော့မယ်၊ အရင်က မေမိုးမှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်၊ အဲဒီကောင်လေးက ဆေးသမားလေးမှန်းသိရလို့ တားတာ မရတဲ့အတွက် ဖြူက မေမိုးအဖေနဲ့ တိုင်ပြောလိုက်တယ်၊ အဲဒီတော့မှ သူတို့နှစ်ယောက် ပြတ်သွားကြတယ်၊ အခု ဖြူတို့ကိစ္စကို သိသွားရင် မေမိုးက မေမေ့ကို လာတိုင်မှာ သေချာတယ်၊ ဖြူမလွှမ်းချင်ဘူးနော်၊ ကိုမိုးကို ဖြူ သိပ်… သိပ်ချစ်ပါတယ်'

နောက်ဆုံးစကားက မိုးလွင်ပြင်ကို လုံးဝမလှုပ်ရှားနိုင်အောင် ချည်ပြီးတုပ်ပြီးဖြစ်သွားသည်။ မိုးလွင်ပြင်တစ်ယောက် သက်ပြင်းကိုသာ ကျိတ်၍ချလိုက်ရတော့သည်။

ချစ်ရသူထံမှ အဖြေရသော်လည်း စိတ်ချလက်ချ ပွင့်ပွင့်လင်း လင်း လွတ်လွတ်လပ်လပ်မပျော်နိုင်ဘဲ စိတ်ရှုပ်နေရသည်။

'ကို…'

'ဟင်… ပြောလေ'

'ကို့ကိုတစ်ခါတည်းပြောထားမယ်နော်၊ မေမိုးနဲ့ တမင်ဆက်သွယ် တာတို့၊ ဒါမှမဟုတ် သူ့ဆီသွားတာတို့ကို ဖြူသိခဲ့ရင် ကို ဖြူ့ကို ပြတ် နိုင်တယ်လို့ပဲ မြင်မှာနော်'

'မဟုတ်တာ ဖြူရယ်၊ တွေးပူမနေပါနဲ့၊ ဖြူနဲ့မတွေ့ခင်ကလည်း ကိုယ်နဲ့ မေမိုးတို့က ရိုးရိုးသားသားခင်ကြတာပါ'

'ဟင့်အင်း… မသိဘူး၊ ဖြူ့ကိုချစ်ရင် သူနဲ့ မလွဲသာလို့ ဆုံတာ ကလွဲပြီး လုံးဝရှောင်ပါ။ သူ့စိတ်ထဲမှာ ကို့ကို ဘယ်လိုသဘောထားနေလဲ ဆိုတာ ဖြူသိနေတယ်၊ ပြီးတော့ တကယ်လို့ ဖြူတို့ရသွားခဲ့ရင်တောင် တွဲတော့ ညီမ၊ ရတော့ အစ်မဆိုပြီး ပတ်ဝန်းကျင်က ပြောကြမှာကို ဖြူ မခံစားနိုင်ဘူး၊ ရှက်လည်း ရှက်တယ်'

'တော်ပါတော့ ဖြူရာ၊ ကိုယ်မပတ်သက်မိအောင်နေပါ့မယ်'

'တကယ်နော်'

မိုးလွင်ပြင် မျက်စိမှိတ်ပြီး ဇွတ်သာ 'အင်း' လိုက်ရတော့သည်။

❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

'ငါတို့ကောင်တော့ အပျက်အပျက်နဲ့နှာခေါင်းနှပ်ထွက်နေပြီကွ'

'ထွက်မှာပေါ့၊ လှေနံနှစ်ဖက်နင်းတာကိုး'

'ဒါဆို သေးထွက်ရမှာပေါ့ကွ၊ ဘာလို့နှပ်ထွက်ရတာလဲ'

'ဘာထွက်ထွက်ကွာ၊ တစ်ခုခုတော့ထွက်ရတာ သေချာတယ်'

'အနားကဟာကိုကျတော့ ဂရုမစိုက်ဘဲ အဝေးက မမီမကမ်းကို လှမ်းငမ်းတာကိုးကွ'

'ဒါပေါ့၊ ရှာနားက မြက်ကို ရှာက ဟိုအကောင်မစားဘူးဆိုတာ'

ညီသစ်ဆူးနှင့် ကျော်ဝင်းမော်ထံမှ နှိပ်ကွပ်သံများ ပလူပျံနေသည်။ မိုးလွင်ပြင်က သူ့အပြစ်နှင့်သူ ငြိမ်နေသည်။ သူတို့နှစ်ကောင်ကတော့ အဖွဲ့လေးတွေကိုယ်စီမို့ ပြောအားရှိကြသည်။

'စိတ်ရှုပ်နေတယ်၊ 'ငါစိတ်ရှုပ်နေတယ်၊ ပြောကြပါဦးကွာ၊ ငါ ဘာလုပ်ရမလဲ'

'အဲဒါ မင်းအပေါ်မှာပဲ မူတည်တယ်လေ'

'ဟုတ်တယ် ငမိုး၊ မင်းကို မေမိုးက တကယ်လိုလားနေတာ၊ သူ့အစ်မဆိုတာက သူ့လောက်မသေချာနိုင်ဘူးနော်'

'အချစ်ဆိုတဲ့ ရင်ထဲက ပေါက်ဖွားလာတဲ့ ခံစားချက်ကို ပတ်ဝန်းကျင်မှာရှိတဲ့လူတွေက သေချာခြင်းဆိုတဲ့ပေတံနဲ့ မဆုံးဖြတ်ကြပါနဲ့ကွာ'





'ဘာပဲဖြစ်ဖြစ် ငါတို့ ဘာဆိုလိုတာလဲဆိုတာ မင်းသိပါတယ်'

'အေးပါ... ဒါပေမဲ့ ငါ ဖြူ့ကိုယုံတယ်၊ မင်းတို့စဉ်းစားကြည့်ကြလေ၊ မေမိုးမှာက ငါမရှိလည်းဖြစ်တယ်၊ ဆိုလိုတာက သူ့မှာ သူ့ကိုချစ်သူခင်သူတွေ ဝိုင်းဝိုင်းလည်နေတာ၊ ဖြူ့မှာတော့ တစ်ယောက်တည်းကွ၊ ငါမရှိရင် သူအားငယ်နေတော့မှာ၊ ဖြူ ငါ့ကို ဘယ်လောက်ချစ်တယ်ဆိုတာကို ငါ့ရင်ထဲက သိတယ်၊ ငါတို့နှလုံးသားချင်း နားလည်နေကြတယ်ဆိုပါတော့'

မိုးလွင်ပြင်စကားကို နှစ်ယောက်သား ငြိမ်ပြီးနားထောင်နေကြသည်။

'ခက်တာက မေမိုးကလည်း ငါ့ကို ခင်တွယ်နေတာပဲ၊ အဲဒီထက်ဆိုးတာက မင်းတို့ကြောင့်...'

'ဘာ... ငါတို့ကြောင့်... ဘာဆိုင်လို့လဲ'

'အေးလေ... တခြားစီကို'

'မတခြားစီဘူး၊ ဆိုင်နေတာကို ရှင်းပြမယ်၊ အရင်ကဆို မေမိုးနဲ့ သူ့သူငယ်ချင်းမနှစ်ယောက်က တတွဲတွဲ၊ ခု အဲဒီငနဲမနှစ်ယောက်က မင်းတို့ဘေးမှာချည်းကပ်နေတော့ မေမိုးခမျာ တစ်ယောက်တည်း တစ်ယောက်တည်းဆိုမှတော့ ငါ့ကို သူ့အနားကပ်စေချင်တာပေါ့ ငတုံးတွေရဲ့'

'ငါတို့က တတွဲတွဲဆိုရင် မင်းလည်း တစ်တွဲထပ်တိုးလိုက်ပေါ့ကွ'

'ငါနဲ့ ဘာမှမှမဆိုင်တာ'

'ဆိုင်သွားအောင် မင်းမေမိုးကို ရည်းစားစကားပြောလိုက်ပေါ့၊ အဲဒါဆို လုံးဝအဆင်ချောသွားပြီပဲ'

'ဘာကွ... ငါက မိန်းကလေးမြင်တိုင်း စတိုးဆိုင်က မိုဒယ်ရုပ်မပါမကျန် ရည်းစားစကားလိုက်ပြောမယ့်သူလားကွ၊ ငါ့ရင်နဲ့မထိတဲ့ ဘယ်သူ့ကိုမှ မပြောဘူး'

'ဒါဆိုရင် မင်း မေမိုးနဲ့ဝေးဝေးနေလေ'

'မင်းတို့သိတဲ့အတိုင်းပဲ၊ ငါမသွားရင် သူက စိတ်ကောက်တယ်၊'



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တစ်ယောက်တည်းလည်း မထားရက်ဘူးကွ၊ ပစ်ပယ်ရာကျတယ်၊ ငါ့ကိုကြည့်တဲ့ သူ့မျက်ဝန်းတွေက မြင်ရရင် ငါ့ရင်ထဲမှာ သူ့ကို သနားလာရော'

'အေး… အဲဒါဆို မင်းသွားသေလိုက်တော့'

'ဟုတ်တယ်ကွ၊ ဒါမှ မေမိုးနဲ့ သူ့အစ်မအပါအဝင် ငါတို့အားလုံး စိတ်ချမ်းသာသွားကြမှာ'

သူ့ကို မေတ္တာပို့နေသည့်နှစ်ယောက်ကို ကျိတ်ဆဲလိုက်သည်။ ဆိုင်ရှေ့ကိုကြည့်လိုက်မိရာ သူ့ကို လှမ်းပြုံးပြနေသည့် မေမိုးမျက်နှာနှင့် မိုးလွင်ပြင် ရင်ဆိုင်တိုးလိုက်ရသည်။

မိန်းကလေးသုံးယောက် ဆိုင်ထဲဝင်လာကြပြီး နှစ်ယောက်က ဆိုင်ရာဆိုင်ရာလူများထံ ပြေးကပ်ကြသည်။ ရူပဗေဒစမ်းသပ်ခန်းမှ သံလိုက်တုံးကို သံမှုန်များပြေးကပ်သွားပုံနှင့် ဆင်တူပုံကို သတိရသွားသဖြင့် မိုးလွင်ပြင်မျက်နှာပေါ်တွင် အပြုံးရိပ်ဖြတ်ပြေးသွားသည်။

မျက်နှာလေးငယ်သွားသည့် မေမိုးသူက မိုးလွင်ပြင်နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်သည်။ မိုးလွင်ပြင်က မလုံမလဲမျက်နှာနှင့် ရေနွေးကြမ်းသောက်သလိုလို၊ မျက်နှာလွှဲသလိုလို လုပ်နေသည်။

မေမိုးသူက မကျေမနပ်မျက်နှာထားနှင့် မိုးလွင်ပြင်ကို ကြည့်သည်။ ကျန်နှစ်တွဲကိုလည်း မနာလိုစွာ ဝေ့ကြည့်သည်။ အားလုံးက မေမိုး၏ ခံစားချက်ကို သိနေသော်လည်း မသိယောင်ဘဲဆောင်နေကြသည်။

'ဒီနေ့ ဘယ်သွားကြမှာလဲ'

'Happy Zone'

စိုးစိုးစံအမေးကို ယင်းမာရဲ့အဖြေကြောင့် မေမိုးသူ နှုတ်ခမ်းစူသွားသည်။ သူလည်းလိုက်ချင်ပေမယ့် ယင်းမာတို့နှစ်တွဲကြားတွင် အမှိုက်ဖြစ်နေသည်။ ယင်းမာက မျက်နှာကို သတိထားမိသဖြင့် အလိုက်တသိဝင်ပြောပေးသည်။

'ကိုမိုးလည်း လိုက်ခဲ့နော်၊ အဟိ… မေမိုးက ဘက်ပဲ့နေလို့၊ ဟုတ်ပေါင်… တစ်ယောက်တည်းဆိုတော့ ယင်းမာတို့ကြားမှာ ရှုပ်လို့'





'နင်နော်… ဘာရှုပ်တာလဲ'

နဂိုကတည်းက တင်းနေပြီးဖြစ်သည့် မေမိုးက ပါးစပ်ကသာ ယင်းမာကို၊ မျက်စောင်းကတော့ မိုးလွင်ပြင်ကို ထိုးသည်။

မိုးလွင်ပြင်က အရှုံးကွက်နင်းကာ ငြင်းရန်ပြင်သည်။

'ဟိုလေ… အဲဒါက…'

'ဟိုတွေ ဒီတွေလုပ်မနေနဲ့ ငမိုး၊ မင်း ဘာအလုပ်မှမရှိမှန်း လူတိုင်းသိတယ်၊ လိုက်ခဲ့… လိုက်ခဲ့လိုက်'

ကြိုမြင်သည့်ညီသစ်ဆူးက မေမိုးကို မျက်စပစ်ပြရင်း လိုက်ခဲ့ရန် အတင်းခေါ်သည်။ ထိုအခါမှ မိုးလွင်ပြင်က ပျာပျာသလဲဖြင့်…

'ငါက မေမိုး မကျေမနပ်ဖြစ်မှာစိုးလို့ပါလို့ ပြောမလို့ပါကွ၊ အဟဲ… လိုက်မှာပါ'

ဒီတော့မှ မေမိုး မျက်နှာလေး ပြုံးသွားသည်။ မိုးလွင်ပြင်ကတော့ သက်ပြင်းသာခိုးချလိုက်ရတော့သည်။ မေမိုးသူနှင့် ဝေးဝေးနေရန် ကြံကာမှ ပိုပိုနီးရန်သာဖြစ်နေရသည်။ ပွင့်ဖြူဖြူကို ညာပြောရဦးမှာမို့ သူ လိပ်ပြာမလုံချင်တော့။

ဒါပေမဲ့ ညာမပြောလျှင်လည်း မဖြစ်တာမို့…

❑

ကော်ရစ်ဒါတွင် တစ်ယောက်တည်းထိုင်ရင်း မနေ့ကအကြောင်းများကို ကြည်နူးစွာ မေမိုး တွေးနေသည်။ တရားဝင်ချစ်သူမဟုတ်ပေမယ့် သူမစိတ်ထဲတွင် မိုးလွင်ပြင်ကို ချစ်သူအဖြစ် ခံယူထားသည်။ ထို့ကြောင့် မိုးလွင်ပြင်အပေါ် ဆိုးသည်။ အနိုင်ကျင့်သည်။ ဒါတွေကို မိုးလွင်ပြင်က လည်း မငြိုငြင်ဘဲ အလိုလိုက်ဖြည့်ဆည်းပေးသည်။

မနေ့က သရဲအိမ်ထဲဝင်စဉ် မေမိုး အကြောက်လွန်ပြီး မိုးလွင်ပြင်ကို ဖက်ထားခဲ့သည်။ သတ္တိအကောင်းဆုံးဆိုသည့် မိုးလွင်ပြင်က ရှေ့ဆုံးမှ တုန်တုန်ချိချိနှင့်ဝင်သဖြင့် မေမိုးလည်း အားကိုးတကြီးနှင့် လိုက်ခဲ့သည်။ ကြောက်စိတ်နှင့် ဟိုကြည့်ဒီကြည့် တုန်ချိချိနဲ့ ဒလိမ့်တုံးများ…ထား



www.burmeseclassic.com

www.burmeseclassic.com

သည့်နေရာအရောက်တွင် နှစ်ယောက်ပူးကြီးလဲတော့သည်။ ပက်လက်လဲနေသည့် မိုးလွင်ပြင်ပေါ်ကို မေမိုးက ထိုင်လျက်သားကျသဖြင့် ကျွန်နှစ်တွဲမှာ လှောင်ရယ်လို့မဆုံးနိုင်တော့။

ယင်းမာနှင့် စိုးစိုးက သူတို့အကွဲတွေနောက်ကို ဒီနေ့ဂပ်ပါသွားသဖြင့် ကစ်ယောက်တည်းယောင်ပေပေဖြင့် မိုးလွင်ပြင်ကို စောင့်နေခြင်းဖြစ်သည်။

လာစေချင်သူက ရောက်မလာဘဲ မလာစေချင်သည့် ညီမင်းထက်ရောက်လာသဖြင့် မေမိုး စိတ်ပျက်သွားသည်။ စိတ်ပျက်သွားခြင်းနှင့်အတူ မျက်နှာလေးပါ စူပုပ်သွားသည်။ ညီမင်းထက်က မေမိုးနားတွင် မဝံ့မရဲလေးရပ်ရင်း…

'မေမိုး… ငါပြောစရာရှိလို့'

'ဘာလဲဟယ်‥ နင့်ပြောစရာတွေက မကုန်နိုင်သေးဘူးလား'.

မေမိုးရဲ့ စိတ်မရှည်သံ ဆောင့်အောင့်ထွက်လာသဖြင့် ညီမင်းထက်ဆက်ပြောမည့်စကား နင်သွားသည်။ တံတွေးကိုမျိုချရင်း ဆက်ပြောသင့် မပြောသင့်ကိုလည်း ချိန်ဆနေသည်။ ဒါကိုပဲ မေမိုးက အပြစ်မြင်တာဖြစ်သည်။ ယောကျ်ားပီပီ ထက်မြက်မှုမရှိဟု မြင်သည်။

'ကဲပါ… ပြောစရာရှိရင် မြန်မြန်ပြော'

'ဟို… ဟိုလေ ကိုမိုးလွင်ပြင်က နင့်ကိုချစ်တာ မဟုတ်နိုင်ဘူး'

'ဘာပြောတယ်…'

'ဟုတ်တယ်… အဲဒါ ငါသိနေတယ်၊ ပြီးတော့ ကိုမိုးလွင်ပြင်မှာ ရည်းစားရှိနေတယ်၊ အဲဒါက နင်မဟုတ်တာတော့ သေချာတယ်'

'ငါမယုံဘူး ညီမင်း… နင်… နင် ‥လို့ဖြစ်နေလို့ တမင်ချွန်တာမဟုတ်လား'

ညီမင်းထက်မျက်နှာ ဟင်းသွားသည်။ သို့သော် လေသံပျော့နှင့်ပင်…

'ဒါဆိုရင် နင့်ဘာသာနင် စဉ်းစားကြည့်လေ၊ ငါမြင်ခဲ့တာကိုပဲ





ပြောပြမယ်၊ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က Ruby Mart မှာ ကိုမိုးလွင်ပြင်နဲ့အတူ ဆံပင်ရှည်ရှည်၊ မျက်လုံးလှလှနဲ့ မမတစ်ယောက်ရယ်၊ အဲဒီမမရဲ့ အဖော်လို့ထင်ရတဲ့ နောက်အစ်မတစ်ယောက်ရယ်ကို အတူတွေ့လိုက်ရတယ်'

'အဲဒါ ဘာဖြစ်လဲ၊ super market ထဲမှာ အားလုံးအတူတူရှိနေနိုင်တာပဲ'

'မျက်လုံးလှလှနဲ့ မမက ကိုမိုးလွင်ပြင်လက်မောင်းကို ချိတ်ထားတယ်'

'ဟင်…'

'သူတို့စုံတွဲက ရယ်လိုက်မောလိုက်နဲ့ ကြည်နူးနေကြတာ ငါ့ကိုတောင် မမြင်ကြဘူး၊ နင် သူ့ကို မသိမသာမေးကြည့်ပါလား'

တဖြည်းဖြည်း မျက်နှာပျက်ယွင်းလာသည့် မေမိုးက နှုတ်ခမ်းကိုကိုက်ရင်း မျက်ရည်ဝဲလာသည်။ ညီမင်းထက်က ကြည့်ရင်း…

'နင့်ကို အပျော်တွဲတာဆိုရင် သူ့ကို ငါသတ်မယ်'

ထိုအခါမှ မေမိုး အမူအရာပြင်ပြီး ဂ ူဂကယာတားသည်။

'နင်နဲ့ဘာဆိုင်လို့လဲ၊ ဒီကိစ္စကို ငါကိုယ်တိုင် မေးမှာပါ၊ နင်ပေါက်ကရတွေလျှောက်မလုပ်နဲ့နော်'

မေမိုးမျက်နှာကို တစ်ချက်စိုက်ကြည့်ပြီး ညီမင်းထက် လာရာလမ်းကို ပြန်လှည့်ထွက်သွားသည်။

သံသယများနှင့်အတူ မေမိုးသူ ကျန်နေခဲ့သည်။

သူမစောင့်နေသော်လည်း ယုံနေ့က မိုးလွင်ပြင် ရောက်မလာခဲ့ပါ။

□

ဝရန်တာတွင် ထွက်ထိုင်ရင်း မှုိင်မြုံမြုံတစ်ယောက်တည်း အတွေးနှင့် ကြည်နူးနေသည်။ သူမနှင့် မိုးလွင်ပြင်တို့၏ ချစ်ခရီးမှာ ယနေ့ထိမည်သည့်အနှောင့်အယှက်မှမရှိဘဲ သာယာဖြောင့်ဖြူးနေ၍ဖြစ်သည်။ အပြင်မှာ ချိန်းတွေ့သည်ပင် ငါးကြိမ်လောက်ရှိခဲ့ပြီ။ အိမ်နားက သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်၏ အကူအညီဖြင့် မိခင်ကို လှည့်ပတ်ပြောဆို၍ အပြင်ထွက်ရခြင်းဖြစ်သည်။

သူမတစ်သက်တာတွင် ချစ်သူရည်းစား ဒီတစ်ယောက်သာ ထားဖူးသဖြင့် ရှူးမတတ်ချစ်ခင်စွဲလမ်းတွယ်တာမိသည်။ ထို့အတူ သဝန်လည်း တိုတတ်လာသည်။ မိုးလွင်ပြင်က အလှအပများပေါများရာ တက္ကသိုလ်နယ်မြေတွင် ကျင်လည်နေဆဲဖြစ်သဖြင့် အိမ်ထဲမှ အိမ်ပြင်ထွက်ခွင့်ရရန် ခက်ခဲသော သူမအတွက် စိတ်မချစရာအချိန်က များနေသည်။

မေမိုးအကြောင်း အတွေးရောက်နေစဉ် အသံကြားရပြီး မေမိုးမျက်နှာလေး ဝရန်တာတွင် ပေါ်လာသည်။ တင်းမာနေဟန်ရှိသည့် မေမိုးမျက်နှာပြင်ကို မြင်ရသဖြင့် မလုံမလဲစိတ်ဖြင့် သူမ ရယ်ပြလိုက်မိသည်။

'ညီမလေး လာလေ… လာလည်တာလား'

'တမင်လာတာပါ… သိချင်တာလေးလည်း ရှိလို့'

'ဩော်… ပြောလေ'

မေမိုးက သူ့အစ်မကို ကြည့်သည်။ ထူးထူးခြားခြား မျက်ခုံး၊ မျက်လုံးလှသည်။ ဆံပင်ရှည်ရှည်လည်း ရှိသည်။ ထို့ပြင် မိုးလွင်ပြင်နှင့် ပတ်သက်စရာ ဒီလိုအလှမျိုးပိုင်ဆိုင်သည့် မိန်းကလေးမှာ သူမသိသလောက် တခြားမရှိ။ ပြီးတော့ သူတို့နှစ်ယောက်ကို ဆက်ဆံရသည်မှာ ခုတလော မေမိုး ဘဝင်မကျချင်။ တစ်ခုခုကို အညာခံနေရသလို ခံစားနေရသည်။ မေမိုးသူ ကိုယ့်ဘာသာ စဉ်းစား၊ ကိုယ့်ဘာသာသုံးသပ်၊ ကိုယ့်ဘာသာ ဆုံးဖြတ်ကာ စိတ်ထဲတွင် သေချာသွားတော့သည်။

သို့သော်လည်း မဟုတ်ပါစေနဲ့ဟု ကိုယ့်ဘာသာကျိတ်၍ဆုတောင်းကာ စပ်စုကြည့်လိုက်သည်။

'မဖြူ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဘယ်ကိုသွားသေးလဲ'

ပွင့်ဖြူဖြူ မျက်လုံးနည်းနည်းပြူးသွားသော်လည်း နဂိုပြူးမို့ မေမိုးသူ မရိပ်မိလိုက်။

'အင်း… shopping ထွက်တယ်လေ၊ Ruby Mart ကို'





မေမိုးမျက်နှာ ပိုမာသွားသော်လည်း အသံကိုထိန်း၍ ဆက်ပြောသည်။

'တစ်ယောက်တည်းလား'

'မဟုတ်ဘူး၊ ဟိုးတစ်အိမ်ကျော်က မမသူငယ်ချင်းနဲ့လေ၊ ဘာဖြစ်လို့လဲ'

'နှစ်ယောက်တည်း သေချာတယ်နော်'

'အင်း… ဘာဖြစ်လို့လဲဆို…'

'ဟင့်အင်း… ဘာမှမဖြစ်ပါဘူး၊ ဘာမှမဟုတ်တော့ဘူး'

ခုမှ မေမိုး လေသံပျော့သွားသည်။

ပွင့်ဖြူဖြူမှာတော့ မေမိုးကို လိမ်ပြောလိုက်ရသဖြင့် စိတ်မကောင်းဖြစ်သွားမိသေးသည်။ မေမိုးက အနားဝင်ထိုင်ရင်း…

'မဖြူဆီကို ကိုမိုးလွင်ပြင် ဖုန်းဆက်သေးလား'

'မဆက်ပါဘူး၊ ဘာလဲ… သူနဲ့ ညီမလေး တွဲနေသေးလို့လား'

'ဟင့်အင်း… မတွဲပါဘူး၊ မေးကြည့်တာပါ၊ သူနဲ့တောင် မဆုံဖြစ်တာကြာပြီ၊ ညီမတို့ဘက်ကိုလည်း မလာတော့လေ…'

'ဩော်…'

ပွင့်ဖြူဖြူရင်ထဲ အေးသွားသဖြင့် အပြုံးလေးနှင့် ဩော်လိုက်သည်။

မေမိုးသူက လိမ်ပြောလိုက်ရသဖြင့် စိတ်မကောင်းဖြစ်သွားပြန်သည်။ တကယ်တော့ မိုးလွင်ပြင်နှင့် ကျောင်းမှာ နေ့တိုင်းလိုလို ဆုံနေကြသည်။ ပြီးခဲ့သည့် နှစ်ရက်လောက်တွင်တော့ မိုးလွင်ပြင် တမင်ရှောင်နေလား မသိ။ မရောက်လာသည့်အတွက် မတွေ့ဖြစ်ကြ။

မေမိုးရင်ထဲတွင် ပွင့်ဖြူဖြူနှင့် မိုးလွင်ပြင်ကင်းရှင်းသည်ဟု ယုံကြည်သွားသည်။ ပွင့်ဖြူဖြူရင်ထဲတွင်လည်း ညီမနှင့် မိုးလွင်ပြင်တို့ မပတ်သက်တော့ဟု ယုံကြည်သွားသည်။

ဝက်ဖဲလေးတွေကိုယ်စီနှင့် ညီအစ်မနှစ်ယောက်စလုံး ပျော်ရွှင်နေ


www.burmeseclassic.com

www.burmeseclassic.com



ကြသော်လည်း မိုးလွင်ပြင်ကမူ နှစ်ယောက်လုံးကို လိမ်လည်သူဖြစ်နေကြောင်း နှစ်ယောက်လုံးမတွေးမိကြ။

'ညီမလေး... ကိုမိုးလွင်ပြင်ဆီ ဖုန်းဆက်ချင်ဘယ်လေ၊ ရောက်တုန်းရောက်ခိုက်'

'ဟင့်အင်း.. မဆက်တာပဲ ကောင်းပါတယ်'

'ဘာဖြစ်လို့လဲ'

'သူနဲ့ စကားပြောရတာ တစ်မျိုးပဲ၊ တစ်ခုခုကို ညာနေသလိုကြီး၊ ညီမလည်း အညာခံနေရသလို ခံစားရတယ်'

ပွင့်ဖြူဖြူမျက်နှာ ဖျတ်ခနဲပြောင်းသွားပြီး...

'ညီမလေး ပြောတော့ မတွေ့ဖြစ်ဘူးဆို'

မိမိစကားမှားသွားသည်ကို သတိရပြီး မေမိုးသူ အသည်းအသန် စဉ်းစားပြီး ပြန်ဖာထေးရတော့သည်။

'ဟုတ်တယ်... တစ်ခါတည်း... တစ်ခါလားပါ... ဆုံလို့လေ စကားပြောရတာ တစ်မျိုးကြီးပဲ၊ အဲဒါနဲ့ နောက်ပိုင်း အမှတ်မထင် လမ်းမှာ ဆုံဖြစ်ရင်တောင် ဘာမှမပြောဖြစ်တော့ဘူး'

ပွင့်ဖြူဖြူ၏ မသင်္ကာမျက်ဝန်းလေးတွေ မသိမသာဝင့်သွားသည်။

ညီအစ်မနှစ်ယောက်ကြား အေးစက်သည့်ခံစားချက်များ မသိမသာဝင်သွားတော့သည်။

❒

'ဟဲလို... ဖြူလား'

'အင်း... လူပါ၊ လားမဟုတ်ပါဘူး'

ပွင့်ဖြူဖြူ၏ အဖွင့်စကားက ခပ်မြူးမြူးအသံလေးနှင့် ထွက်ပေါ်လာသည်။

'ဪ... ဖြူလည်း ကိုယ်နဲ့ပေါင်းပြီး ပြောင်တတ်လာပြီပေါ့၊ ပျော်နေလား'





'ဖြူကတော့ ကိုနဲ့ စကားပြောနေရရင် ပျော်နေတာပဲ'

'ဒါဆိုရင် ပိုပျော်သွားအောင် အတူတူနေကြမယ်လေ'

'ဟွန်း... လူလည်လာမကျနဲ့၊ အဲဒီလောက်ထိလည်း မယုံသေးဘူး၊ စောင့်ကြည့်ရဦးမှာ'

မိုးလွင်ပြင် သက်ပြင်းချလိုက်မိသည်။ ပွင့်ဖြူဖြူကို မညာချင်သဖြင့် မေမိုးသူကို ရှောင်နေခဲ့သည်မှာ ၂ ရက်၊ ၃ ရက်လောက်ရှိပြီး ရေရှည်ရှောင်နေရန်တော့ မလွယ်ပါ။ ကျောင်းတက်လျှင် တွေ့ရမှာပင်။

'ကို... ပြောလေ၊ ဘာလို့ငြိမ်နေတာလဲ၊ စကားမပြောချင်ရင်လည်း ဖုန်းပိတ်လိုက်တော့မယ်'

'ဟာ... မပိတ်နဲ့လေ၊ မပိတ်ပါနဲ့၊ ပြောမှာပါ'

'ဒါဆို ဘာလို့ငြိမ်နေလဲ'

'အဲလိုမျိုး ဖြူ့ဆီက စိတ်မရှည်တဲ့အသံလေးကို ကြားချင်လို့'

'ဘာမှန်းလဲမသိဘူး၊ အရမ်းအမြင်ကတ်တာပဲ'

အလိုမ့်အပေတ်ကောင်းသဖြင့် သက်သာရာရသွားသည်။ မိုးလွင်ပြင် သက်ပြင်းကို ထပ်ချလိုက်ရသည်။

'ကို... မေမိုးနဲ့ တွေ့သေးလား'

'ဟင့်အင်း... မတွေ့ဖြစ်ပါဘူး'

'မလိမ်နဲ့နော်... မေမိုး ဖြူ့ဆီလာသွားတယ်'

'ဟုတ်လား... ဘာပြောလို့လဲ'

'သူက ဖြူ့ကို လာမေးတယ်၊ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဘယ်သွားသေးလဲတဲ့၊ ဘယ်သူနဲ့တဲ့လဲ၊ ဖြူလန့်သွားတာပဲ၊ ဖြူတို့ကို အသိတစ်ယောက်ယောက် မြင်သွားတာလား မသိဘူး၊ တော်သေးတယ်၊ သူယုံအောင် ပြောပြလိုက်နိုင်လို့'

မိုးလွင်ပြင် တတိယမြောက်သက်ပြင်းကို ချလိုက်ရသည်။

'ဖြူ... ကိုယ်တို့ ဘယ်အချိန်ထိ ဒီလိုဖုံးကွယ်နေနိုင်မှာလဲ၊ ကိုယ်ကတော့ သူ့ကို ပြောပြစေချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဖြူကတော့ အချိန်မကျသေးဘူးလို့ပဲ ထင်တယ်'

'ဘယ်တော့မှ အချိန်က ကျမှာလဲကွာ'

'ဒါကတော့ ကိုအပေါ်မှာ မူတည်တယ်လေ၊ ကိုအနေမှန်ရင် မကြာပါဘူး'

'ဟူး… စိတ်ရှုပ်လိုက်တာကွာ'

'ဖြူ့ကိုချစ်ရင် အရှုပ်ထဲမှာ ရှင်းအောင်နေတတ်အောင် ကြိုးစားပေါ့လို့'

'အဲလိုမျိုးပဲနေတာပါ ဖြူရဲ့၊ ဒါပေမဲ့ ကိုက ကိုအမြင်ရှင်းသွားစေချင်တာ'

'နေပါဦး… ကိုက ဘာလို့ သူ့ကို အမြင်ရှင်းစေချင်ရတာလဲ၊ ကိုက သူ့ကို ဘာတွေရှုပ်ထားလို့လဲ'

ပြောရင်းနှင့် ပိုရှုပ်ထွေးလာသဖြင့်…

'အမြင်ရှင်းနေချင်တာက အဲဒါမှ ဖြူနဲ့ ကိုတို့ ဒီထက်ပွင့်ပွင့်လင်းလင်းတွေ့လို့ရမယ်၊ ချစ်လို့ရမယ်လေ၊ ဒါဆို ဖြူလည်း ပိုပျော်ရမှာပေါ့၊ ဒါကြောင့်ပါ'

တစ်ဖက်မှ အသံထွက်မလာပါ။ အချော့ကြိုက်မလေးမှန်း သိသဖြင့်…

'ဖြူလေး… မကောက်နဲ့နော်၊ မင်းမကြိုက်ဘူးဆိုရင် ဒီအကြောင်းဘယ်တော့မှ မပြောတော့ဘူး၊ ဖြူ့သဘော… အားလုံးဖြူ့သဘော'

'ဒါပဲနော်… ဖြူ့ကိုချစ်ရင် မေမိုးနဲ့ ဝေးဝေးနေရမယ်၊ အရမ်းရှုပ်တာပဲကွာ၊ ကို့ကို အရမ်းအမြင်ကတ်ကာပဲ'

မိုးလွင်ပြင် တဟဲဟဲနှင့်ရယ်ရင်း ဆက်၍ချော့နေရရှာလေသည်။

□



## အခန်း (၁၃)

'ဟော့ကောင် မိုး'

'သြော်… သူငယ်ချင်းတို့၊ ထိုင်ကြလေကွာ'

ကျော်ဝင်းမော်က အေးအေးဆေးဆေးဝင်ထိုင်ပေမယ့် ယင်းမာက မိုးလွင်ပြင်ကို မျက်စောင်းထိုးပြီးမှ ဝင်ထိုင်သည်။

'ကိုမိုးကို မေမိုးက မှာလိုက်တယ်'

'ဟုတ်လား'

'ဟုတ်တယ်… ဟုတ်တယ်၊ သူ့ကို ဘာလို့ရှောင်နေတာလဲတဲ့၊ သူက ကိုမိုးကို ဘာများမဟုတ်တာလုပ်မိလို့လဲတဲ့'

ပြုံးပြုံးလေးပြန်ကြည့်နေသည့် မိုးလွင်ပြင်ကို ယင်းမာက အံကြိတ်ပြရင်း ဆက်ပြောသည်။

'စိတ်ဆိုးအောင်လုပ်၊ စိတ်နာအောင်တော့ မလုပ်ပါနဲ့တဲ့၊ သူ့ကိုရှောင်ရအောင် သူက နူနေ ဝဲနေလို့လားတဲ့'

'တော်ပါတော့… ယင်းမာရယ်၊ ငါလေ… သူ့ဆီရောက်တိုင်း ငါ့ကိုယ်ငါ လူမဆန်ဘူးလို့ မြင်လာလို့ပါ၊ အပြစ်ရှိတယ်လို့ မြင်လာလို့ပါဟာ'

'မသိဘူး… သူများကို လာမရှင်းနဲ့၊ မေမိုးကို သွားရှင်း သူကိုမိုးနဲ့ တွေ့နေကျနေရာမှာ တစ်ယောက်တည်းထိုင်ငိုနေတယ်၊ ယင်းမာက



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်လို့ ကိုမိုးကို လာရှာပြီးတော့ ပြောပြတာ၊ သူက ရှာနိုင်းတာမဟုတ်ဘူးနော်၊ သူ့အပြစ်ကို သူ့ဘာသာခံမယ်တဲ့'

မိုးလွင်ပြင် တကယ့်ကို စိတ်မကောင်းဖြစ်သွားသည်။

တကယ်တော့ မေမိုးသူမှာ အပြစ်မရှိပါ။ ထို့အတူ ပွင့်ဖြူဖြူမှာလည်း အပြစ်မရှိပါ။ အပြစ်ရှိသူမှာ သူဆိုသည့် မိုးလွင်ပြင်။

ညီအစ်မနှစ်ယောက်စလုံး စိတ်အေးချမ်းသာယာစေရန်အတွက် လိမ်လည်လှည့်ပတ် ချော့မော့ထားရန် နည်းလမ်းမှလွဲ၍ တခြားကိုမိုးလွင်ပြင် စဉ်းစား၍မရခဲ့။ ထိုနည်းလမ်းကလည်း ကြာလေရှုပ်လေနှင့် တဖြည်းဖြည်းရှင်းရခက်လာသည်။

'ဘယ်လိုလဲ ကိုမိုး၊ ရှင်သွားမှာလား၊ ရှင် ဘယ်လိုလူလဲ၊ ရှင့်ကြောင့် တခြားလူ စိတ်ဒုက္ခရောက်ရတာကို ပျော်နေတာလား'

'တော်ပါတော့... ယင်းမာရယ်၊ ငါအခုပဲသွားမှာပါ'

'အချစ်ဇာတ်မြူးလေးပဲ ဆက်ရိုက်နော်၊ အချစ်ဇာတ်ကြမ်းကားကြီး မဖြစ်သွားစေနဲ့'

ကျော်ဝင်းမော်ရဲ့ နောက်ပြောင်သတိပေးစကားကို မချိပြုံးလေးနှင့်သာ တုံ့ပြန်နိုင်ခဲ့သည်။

❐

မိုးလွင်ပြင်ရောက်သွားတော့ မှတ်စုစာအုပ်လေးတစ်အုပ်ရှေ့ချလျက် တစ်ယောက်တည်း ငုတ်တုတ်ထိုင်နေသည့် မေမိုးသူကို တွေ့ရသည်။ မလှမ်းမကမ်း အကွယ်မှ မေမိုးသူကို အနိုင်းကြည့်ကြည့်ဖြင့် ရှိနေသည့် ညီမင်းထက်ကိုလည်း တွေ့ရသည်။

'မေမိုး'

'ဟယ်... ကိုမိုး'

မေမိုး မျက်နှာလေးပြုံးသွားသည်။





'ကိုယ်ရေးကိုယ်တာကိစ္စလေးတွေ မိသားစုကိစ္စပါ၊ အဲဒါကြောင့် နည်းနည်းလေး စိတ်ရှုပ်နေတာနဲ့ ဒီဘက်ကို မရောက်ဖြစ်ဘူး၊ ဘယ်လိုလဲ၊ Everything OK ပဲလား'

'အဟင်း...'

မေမိုးက ရယ်ပြရင်း မျက်နှာကို ငေးကြည့်နေသည်။ ခပ်မြူးမြူးလေးနှုတ်ဆက်လာသဖြင့်လည်း ကျေနပ်နေသည်။ တဒင်္ဂသာယာစိတ်ကြောင့် ညီမင်းထက်ပြောသည့်ကိစ္စကို မေးရန်လည်း မေ့ပျောက်ပစ်လိုက်သည်။

'ဘာတွေဖတ်နေတာလဲ'

မေမိုးက မှတ်စုစာအုပ်လေး သူ့ထံသို့ပေးရင်း...

'ဖတ်ကြည့်'

အိပ်ပျော်နေတဲ့ ငါ့နှလုံးသားကို
တမင်သက်သက် ခလုတ်ဝင်တိုက်ပြီးမှ
Sorry လို့ပြောပြီး
ထွက်သွားလို့ရကြေးလား

မိုးလွင်ပြင် မျက်နှာပျက်သွားပေမယ့်...

'မဆိုးဘူးကွ၊ ခံစားချက်ကို ထိထိမိမိနဲ့ ပေါ်လွင်အောင် ဖော်ပြနိုင်တယ်'

မေမိုးမျက်နှာ ရှက်ဝဲဝဲလေးဖြစ်သွားပြီး...

'ဟုတ်လို့လား'

'ဟုတ်ပါတယ်ဆို၊ ဒါနဲ့ စပ်စုတာတော့ မဟုတ်ဘူးနော်၊ မင်းနဲ့ ညီမင်းထက်အခြေအနေ... ငါစဉ်းစားမိတာက မင်းတို့နှစ်ယောက်ကြားမှာ ငါက အနှောင့်အယှက်များဖြစ်နေသလားလို့'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်တာ၊ သူ့ကို ဘော်ဒါကဏ္ဍထက် မပိုပါဘူး၊ သူက ကိုမိုးကို ဘာပြောလို့လဲ'

'ဘာမှတော့ မပြောပါဘူး၊ ငါ့စိတ်ထဲမှာ မင်းတို့နှစ်ယောက်က လိုက်ဖက်ညီတယ်လို့ တွေးမိလို့'

'ဩော်… ဟုတ်လား… အဟင်း… ဟင်း…'

ရယ်ရုံသာ ရယ်နေပြီး မေမိုး ဘာမှဆက်မပြောသဖြင့် မိုးလွင်ပြင် သက်ပြင်းကို ခိုးချလိုက်ရသည်။ မြားဦးကို ဟာမင်လွှဲပေမယ့် မအောင်မြင်ခဲ့ပါ။

မှုန့်နှံ့အပြုံးဖြင့် မေမိုးက ဆက်ပြောသည်။

'တွေ့တုန်း ကိုမိုးကို အပူကပ်ရဦးမယ်'

'ပြောလေ'

'ယင်းမာတို့ပေါ့၊ ရုပ်ရှင်ကြည့်ဖို့ အတင်းခေါ်နေကြတယ်၊ အဲဒါ ကိုမိုးလိုက်ခဲ့ပေးပါလား'

'အင်း… အဲဒါက…'

'ကိုမိုး မအားရင်လည်း…'

'ရပါတယ်၊ သွား… သွားမယ်လေ၊ ကူညီရမှာပေါ့၊ ညီမလေး တစ်ယောက်လို သဘောထားပြီးတော့လေ'

နောက်ဆုံးတော့ မေမိုးရဲ့ ပစ်ကွင်းထဲသို့သာ မိုးလွင်ပြင် ရောက်သွားသည်။ အားနာသည်လား၊ အညှာလွယ်တတ်သည်လား သူကိုယ်တိုင် မဝေခွဲတတ်တော့။

တဖြည်းဖြည်း ဝေးသွားသည့် သူတို့နှစ်ယောက်ကို ကြည့်ရင်း ညီမင်းထက်ခေါင်းငိုက်စိုက်ကျသွားသည်။

❐





'ဟဲလို… ကိုလား'

'ဟင့်အင်း… လားမဟုတ်ဘူး… လူ…'

မိုးလွင်ပြင် နောက်လိုက်ပေမယ့် ချစ်သူအသံက စွာတေးလန်နေသည်။ နေ့ခင်းက ရုပ်ရှင်ရုံထဲရောက်နေသဖြင့် ဖုန်းပိတ်ထားခဲ့သောကြောင့် ပြဿနာရှာနေခြင်းဖြစ်မည်။

'နောက်မနေနဲ့၊ ဖြူ တကယ်တင်းနေတာနော်၊ ပြောပါဦး၊ နေ့လယ်က ဘာလို့ဖုန်းမခေါ်တာလဲ'

'အတန်းတက်နေလို့ပါကွာ'

'အချစ် lecture တန်းလား'

'မဟုတ်တာကွာ… ဖြူကလည်း ကြံကြံဖန်ဖန်'

'အတန်းက တစ်ချိန်လုံးတက်နေရလို့လား'

'ဟုတ်တယ်၊ ဆရာက စာသင်နေတုန်း ဖုန်းလာရင် အရမ်းစိတ်ဆိုးတတ်လို့ပါ'

ပွင့်ဖြူဖြူအသံက ပိုမာလာသည်။

'တစ်နေ့ခင်းလုံး ရှင့်ဆီဖုန်းခေါ်တာ၊ စက်ပိတ်ထားသည်တဲ့၊ တကယ်ပဲ အပြင်ထွက်ချိန်လေးမှာတောင် ဖုန်းမဖွင့်ထားဘူးလား'

'အတန်းချိန်က တစ်နေ့ခင်းလုံး ဆက်နေလို့ပါကွာ၊ စိတ်မဆိုးပါနဲ့'

ဟုတ်တယ်လေ။ ရုပ်ရှင်ကားကြီးတစ်ကားစာဆို အချိန်က တော်တော်ကြာတာ။ ပြီးတော့ ရုံပြင်လည်း မထွက်ဖြစ်ဘူးလေ။

'ရှင် တစ်ခုခုကိုလိမ်နေတယ်လို့ ထင်တယ်နော်၊ မှန်မှန်ပြော၊ ဘယ်ကောင်မလေးနဲ့ ဘယ်ကိုသွားနေတာလဲ၊ ဖြူ့ကို မလိမ်နဲ့နော်၊ ကို… အမှန်အတိုင်းပြောကွာ'

'ကိုယ်အမှန်အတိုင်းပြောတာပါ ချစ်ရာ၊ ဖြူ့ကို တစ်ခါတုန်းက လွဲပြီး လုံးဝမလိမ်ပါဘူး'

'ဘာ… မရဘူး၊ တစ်ခါတလေလည်း မလိမ်ရဘူး'



www.burmeseclassic.com

www.burmeseclassic.com



‘ကလူ… ကလူ… အောင်မလေး… ဖြူရယ်၊ အသံကလည်း ခုတော့ အောင်လိုက်တာ၊ လူကိုလန့်သွားတာပဲ၊ ကိုကိုချစ်ရှင် လေသံလေး နည်းနည်းလျှော့ပါဦးကွာ၊ နားထောင်မကောင်းဘူးကွ၊ အရင်ကဆို ဖြူ အသံလေးက ချိုလို့’

‘လျှော့နိုင်ပါဘူး’

လေသံက သိပ်မမာတော့သဖြင့် မိုးလွင်ပြင် အားတက်သွားပြီး…

‘မလျှော့ရင် မဝယ်ဘူးကွာ’

‘ကိုနော်… ဘယ်လိုဖြစ်နေတာလဲ၊ တကယ်တင်းနေတာနော်၊ နောက်တစ်ခါ အဲဒီလိုမဖြစ်စေနဲ့၊ သူများက ဖုန်းပြောချင်လို့ ဆက်တာကို သူက ပိတ်ထားရသေးတယ်၊ ဟွန့်… အရမ်းအမြင်ကတ်တာပဲ’

‘အေးပါကွာ… နောက် မဖြစ်စေရပါဘူး၊ စိတ်ချ… ကြည့်စမ်း… ငါ့ချစ်သူလေးက ငါ့အသံကို တစ်နေ့ခင်းလေးမကြားရရင်တောင် မနေနိုင်လောက်အောင် ငါ့ကိုချစ်နေတာပါလား၊ ပျော်စရာကြီးပါလားနော်’

ပြောသာ ပြောနေရသည်။ စိတ်မလုံသဖြင့် လွတ်လွတ်လပ်လပ် မပျော်နိုင်ပါ။

‘သိသားနဲ့ ကိုရယ်၊ ကိုမရှိရင် ဖြူ့ဘဝက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ၊ ဖြူ့ကိုချစ်ရင် ဖြူ့အပေါ် လေးနက်မှုလေးတော့ ရှိပေးပါကွာ’

မိုးလွင်ပြင်ရင်ထဲ နင့်သွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ ဒီကောင်မလေးကို မညာချင်တော့ပါ။ ညာလည်း မညာရက်တော့ပါ။

‘အေးပါကွာ… ကိုယ်လည်း ဖြူနဲ့ဝေးမှာ အရမ်းကြောက်ပါတယ်’

‘ဘာလို့ဝေးရမှာလဲ ကိုရယ်’

‘ပြီးတော့ ဖြူမုန်းသွားမှာကိုလည်း အရမ်းကြောက်တယ်’

‘ဘာလို့မုန်းရမှာလဲ၊ တစ်သက်လုံးချစ်နေမှာ၊ ပြီးတော့… ဖြူ ကို့ကိုယုံတယ်၊ သိလား’

နောက်ဆုံးစကားကြောင့် မိုးလွင်ပြင် ဘာမှပြန်မပြောနိုင်ဘဲ ခံစားသွားရသည်။





‘ကို ဘာလို့ငြိမ်သွားတာလဲ’

မိုးလွင်ပြင် ခပ်မြူးမြူးလေသံအဖြစ်သို့ ပြင်လိုက်ပြီး…

‘သြော်… ဖြူ့ရဲ့အပြောချိုချိုညက်ညက်လေးမှာ မျောပြီး ရင်ထဲမှာ တသိမ့်သိမ့်ကြည်နူးနေတာ၊ ဖြူပေးတဲ့ သာယာချမ်းမြေ့မှုကို ရင်နဲ့ခံစားနေတာ၊ ပြောရင်းဆိုရင်းနဲ့တောင် လွမ်းလာပြီ၊ ခုချိန် အနားမှာရှိနေရင် ကောင်းမှာနော်’

‘ဘာဖြစ်လို့’

‘ရင်ခွင်ထဲမှာ ဆွဲပွေ့ထားလိုက်ချင်လို့’

‘ပြီးတော့…’

‘ဖြူ့ပါးပြင်ပေါ်က သနပ်ခါးရဲ့အနံ့ကို သုတေသနလုပ်ချင်လို့’

‘ဘာကြောင့်’

‘သြော်… မွှေးလား၊ မမွှေးလား၊ ဘယ်ဒေသထွက်လဲ သိချင်လို့’

‘လူလည်ကြီး… ဖုန်းထဲမှာတောင် ကဲချင်နေသေးတယ်’

‘သိပ်… သိပ်ချစ်လွန်းလို့ပါ ဖြူရယ်’

ပါးစပ်က ထိုသို့ထွက်သွားပေမယ့် မကြာမီ မုန်းအောင်လုပ်ရတော့မည်မို့ ဝမ်းနည်းနေခဲ့သည်။

ရှေ့ဆက်လျှင် သုံးယောက်လုံး ပို၍ ပို၍သာ ခံစားရတော့မည်မို့။

❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ကျော်ဝင်းမော်က ခေါင်းကိုဘယ်ညာယမ်းသည်။ ညီသစ်ဆုးက တွေးတွေးဆဆဖြင့် မှတ်ချက်ချသည်။

'မင်း အဲဒီလိုလုပ်ရင် အကျိုးဆက်မကောင်းမှာကတော့ သေချာတယ်နော်'

'ငါတွေးမိပါတယ်၊ ဒါပေမဲ့ မတတ်နိုင်တော့ဘူးကွာ။ ဒီလိမ်ညာနေရတဲ့အလုပ်ကြီးကိုလည်း ငါမုန်းလာပြီ၊ အားလုံးစိတ်ချမ်းသာရဖို့အတွက် ညာညာနေရတာ၊ လိမ်ရလွန်းလို့ အခု မှန်ကြည့်ရင်တောင် ငါ့ရုပ်ငါ မမြင်ရဘဲ မုန့်ကြိုးလိမ်ကြီးပဲ မြင်နေရတယ်'

'ကဲ… ဟုတ်ပါပြီ၊ ဒီကိစ္စရှင်းလင်းပြီးရင် မင်းအတွက်မျှော်လင့်စရာရှိသေးရဲ့လား'

'သေသေချာချာမျှော်လင့်စရာက ပါးဘယ်နှချက်အချခံရမလဲဆိုတာပဲ'

'ဒီရလဒ်ကို သိနေရက်နဲ့ မင်း ဘာလို့စွန့်စားမှာလဲ'

'ဟုတ်တယ်၊ ညီပြောသလို မစွန့်စားဘဲနဲ့ မျောနေလိုက်ပါလား၊ ငါတို့လည်း ဝိုင်းဖုံးပေးထားမှာပဲ'

'မဖြစ်နိုင်တော့ပါဘူးကွာ၊ သူတို့နှစ်ယောက်လုံးကို ငါသနားလာပြီ၊ ငါ့ကိုယ်ငါလည်း သနားလာပြီ၊ တကယ်တော့ မေမိုးကို ငါချစ်တာ





လား၊ ခင်တာလား မသေချာဘူးလို့ မင်းတို့ကို ငါပြောခဲ့ဖူးသားပဲ၊ ပွင့်ဖြူဖြူနဲ့တွေ့မှ အဲဒီကိစ္စက ရှင်းသွားတာ၊ ငါတကယ်ချစ်တာက ပွင့်ဖြူဖြူပါ'

'မေမိုးဘက်ကတော့ မင်းလိုမတွေးခဲ့တာ သေချာတယ်ကွ'

'မှန်ပါတယ်၊ တကယ်တော့ ငါက ညီမင်းထက်လောက်တောင် စိတ်ဓာတ်မခိုင်မာခဲ့ဘူး၊ အဲဒီညီမင်းထက်နဲ့ ခင်ပြီးတဲ့နောက်ပိုင်းမှာ မေမိုးကို ငါချစ်တာမဟုတ်ဘူးဆိုတာ ပိုသေချာသွားခဲ့တယ်၊ ဒါပေမဲ့လည်း မေမိုးရဲ့ တွယ်တာမှုတွေကို ငါလျစ်လျူမရှုရက်ခဲ့ဘူး၊ အဲဒီ ငါ့ရဲ့ပျော့ညံ့စိတ်က ခုလို ဘေးကျပ်နံကျပ်အခြေအနေတွေကို ရောက်စေခဲ့တာပဲ'

'ခုချိန်မှာ ညီမင်းထက် အောင်မြင်သွားရင်တော့ ဒီပြဿနာတွေ အားလုံးဖြေရှင်းပြီးသားဖြစ်သွားမှာနော်'

ညီသစ်ဆုးစကားကို ကျော်ဝင်းမော်ကလည်း ထောက်ခံသည်။

'ဟုတ်တယ်… မင်းဖြေရှင်းမယ့်ကိစ္စကို နည်းနည်းနောက်ဆုတ်ပြီး အချိန်ယူလိုက်ပါဦးလား'

'အချိန်မယူသင့်တော့ဘူး၊ ငါလိမ်တာကို ငါကိုယ်တိုင် စိတ်မချမ်းသာသလို ညီမင်းထက်လည်း စိတ်ဆင်းရဲမှာပဲ။ ငါတို့ဆီတောင် ဒီကောင် သိပ်မလာတော့ဘူး'

ညီသစ်ဆုးက ခေါင်းညိတ်ရင်း··

'ဟုတ်တယ်၊ မင်းရှိရင် သူမလာဘူး၊ ငါတို့နှစ်ယောက်ပဲရှိတဲ့ အချိန်ဆို ဝင်ထိုင်ဖြစ်တယ်၊ မင်းနဲ့ မေမိုးအကြောင်းပြောရင်တော့ မျက်နှာပျက်သွားရောပဲ'

'ညီမင်းထက်က ငါ့ကို အထင်ရော အမြင်ပါ လွဲနေပြီပဲ၊ ညီမင်း ငါ့ကို တစ်ခုကူညီကွာ'

'ဘာကိုလဲ'

'ဒီနေ့ မေမိုးကို ငါခေါ်သွားတာနဲ့ မင်းက ညီမင်းထက်ကို အကြောင်းစုံပြောပြလိုက်၊ အဲဒါက ဒီကောင့်အတွက် တစ်ခုခုအကျိုးထူးသွားနိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါကွာ… ငါပြောပြပေးမယ်၊ ဒါနဲ့ မင်း မေမိုးကို တကယ် ပြောတော့မှာလား'

'အေး…'

ထို 'အေး' တစ်ခွန်းက သုံးယောက်စလုံးကို ငိုင်သွားစေသည်။ အမြဲလိုလို ပေါ့ပေါ့ပါးပါးနှင့် နောက်ပြောင်ပြောလေ့ရှိသည့်မျက်နှာသုံးခု အတွက် ထူးခြားဖြစ်စဉ် အမူအရာဖြစ်နေလေသည်။

'ဟော… မေမိုးတို့လာပြီ'

'ငမိုး မင်းရဲ့မျက်နှာကြီးကို ပြင်ထားဦး၊ မင်းက သိပ်သိသာ နေတယ်'

'အေးပါ… ငါပြုံးထားမှာပါ၊ မင်းတို့လည်း ပြုံးထားကြဦး'

'ငါတို့က ကိစ္စမရှိဘူး၊ အမြဲတမ်းပြုံးနေလို့ရတယ်၊ မင်းက ဒီညနေ လောက်ဆိုရင်ပဲ ပြုံးနိုင်တော့မှာ မဟုတ်ဘူး'

'ဘာလို့လဲ'

'ဟ… ပါးနှစ်ဖက်စလုံးရောင်နေမှတော့ ဘယ်လိုလုပ်ပြုံးနိုင် မှာလဲ'

သုံးယောက်သား ရယ်လိုက်ကြသည်။

ထိုအချိန်မှာပဲ ကောင်မလေးသုံးယောက် အပြုံးလေးတွေကိုယ်စီ နှင့် သူတို့အနားသို့ ရောက်လာကြသည်။

❐

မိုးလွင်ပြင်က ပြောစရာရှိလို့ဆိုပြီး ဒီဆိုင်လေးထဲခေါ်လာသဖြင့် အတွေးများဝေ့ကာ မေမိုးသူမျက်နှာလေးမှာ ရှက်ဝဲဝဲလေးဖြစ်နေသည်။ သူ ဘာပြောမည်ဆိုသည်ကို မေမိုး ရိပ်မိသလိုလိုရှိနေသည်။ ဒီဆိုင်လေး က လူရှင်းပြီး အေးချမ်းသည်။ ဆိုင်ထဲတွင် ထိုင်နေကြသူများမှာ စုံတွဲ များသာ များသည်။ ချစ်သူများအကြိုက်များသည့် ဆိုင်လေးဖြစ်သည်။





မိုးလွင်ပြင်က မျက်လွှာလေးချပြီး ရှက်နေသည့် မေမိုးသူကို ကြည့်ရင်း သက်ပြင်းချလိုက်သည်။ လူရှင်းသည့်နေရာတွင်ဆိုလျှင် စိတ်ရှိ လက်ရှိပေါက်ကွဲပြီး အချက်ရေပိုမည်ဖြစ်သဖြင့် လူများသည့် ဒီဆိုင်သို့ ခေါ်လာခြင်းဖြစ်သည်။ မေမိုးသူက အေးတိအေးစက်ဖြစ်နေသည့် မိုးလွင် ပြင်ကို စိတ်မရှည်ဖြစ်လာပြီး…

'ကိုမိုး… ပြောစရာရှိတယ်ဆို'

'အင်း… ရှိတယ်၊ မေမိုး စိတ်ဆိုးဖို့ မျှော်လင့်ပါတယ်'

'ဘာလို့ဆိုးရမှာလဲလို့၊ မဆိုးပါဘူးနော်'

မေမိုးရဲ့ လေသံနွဲ့နွဲ့လေးကို နားထောင်ပြီး မိုးလွင်ပြင် သက် ပြင်းချလိုက်သည်။

'မေမိုး စိတ်ကိုလျှော့ထားပြီး နားထောင်နော်'

'အင်းပါ'

'တကယ်တော့ ငါ့မှာ ချစ်သူရှိနေတယ် မေမိုး'

'ရှင်…'

'ဟုတ်တယ်… ငါ့ချစ်သူက မင်းရဲ့အစ်မ ပွင့်ဖြူဖြူပါ'

'ဘာ…'

ပထမ အံ့သြသွားပြီးနောက် ဒုတိယစကားကြောင့် မျက်လုံးလေး ပြူးလာကာ မေမိုးမျက်နှာလေး ဒေါသကြောင့် နီရဲတက်လာသည်။ နှုတ် ခမ်းကို ကိုက်ထားရင်းက တဖြည်းဖြည်း အသားတဆတ်ဆတ်တုန်လာ သည်။

'ရှင် အစကတည်းက ဘာလို့မပြောခဲ့တာလဲ၊ အခု လူတွေက ကျွန်မကို ဘယ်လိုမြင်မလဲ၊ ရှင်… ရှင် လူယုတ်မာပဲ'

မေမိုးသူ၏ စကားသံက အေးစက်တိုးတိတ်စွာ ထွက်ပေါ်လာ သည်။ တိုးတိတ်သော်လည်း စူးရှသည်။ သူမမျက်ဝန်းအစုံမှ မျက်ရည်များ လည်း အတောမသတ်ကျလာသည်။ မေမိုးက အံကြိတ်ပြီး မျက်ရည်တွေ ကို ခပ်ကြမ်းကြမ်းပွတ်သုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်နဲ့ မဖြူတို့ နှစ်ယောက်ပေါင်းပြီး ကျွန်မကို ပိုင်းလိမ်ကြတာပေါ့၊ အရူးလုပ်ကြတာပေါ့'

မိုးလွင်ပြင်ကို နာနာကြည်းကြည်းစိုက်ကြည့်ရင်း ဆက်ပြောသည်။

'ကျွန်မ နာကျင်ခံစားရသလို ကျွန်မမျက်ရည်ကျရသလို ရှင်တို့နှစ်ယောက်စလုံး ပြန်ခံစားစေရမယ်'

ထိုစကားကိုကြားမှ မိုးလွင်ပြင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'ဒီကိစ္စအတွက် ဖြူ့မှာ အပြစ်မရှိပါဘူးကွာ၊ မင်းနဲ့ ငါ့ရဲ့ပတ်သက်မှုကို သူမသိအောင် ငါဖုံးကွယ်ထားခဲ့တယ်၊ သူ ဘာမှမသိပါဘူး၊ သူ့ကို ဘာပြဿနာမှမရှာပါနဲ့ကွာ၊ ငါတောင်းပန်ပါတယ်'

'အို... မသိဘူး၊ မသိဘူး... မရဘူး... သူလည်းကြုံရာပါပဲ'

'မဟုတ်ပါဘူးဆိုကွာ... ဒီမှာ... ငါပြောပြမယ်၊ တကယ်တော့ မင်းတို့ ညီအစ်မနှစ်ယောက်စလုံး ငါ့ရဲ့ ကစားကွက်ထဲမှာ မိပြီး မိန်းမောသာယာသွားခဲ့ကြတာကွ၊ အဲဒါ မင်းတစ်ယောက်တည်းမဟုတ်ဘူး၊ မင်းတို့ညီအစ်မနှစ်ယောက်စလုံး ရှင်းပြီလား'

ချစ်ရသူ ဖြူ့ကို ကာကွယ်လိုဇောနှင့် မပြောသင့် မပြောအပ်သည့် စကားကြမ်းများ မိုးလွင်ပြင်ပါးစပ်မှ ခုန်ထွက်သွားခဲ့သည်။

မေမိုးသူ၏ မျက်ဝန်းအစုံ ပြူးကျယ်ဝိုင်းစက်သွားခဲ့ပြီး...

'ရှင်ဟာ တကယ့်လူယုတ်မာအစစ်ပဲ၊ ရှင့်လိုလူမျိုးက ကျွန်မအစ်မနဲ့လည်း မတန်ဘူး'

ထို့နောက် မိုးလွင်ပြင်မျက်နှာကို စေ့စေ့ကြည့်ကာ အံကြိတ်သံနှင့် ဆက်ပြောသည်။

'ရှင့်ရဲ့ ကစားကွက်က သိပ်ကိုပြောင်မြောက်ပါပေတယ်၊ ဒါကြောင့် ဂုဏ်ပြုပေးရမှာပေါ့၊ ကဲ...'

'ဖြန်း...'

လက်ဝါးရိုက်ချက်က ပြင်းသလို အသံလည်း ကျယ်သည်။ ထို့အတူ မိုးလွင်ပြင်မျက်နှာလည်း တစ်ဖက်သို့လည်သွားသည်။





မျက်နှာမာမာနှင့် ကျောခိုင်းထွက်ခွာသွားသည့် မေမိုးသူကို ကြည့်ရင်း မိုးလွင်ပြင် ပြုံးလိုက်သည်။ ပါးကိုပွတ်ရင်း ချစ်သူကို ကာကွယ်လိုက်နိုင်ပြီဟု တွေးလိုက်သည်။ ပတ်ဝန်းကျင်က ဝေဖန်သံများကို မကြားယောင်ဆောင်ပြီး မိုးလွင်ပြင် ဆက်ထိုင်နေလိုက်သည်။

ပြီးတော့ နောက်ထပ်ရောက်လာဖွယ်ရှိသည့် ကံဆိုးမှုတစ်ခုကို စောင့်မျှော်နေလိုက်သည်။

ထုံးစံအတိုင်း ဝရန်တာတွင် တစ်ယောက်တည်းထွက်ထိုင်ရင်း ပွင့်ဖြူဖြူ စိတ်ကူးယဉ်နေသည်။ မျက်နှာလေးကလည်း ပြုံးနေသည်။ စိတ်ကူးထဲတွင် သူမက ဇဝဖြစ်ပြီး အာဒမ်ကတော့ မိုးလွင်ပြင်လေ။

သူမက ပန်းပွင့်လေးများစီခြယ်ထားသည့် ပန်းသရဖူကို ခေါင်းတွင်ဆောင်းထားပြီး နွယ်ကြိုးဒန်းလေးကို စီးနေသည်။ အာဒမ်မိုးလွင်ပြင်က ဒန်းကိုလွှဲပေးလျက် သူမက သူ့မျက်နှာကို ပြုံးပြုံးလေးငေးလျက်။

ကြည်နူးနေစဉ်မှာ သူမတို့နှစ်ယောက်ကြားသို့ ပန်းသီးလေးတစ်လုံး ပြုတ်ကျလာသည်။ အာဒမ်က ပန်းသီးလေးကိုကောက်လိုက်ပြီး စားရန်ပြင်သည်။ သို့သော် ပန်းသီးတွင် ဖုန်တွေပေနေသဖြင့် ပန်းသီးကို တော်ရိရော်ရိသုတ်လိုက်ပြီး ချစ်သူဇဝကို ဦးစားပေးသည့်သဘောနှင့် အရင်စားရန် ကမ်းပေးသည်။ ဇဝပွင့်ဖြူဖြူက ကြည်နူးပြုံးလေးနှင့် လှမ်းယူသည်။ ဒါပေမဲ့ ဒန်းက လွှဲနေသဖြင့် မမီမကမ်းလှမ်းဆွဲလိုက်ရာ ပန်းသီးကို မမိဘဲ ဇဝ ဒန်းပေါ်မှပြုတ်ကျသည်။ အကျမတော်သည့်အတွက် ဇဝမဲ့သွားတော့သည်။

ထိုအချိန်တွင် သူမ ဟင်းနိဖုန်းမှ ဖုန်းခေါ်သံမြည်လာသည်။

'ဟဲလို...'

'မဖြူ ညာတယ်၊ အကြီးဖြစ်ပြီး အကျင့်မကောင်းဘူး၊ ညီမလေးကိုလည်း မငဲ့ညှာဘူး၊ မဖြူကို မုန်းတယ်၊ ကိုမိုးကိုလည်း မုန်းတယ်'

ငိုယိုရင်းပြောနေသည့် မေမိုးအသံကို ကြားရသဖြင့် ပွင့်ဖြူဖြူ မျက်လုံးပြူးပြီး ခေါသပါထွက်သွားသည်။ နန်းစတော့ ပြောစရာသမျှ ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



မေမိုးသူ ဖုန်းချသွားသည်။ စကားက တိုသော်လည်း ပွင့်ဖြူဖြူ သဘော ပေါက်သွားပြီဖြစ်သည်။

'သြော်… သင်းက ငါ့ကို လိမ်ထားတယ်ပေါ့လေ၊ တွေ့မယ်'

တင်းပြီး မိုးလွင်ပြင်ထံ ဖုန်းခေါ်ရန်ပြင်စဉ်မှာပင် သူမဖုန်းက ခေါ်သံထပ်ပေါ်လာသည်။ သူမ စထူးလိုက်သည်နှင့်…

'ညီအစ်မချင်းမို့ မဖြူကို ပြောရဦးမယ်၊ ကိုမိုးက ညီမနဲ့ တွဲသွား တွဲလာလုပ်နေတာ နေ့တိုင်းလိုလိုပဲ၊ မဖြူကိုချစ်တယ်ဆိုတာ လိမ်တာလို့ မှတ်လိုက်၊ သူ ညီမကိုလည်း လိမ်ထားတယ်'

'ဟုတ်လို့လားဟယ်'

'ဟုတ်ပါတယ်ဆို၊ သူကိုယ်တိုင် ဝန်ခံတာ၊ ဒေါသထွက်လို့ ညီမ တော့ သူ့ကို ပါးတစ်ချက်ချလိုက်တယ်'

'ဟင်… သူနာမှာပေါ့၊ အဲ… တစ်ချက်ဆို နည်းလိုက်တာ၊ အခု သူဘယ်မှာလဲ'

'ဆုံစည်းရာမှာ သူရှိနေသေးတယ်'

'တွေ့မယ်… ငါတို့ညီအစ်မကို လိမ်ထားတဲ့အကောင်… အပြတ် ရှင်းရမယ်'

ပွင့်ဖြူဖြူ ဒေါသကို မေမိုးက အရောင်ထပ်တင်ပေးပြန်သည်။

'မဖြူနဲ့ ရည်းစားမဖြစ်ခင်ကတည်းက ညီမကို ချစ်တယ်လို့ သူပြောပြီးသား၊ မဖြူကို သက်သက်ကလည်ပြီး အရူးကွက်နင်းသွားတာ၊ မဖြူ အညာမိတာ'

'စိတ်ချ… မှတ်လောက်သားလောက်အောင် မမဆုံးမခဲ့မယ်၊ ညီမလေး တစ်ချက်ဆို မမနှစ်ချက်ပဲ'

'အားပေးတယ်'

မေမိုး ဖုန်းချသွားသည့်အချိန်တွင် ပွင့်ဖြူဖြူ၏ စိတ်ကူးယဉ်ကမ္ဘာ ထဲမှ အာဒမ်နှင့် ဧဝလည်း မှန်ကိုင်းနောက်ပါသွားတော့သည်။ မျက်ရည် စက်လက် ကြေကွဲမနေတော့ဘဲ ကျလာသည့်မျက်ရည်ကို လက်ခုံနှင့်သုတ် ရင်း မိုးလွင်ပြင်ထံ ဖုန်းခေါ်လိုက်သည်။





မိုးလွင်ပြင်၏ ဟဲလိုသံက ဖျော့တော့နေသည်။

'နင် ငါ့ကိုလိမ်ခဲ့တယ်၊ ညာခဲ့တယ်၊ အချဉ်ဖမ်းခဲ့တယ်၊ အရူး ကွက်နင်းပြီး ကစားခဲ့တယ်၊ ငါ့ရဲ့ ဖြူစင်တဲ့အချစ်ကို အရောင်ဆိုးခဲ့တယ်၊ နင် လူယုတ်မာ၊ နင် အခုရှိနေတဲ့နေရာက စောင့်နေ၊ ငါလာခဲ့မယ်၊ နင်နဲ့ ငါ အပြတ်ရှင်းရမယ်'

'ကောင်းပါပြီ… စောင့်နေပါ့မယ်'

ဖုန်းပိတ်ပြီး ပွင့်ဖြူဖြူ အိမ်ပေါ်မှပြေးဆင်းလိုက်သည်။

'ဟဲ့… သမီး… ဘယ်လဲ'

'ခဏလေး မေမေ၊ အရေးကြီးလို့'

မအေဖြစ်သူကို ဂရုမစိုက်အားဘဲ ကားပေါ်တက်လိုက်သည်။ ဒရိုင်ဘာဦးလေးကြီးကလည်း ဘာမှမမေးဘဲ ကားကိုမောင်းထွက်သည်။

ကားပေါ်တွင် ထိုင်နေရင်း အတွေးထဲတွင် မိုးလွင်ပြင်ကို ပယ် ပယ်နယ်နယ်တီးနေသည်။ အံ့သြလွန်း၍လား၊ နာလွန်း၍လား မသိ။ မျက်ရည်များပြည့်လျှံနေသည့် မျက်ဝန်းများနှင့် မိုးလွင်ပြင်က သူမကို ပြန်ကြည့်နေသည်။ တောင်းပန်နေဟန်လည်း ပါနေသည်။ ပွင့်ဖြူဖြူ တစ်ယောက် မျက်နှာလေးမဲ့လိုက်၊ အံကြိတ်လိုက်၊ တက်ခေါက်လိုက်နှင့် တစ်ကိုယ်တည်း အတွေးနှင့် ပေါက်ကွဲနေသည်။ တဖြည်းဖြည်းပြန်စဉ်းစား ကြည့်ပြန်တော့လည်း တော်တော်နာသွားရှာမှာကို တွေးမိပြီး သနားသွား ပြန်သည်။ တစ်ခါ… ချစ်ရသူကို ပြတ်စဲရတော့မည်မို့ မခံစားနိုင်ဘဲ ကိုယ့်ကိုယ်ကိုယ်လည်း သနားလာပြန်သည်။

'တူမကြီး… ဘယ်… ဘယ်ကို…'

'ဦးလေးကြီးကလည်း… ဆုံစည်းရာကိုသွားမှာ၊ အဲဒါတောင် မသိဘူးလား'

' သူလည်း ဘာမှမပြောသေးဘဲနဲ့ ငိုပဲငိုနေပြီးဟုသာ ဦးလေးကြီး ရင်ထဲမှာပဲ ပြောလိုက်သည်။

ဆိုင်ရှေ့တွင် ကားရပ်ရပ်ချင်း ပွင့်ဖြူဖြူ လက်သီးလေးတွေဆုပ်



www.burmeseclassic.com

www.burmeseclassic.com


ပြီး ကားပေါ်မှဆင်းသည်။ ဆိုင်ထဲအရောက်တွင် လူများဝိုင်းကြည့်နေကြသဖြင့် အနည်းငယ်တွန့်သွားသေးသည်။ အားအားယားယားစပ်စုနေကြတဲ့ လူတွေဟုတွေးကာ မျက်နှာငယ်လေးနှင့် ရပ်စောင့်နေသည့် မိုးလွင်ပြင်ထံသို့ လျှောက်သွားသည်။

မိုးလွင်ပြင်မျက်နှာက လူလိမ်တစ်ယောက်ဟု ထင်ရက်စရာ လုံးဝမရှိပါ။ ပွင့်ဖြူဖြူ မြတ်မြတ်နီးနီးနှင့် မိုးလွင်ပြင်မျက်နှာကို ငေးကြည့်နေရာမှ ကားပေါ်တွင် မွေးယူလာခဲ့သည့် ဒေါသများ လုံးဝပျောက်ကွယ်ကုန်သည်။ ဘယ်ပြန်ညာပြန်တီးရန် စိတ်ကူးလည်း မရှိတော့။

'နင်… ငါ့ကိုလိမ်တယ်'

ပြောပြီး မိုးလွင်ပြင်ထံမှ ဖြေရှင်းချက်တစ်ခုတလေ ထွက်လာလေမလား မျှော်လင့်သည်။ ဒါပေမဲ့ မိုးလွင်ပြင်က ဘာမှဖြေရှင်းမပေးဘဲ သူမမျက်နှာကိုသာ ငေးကြည့်နေသည်။ ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလိုက်ခြင်းပင်။ ထို့ကြောင့်…

'ဖြန်း…'

ရိုက်ပြီးပြီးချင်း ဝမ်းနည်းစိတ်ကို ထိန်းမရတော့သဖြင့် သူမ ငိုပြီး ဆိုင်ထဲမှပြေးထွက်သွားသည်။

'အိမ်ပြန်မယ် ဦးလေး'

ကားထဲရောက်မှ အူလှိုက်သည်းလှိုက်ရှိုက်၍ရှိုက်၍ ငိုတော့သည်။

□



## အခန်း (၁၅)

ဆိုင်ထဲသို့ ညီသစ်ဆူးနှင့် ကျော်ဝင်းမော်တို့ ရောက်ရှိသွားချိန်တွင် မပီမပြင်အပြုံးနှင့် စောင့်ကြိုနေသည့် မိုးလွင်ပြင်ကို တွေ့လိုက်ရသည်။ အခြေအနေမဆိုးလောက်ဟု တွေးမိသဖြင့်…

'အခြေအနေဘယ်လိုလဲ'

ရောင်ကိုင်းနေသည့် ပါးတစ်ဖက်ခြမ်းကို လှည့်ပြရင်း…

'ဒီမှာလေ… မင်းတို့မျှော်လင့်တဲ့အတိုင်းပဲ'

'ဒီညီအစ်မကွာ… ရိုက်တာတောင် တစ်တက်တည်းကိုပဲ အတူတူနော်'

'အေးကွ… သူတို့အကြိုက်က ဒီနေရာမှာလည်း တူကြတယ်'

'မိုးလွင်ပြင်က အကြောပြောင်နေကြသည့်နှစ်ယောက်ကို ဂရုမစိုက်ဘဲ…

'ဒါပေမဲ့… အခြေအနေကောင်းပါတယ်ကွ'

'ဟော…'

'ဒီလောက်ရောင်ကိုင်းနေအောင် အတီးခံရတာတောင် အခြေအနေကောင်းတယ်၊ ဟုတ်လား… မင်းဂေါက်သွားပြီလား ငမိုး'

ညီသစ်ဆူးက ရှုံ့မဲ့ကာ ပြောသော်လည်း…



www.burmeseclassic.com

www.burmeseclassic.com



'ငါခံစားပြီးသိနေတယ်ကွ၊ မေမိုး ငါ့ကို ရိုက်သွားတာ တကယ် စိတ်နာသွားလို့၊ ဒါပေမဲ့ ငါ့ချစ်သူလေးရိုက်သွားတာကတော့ အမုန်းမပါဘဲ ချစ်လို့ရိုက်သွားတာ'

'အေး... ဒါဆိုလည်း မနာနဲ့လေ၊ ချစ်လို့ရိုက်တာ မနာနဲ့'

'အေးလေ... ခုချိန်ထိ လေကမလျှော့ဘူး'

ဝိုင်းနိုပ်ကွပ်ပေမယ့်လည်း မနာဘဲပြုံးနေသည်။

'ညီ... မင်းညီမင်းထက်ကို ပြောပြီးပြီလား'

'အေး... သူလည်း ပြန်တောင်းပန်ရှာပါတယ်၊ မင်းက မေမိုး ဘေးက မခွာလို့ သူက ကြိုကာလိုက်ရတာပါတဲ့၊ ခုလောက်ဆိုရင် ဒီကောင် မေမိုးသူ ဘေးကို ရောက်နေလောက်ပြီ'

'ဪ... ဒီလိုကိုး၊ ဒီကောင်လည်း လည်တာပဲကွ'

'မှတ်ထား... ကိုယ့်ထက်ငယ်ရင် ကိုယ့်ထက်လည်တယ်'

သုံးယောက်သား ပြုံးလိုက်ကြသည်။ ကျော်ဝင်းမော်က တွေးတွေး ဆဆပြောသည်။

'မင်း ဒီလိုအကွက်ရွှေ့လိုက်ရုံနဲ့ ညီမင်းထက်အတွက် အခြေအနေ ကောင်းနိုင်ပါ့မလား'

'ကောင်းနိုင်ပါတယ်၊ မေမိုးရင်ထဲမှာ ဒီကောင့်အတွက် တစ်နေရာ ရှိမှာပါ၊ ငါသာမပေါ်လာခဲ့ရင် သူတို့ အစောကြီးကတည်းက အဆင်ပြေ ပြီးလောက်ပြီ'

'နေပါဦး... ငမိုး၊ မင်းကောင်မလေးကိုရော မင်းမျှော်လင့်နိုင် သေးရဲ့လား'

'ငါပြောခဲ့ပြီးပြီလေ၊ ချစ်လို့ရိုက်တာပါဆို'

'ဒါဆို...'

'အေး... လေး ငါးရက်လောက်နေမှ ငါဖုန်းဆက်လိုက်မယ်'

'ဟုတ်တယ်ကွ... အခုနေဆက်ရင် မင်းကို နောက်တစ်ခါ လာ တီးချင် တီးနေမှာ'





သုံးယောက်သား ပေါ့ပေါ့ပါးပါးရယ်လိုက်ကြသည်။ ပြီးမှ မိုး လွင်ပြင်က...

'ညီမင်းထက် အဆင်ပြေပါစေကွာ'

□

တစ်ယောက်တည်းထိုင်မှိုင်နေသည့် မေမိုးသူနံဘေးသို့ ညီမင်း ထက် ရောက်လာသည်။ ရောက်လာသည်ကို သိသော်လည်း မေမိုးသူ လှည့်မကြည့်ပါ။

'မေမိုး'

သြောင်နာနာခေါ်သံကြားမှ မေမိုးသူ သက်ပြင်းချသည်။

'ညီမင်း... နင် ငါ့ကို စိတ်မနာဘူးလား'

'နင်နဲ့ပတ်သက်တဲ့ ငါ့ရဲ့အချစ်စိတ်မှာ စိတ်နာတယ်ဆိုတဲ့အကန့် လုံးဝမပါဘူး မေမိုး၊ အနစ်နာခံမယ်ဆိုတာပဲပါတယ်'

'ဖြစ်မှဖြစ်ရလေ'

'နေပါဦး... ငါက ဘာအတွက် စိတ်နာရမှာလဲ'

'ဪ... ငါ တခြားတစ်ယောက်နဲ့ တွဲနေတာတောင် နင်က တန်ဖိုးထားနေသေးလို့လေ'

'ဒါလား... နင့်ကိုပြောရဦးမယ်၊ တကယ်တော့ ကိုမိုးလွင်ပြင်က နင့်ကို မနှစ်ကတည်းက ရည်းစားစကားပြောဖို့ ပြင်နေတာ၊ ငါခံစားချက် ကို ကြိုပြောလိုက်လို့ သူရှောင်ပေးသွားတာ'

'ဘာ'

မေမိုးသူ အသံမာသွားပြီး မျက်လုံးပြူးလေးနှင့် လှည့်ကြည့် သည်။

'ဘာလဲ... နင်အံ့ဩသွားလား၊ ဟုတ်တယ်... စာမေးပွဲဖြေကာ နီးမှာ ငါက သူတို့အုပ်စုကို တမင်ဝင်ရောပြီး ကြိုပိတ်လိုက်တာ၊ ကိုမိုး လွင်ပြင် သနားပါတယ်၊ ငါ့အတွက် တမင်ရှောင်ပေးလိုက်တာလေ



www.burmeseclassic.com

www.burmeseclassic.com



'နင် ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ'

'ဟ… သူများနောက်မပါအောင် ကာကွယ်တာလေ၊ တရားတာ မတရားတာ ငါနားမလည်ဘူး၊ ငါသိတာ နင့်ကို ချစ်တယ်ဆိုတာပဲ'

မေမိုးသူ ပြုံးလိုက်မိသည်။

'ငါလေ… ခုမှပဲ နင့်အကြောင်းကို ပြည့်ပြည့်စုံစုံသိရတော့တယ်၊ နင်က… အကျင့်မကောင်းဘူး'

ညီမင်းထက်မျက်နှာလေး ငယ်သွားပြီး…

'ငါက နင်နဲ့ပတ်သက်လာလို့သာ အကျင့်ယုတ်လိုက်ရတာပါဟယ်၊ ကျန်တဲ့ကိစ္စဆို အကျင့်ကောင်းပါတယ်'

'ကဲပါ… ငါ ဒီတစ်ခါစဉ်းစားရင် နင့်ကို ထိပ်ဆုံးကထားပေးပါ့မယ်'

'အဟီး… တကယ်…'

ညီမင်းထက်မျက်နှာကြီး ဖြီးသွားတော့မှ…

'ဟုတ်တယ်… ထရိတ်ဒါးဟိုတယ်ထိပ်ဆုံးထပ်မှာထားပြီးမှ တွန်းချမှာ'

မျက်နှာမဲ့ကျသွားပေမယ့်လည်း မလျှော့သေးဘဲ ဆက်ပြောသည်။

'ဘယ်လိုပဲဖြစ်ဖြစ် ငါက နင့်ဘေးမှာ အမြဲတမ်းရှိချင်တာပါ'

'ကောင်းတယ်… ခုဆို ငါလည်း တစ်ယောက်တည်းဖြစ်နေတာ'

'တကယ်…'

'တကယ်ပေါ့… လောလောဆယ် ငါ့ကို ဖုန်းခဏငှားစမ်းပါ'

ညီမင်းထက်က အိတ်ထဲမှဟင်းနဖုန်းကို အမြန်နှုန်းနှင့် ထုတ်ပေးရင်း…

'ဘယ်သူ့ဆီလဲ'





'နင်ပြောတဲ့ ဆံပင်ရှည်ရှည်၊ မျက်ခုံးမျက်လုံးလှလှနဲ့ မမဆီကိုလေ'

❐

အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း စားပွဲပေါ်တင်ထားသည့် ဟင်းနဖုန်းလေးကို ကြည့်နေသည်။ ဆက်ရကောင်းမလား၊ မဆက်သေးဘဲနေရင်ကောင်းမလား စဉ်းစားမရဖြစ်နေသည်။ တွက်ကြည့်တော့လည်း ရက်က သိပ်မကြာသေး။ သို့သော်လည်း ဖုန်းဆက်ချင်သည့်စိတ်ကို မျိုသိပ်ရသည်မှာ သည်းမခံနိုင်လောက်အောင် ဖြစ်နေသည်။

ထို့ကြောင့် အခန်းအစအဆုံးကို လမ်းလျှောက်ရင်း ခြေတစ်လှမ်းစီအတွက် ဆက်မယ်၊ မဆက်ဘူး စသည်ဖြင့် စိတ်ထဲမှရေရွတ်မိသည်။ ပထမအခေါက်တွင် ဆက်မယ်ဟု အဖြေထွက်သည်။ သိပ်မသေချာသေးသဖြင့် ဒုတိယတစ်ခေါက် ထပ်စမ်းသပ်ရာ မဆက်ဘူးဖြစ်သွားပြန်သည်။ ထို့ကြောင့် ဒီနည်းကိုလည်း စိတ်လျှော့လိုက်သည်။

ခုချိန်တွင် သူ့ချစ်သူက သူ့ဖုန်းကို စောင့်နေမလား၊ သို့မဟုတ် လူကိုစောင့်နေမလား၊ လူကိုစောင့်နေသည်ဆိုလျှင်တော့ ထပ်တီးဖို့ဖြစ်နိုင်သည်ဟု ထည့်တွေးရသည်။

ဘာပဲဖြစ်ဖြစ် ပွင့်ဖြူထံမှ သူ့ကို မုန်းတယ်ဟုပြောသံကို လုံးဝမကြားရသေး။ ဒါဆို မုန်းသူမဟုတ်၊ မုန်းသူမဟုတ်မှတော့ ချစ်သူပေါ့။ ချစ်သူထံကို ချစ်ရသူက ဖုန်းဆက်ခြင်းမှာ ဘာမှရှေ့ မရှိနိုင်။ အတွေးဖြင့် အူမြူးပြီး မိုးလွင်ပြင် ဖုန်းခေါ်လိုက်သည်။

တစ်ဖက်မှ ဖုန်းကိုင်ပေမယ့် မည်သည့်အသံမှ ထွက်မလာပါ။

မိုးလွင်ပြင်က အသံကို အချိုဆုံးဖြစ်အောင် ကြိုးစားပြီး…

'ဟဲလို… ဖြူလား၊ ဘာလို့တိတ်နေတာလဲဟင်… ကိုကို စိတ်ဆိုးတဲ့အကြောင်းဖြစ်ဖြစ်၊ ရန်တွေ့တဲ့စကားဖြစ်ဖြစ် ပြောပါဦးလား'



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ အသံက တိတ်နေမြဲပင်။

'ကိုလေ ဖြူ့တစ်ယောက်ကိုပဲ ချစ်ခဲ့တာပါကွာ၊ ဒီစကား တခြား ဘယ်သူ့ကိုမှလည်း မပြောခဲ့ဖူးပါဘူး၊ ယုံပါကွာ'

တစ်ဖက်က တိတ်ဆိတ်ခြင်းဖြင့်သာ တုံ့ပြန်သည်။

'အမြင်ကတ်စရာ သိပ်ကောင်းတာပဲလို့ပြောရင်လည်း ဖြစ်ပါ တယ်ကွာ'

'စိတ်ဆိုးတယ်… စိတ်ဆိုးတယ်… ရှင့်ကို အရမ်းစိတ်ဆိုးနေ တယ်၊ သိပြီလား'

'အဟား… ဝမ်းသာလိုက်တာ၊ စကားပြန်ပြောတယ်ဟ'

ပွင့်ဖြူဖြူ လေသံလေးက ချိုနွဲ့နေသည့်အပြင် ရယ်သံလေး မသိ မသာစွက်နေသဖြင့် မိုးလွင်ပြင် ပျော်သွားသည်။

'ပျော်မနေနဲ့၊ ဒီမှာ စိတ်တိုနေတာနော်၊ ဖုန်းဆက်မလားလို့ ဒီမှာ နေ့တိုင်းမျှော်နေရတာ စိတ်မရှည်နိုင်အောင်ဖြစ်နေပြီ။ ဟွန်း… တကယ်ပဲ… အမြင်ကိုကတ်တယ်'

ခုမှ မိုးလွင်ပြင် တဟဲဟဲရယ်နိုင်တော့သည်။

'ဖြူလေးကလည်းကွာ… ချက်ချင်းကြီး ဘယ်သူက ဖုန်းဆက် ရဲမှာလဲလို့၊ တော်သေးတာပေါ့၊ ဖြူ ကိုယ့်ကိုမမုန်းလို့'

'ချစ်လို့ရိုက်တာ… ဆို'

'ဟင်း… ဒီစကား ဘယ်သူ့ဆီက ပေါက်ကြားတာလဲ'

'ခစ်… ခစ်… ခစ်… ဘာပဲဖြစ်ဖြစ် အဲဒါအမှန်ပဲလေ'

'ချစ်လို့ရိုက်တာ… ဒါ… ဒါဆို… ခုထိချစ်နေဆဲပဲပေါ့၊ အဟား…'

'ဟိုးထား… ဆရာကြီး… အရင်တစ်ခါလို ကျွမ်းမထိုးလိုက်နဲ့ဦး၊ ထိပ်ပေါက် လက်ကျိုးဖြစ်ရင် ဆေးရုံမပို့ပေးနိုင်သေးဘူး'

'မထိုးပါဘူး ဖြူရဲ့၊ ဒါပေမဲ့ အရမ်း… အရမ်းတော့ ပျော် သွားပြီ'





ပွင့်ဖြူဖြူက ရယ်ရှိန်ကို ရပ်ရင်း…

'ကိုရယ်… ဖြူ့ဘဝမှာ ကို့တစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာပါ၊ ဒီတစ်ယောက်တည်းကိုပဲ တစ်ဘဝစာချစ်မှာပါ၊ လွယ်လွယ်နဲ့မုန်းလို့ ရပါ တော့မလားကွယ်'

မိုးလွင်ပြင် ရင်ထဲ လှိုက်ခနဲဖြစ်သွားသည်။

'ဖြူရယ်'

သို့သော်လည်း…

'အစကတော့ ကို့ကိုမမုန်းဘူး၊ အခုနောက်ကျပြီးမှဖုန်းဆက်လို့ မုန်းတယ်၊ စိတ်ဆိုးတယ်… ဒါပဲ'

'ဟာ… ဟာ… နေပါဦး ဖြူရာ၊ ဖုန်းမချပါနဲ့ဦး… ဖြူ့အသံ လေးမကြားရတာကြာလို့ထင်တယ် နားထဲမှာ ချိုနေတာပဲ၊ တကယ်… အဟုတ်ပြောတာပါ… ထပ်နားထောင်ချင်သေးလို့ပါ'

'သွားပါ… အပိုတွေလာပြောမနေနဲ့'

ပတ်ချွဲနှပ်ချွဲအသံလေးကြောင့် မိုးလွင်ပြင် အသည်းကို ယားကျိ ကျိဖြစ်သွားစေပြန်သည်။

'ဒါနဲ့… ဖြူ အားလုံးကို အမှန်အတိုင်းသိသွားပြီပေါ့'

'အင်း… မေမိုးပြောပြတာ'

'မေမိုးနဲ့ ညီမင်းထက်ကို့လည်း အဆင်ပြေသွားကြပြီပေါ့'

'ဟုတ်တယ်… သူတို့ ချစ်သူတွေဖြစ်သွားကြပြီ၊ ပြီးတော့ မေမိုး က ဖြူ့ကို တိုးတိုးလေးပြောသွားသေးတယ်'

'ဘာပြောသွားလို့လဲ'

သူ့ကို ချောက်တွန်းလေမလားလို့တွေးကာ မိုးလွင်ပြင် မျက်လုံး ပြူးသွားသည်။ ဒီညီအစ်မ၏ လက်စလက်နကိုလည်း ခံစားဖူးသည့်လေ။

'ဘာမှတော့ ထူးထူးထွေထွေမဟုတ်ပါဘူး၊ ကိုမိုးက မလည်တဲ့ လူရှုပ်… မလည်ရှုပ်တဲ့၊ သူ့မှာ ဝက်ဖဲလေးတွေရှိတယ်၊ မဖြူ သတိ ထားတဲ့'



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဆို ဖြူက ပြန်ပြောလိုက်ပါလား၊ တို့ညီအစ်မမှာလည်း ဖှက်ဖဲလေးတွေကိုယ်စီရှိခဲ့ကြတယ်လေလို့'

'အံမယ်... မပြောပါဘူး၊ ပြောစရာလား'

'ဒါဆို...'

'သြော်... သူ့ဖှက်ဖဲတွေ ထပ်သုံးမှာမဟုတ်တော့ပါဘူး၊ မမရဲ့ လက်စလက်နကို သူသိပါတယ်...လို့ပဲ ပြောလိုက်တယ်'

ပြောရင်း ပွင့်ဖြူဖြူ တခစ်ခစ်ရယ်နေသည်။

မိုးလွင်ပြင်ကတော့ သူ့ရဲ့ဘယ်ဘက်ပါးကို ယောင်ယမ်းစမ်းလိုက်မိသည်။

ချစ်မျှားရှင်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

ဝှက်ဖဲလေးတွေကိုယ်စီကိုယ်စီ




www.burmeseclassic.com